# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၂ရက် ကြာသပတေးနေ့။ Thursday, 13 April 2017 (၈၈၉၅)


## စိုးရိမ်ကြောင့်ကြမှုမရှိ

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)




# နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် ဘဝသစ်စတင်နိုင်ရန် စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြန်လွှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
(၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်)
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**မြန်မာနိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူများအား လျှော့ရက်ဖြင့် ပြန်လွှတ်ပေးခြင်း**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအား ပြစ်ဒဏ်ကျခံနေစဉ် စည်းကမ်းလိုက်နာမှု၊ ကောင်းမွန်စွာနေထိုင်မှုတို့အပေါ် အခြေခံ၍ အကျဉ်းထောင်လက်စွဲ နည်းဥပဒေအပိုဒ် ၈၄၇ နှင့် ၈၄၈ တို့အရ အထူးလျှော့ရက်များ ခံစားခွင့်ပြုပေးလျက်ရှိပါသည်။

၂။ ယမန်နှစ် သင်္ကြန်ကာလမတိုင်မီက အကျဉ်းထောင်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအနက် စည်းကမ်းလိုက်နာသူ၊ ကောင်းမွန်စွာနေထိုင်သူ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း (၂၂၈၃) ဦးအား အထူးလျှော့ရက်ဖြင့် ပြန်လွှတ်ပေးခဲ့ပါသည်။

၃။ ယခုနှစ် မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလမတိုင်မီ အကျဉ်းထောင် စခန်းအသီးသီးမှ စည်းကမ်းလိုက်နာသူ၊ ကောင်းမွန်စွာနေထိုင်သူ အောက်ဖော်ပြပါ အကျဉ်းသား၊ အကျဉ်းသူများအား နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် ဘဝသစ်စတင်နိုင်ရန် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနကကြီးမှူး၍ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်မြို့နယ်အသင်းများနှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များမှ စီစဉ်ကျင်းပသည့် (၁၄)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့**



(၁၄)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပစဉ်။

**နှစ်သစ်ကူးအခါသမယသည် လူအများအတွက် အတူယှဉ်တွဲနေထိုင်နိုင်ရေး မျှော်တွေး၍ ပြင်ပဖြစ်သည့် ရိုးရာထုံးတမ်းဓလေ့(rituals)နှင့် အတွင်းကျသည့် စိတ်ခံစားမှုရှုထောင့်(emotional aspect) နှစ်မျိုးစလုံးတို့၌ ယဉ်ကျေးဖွံ့ဖြိုးစေရန် စဉ်းစားတွေးခေါ်ထားသော အစဉ်အလာဖြစ်ကြောင်း မြင်တွေ့ရမည်**

အောက်စ်ဖို့ဒ်ဆရာတော်၏ ဆောင်းပါး

စာမျက်နှာ - ၆

**အညာဒေသသို့ ဘုရားဖူးလာသူများ မကွေးမြို့ဟောင်းသို့ သွားရောက်ကာ သမိုင်းဝင်စေတီပုထိုးများကို ဖူးမြော်နိုင်**

စာမျက်နှာ - ၁၉



**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ သတင်းထုတ်ပြန်**

စာမျက်နှာ - ၇




## ကြေးမုံ

# သတိတရားဖြင့်ဆင်နွှဲ အတာသင်္ကြန်ပွဲ

ယနေ့သည် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလ သင်္ကြန်အကြိုနေ့ဖြစ်သည်။ သင်္ကြန်အကြိုနေ့ စတင်သည်နှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများအနေဖြင့် ပျော်ရွှင်စွာရေပက်ကစားကြသည်။ ပျော်ရွှင်စရာကောင်းသော မြန်မာတို့၏ ရေသဘင်ပွဲတော်ကိုကြိုဆိုပါသည်။ ပြည်သူအားလုံး အေးချမ်းစွာဖြင့် ဘေးဘယာကင်းဝေးပြီး ပျော်ရွှင်စွာရေပက်ကစားနိုင်ဖို့ တောင်းဆုခြွေပါသည်။

ယခုနှစ် သင်္ကြန်ရေသဘင်ပွဲတော် ကျရောက်ခါနီးအချိန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း၌ အပူချိန်များမြင့်တက်လာသည်ကို မြင်တွေ့ကြားသိကြမည်ဖြစ်သည်။ အများသူငါအနေဖြင့် အပူရှိန်မြင့်တက်မှုဒဏ်ကို ခံစားနေကြသည်မှာလည်း လက်တွေ့ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ နေ့ခင်းနေ့လယ် ရေကစားထွက်ရာ၌ အပူဒဏ်ကို သတိပြုရှောင်ရှားကြဖို့ လိုမည်ဖြစ်သည်။

အပူဒဏ်အပြင် ယာဉ်အန္တရာယ်နှင့်ခိုက်ရန်ဖြစ်ပွားမှု၊ မူးယစ်သောက်စားပျော်ပါးမှုများကိုလည်း သတိပြုကြရမည်ဖြစ်သည်။ အပူရှိန်မြင့်မားမှုကြောင့် ပြည်သူများ ရောဂါဝေဒနာများ ခံစားကြရသည်။ ယမန်နှစ်သင်္ကြန်ကာလအတွင်းက မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ လူနာ ၇၇၇ ဦး လာရောက်ပြသခဲ့ကြပြီး အတွင်းလူနာအဖြစ် ၂၈၁ ဦး၊ အပြင်လူနာအဖြစ် ၄၉၆ ဦး ကုသပေးခဲ့ရသည်ဟု သိရသည်။ ထိုအထဲတွင် ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဆေးရုံတက်သူလူနာများမှာ အများစုဖြစ်ပြီး လူနာအားလုံး၏ ၇၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

သက်ဆိုင်ရာကျန်းမာရေးဌာနကလည်း အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသော လူနာများအတွက် လိုအပ်သော ကူညီဆောင်ရွက်ပေးမှုများကို ဆောင်ရွက်ထားပြီး လူနာဆောင်များ၊ တိုးချဲ့ဆောင်များ ပြင်ဆင်ထားသည်ဟုသိရသည်။ သင်္ကြန်ကာလ အရေးပေါ်ကုသမှုနှင့် မတော်တဆမှုများအတွက် ပြည်သူ့ဆေးရုံကြီးမှ အသင့်ဆောင်ရွက်ပေးထားသည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပံ့ပိုးဖြည့်ဆည်းပေးထားသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူများပျော်ရွှင်မှုကို ဟန့်တားခြင်းမပြုဘဲ အန္တရာယ်မဖြစ်အောင်နှင့် ကုသစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စေတနာထားဆောင်ရွက်ပေးနေခြင်းဖြစ်၍ ပြည်သူများအနေဖြင့်လည်း သင်္ကြန်ရေပက်ကစားရာ၌ သတိတရားလက်ကိုင်ထား၍ ဆင်နွှဲကြရန်လိုအပ်ပေသည်။ မဖြစ်ခင်က ဆင်ခြင်သတိထား ရှောင်ရှားရမည်ဖြစ်ပြီး ဖြစ်လာပါက မိမိတို့အတွက်သာ ထိခိုက်နစ်နာနိုင်သည်ကို သိရှိထားသင့်သည်။

နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း ပြည်သူများ ကျန်းမာပျော်ရွှင်စွာဖြင့် ရေကစားနိုင်ရန် အလွန်ပူပြင်းသော နေရောင်အောက်တွင် သွားလာလှုပ်ရှားမှုများကို သတိပြုဆင်ခြင်သင့်သည်။ အပူရှိန်မြင့်မားမှုနှင့်အတူ နေပူထဲသို့ထွက်သော လူအများအား အန္တရာယ်ပေးနိုင်သည့် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်နိုင်ရန် နေရောင်ခံလိမ်းဆေး၊ နေကာမျက်မှန်၊ ဦးထုပ်နှင့်အဝတ်အစားများကို ဝတ်ထားသင့်သည်။ ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်သဖြင့် ထိုအချိန်အတွင်း ရေပက်ကစားခြင်းကို ရှောင်ရှားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

အလွန်ပူပြင်းသော နေရောင်အောက်တွင် မဖြစ်မနေသွားလာလုပ်ကိုင်ရပါကလည်း အပူဒဏ်အကာအကွယ်များ ဆောင်ထားရန်လိုအပ်သည်။ အပူရှိန်ပြင်းနေချိန်တွင် မူးယစ်သောက်စားခြင်းကြောင့် သွေးတိုးခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု မရှိအောင်လည်း သတိပြုဆင်ခြင်သင့်သည်။ ထို့အပြင် အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတို့ မဖြစ်ပွားစေရန်အတွက် သန့်ရှင်းသော အစားအစာများကို စားသောက်ရန်လည်းလိုအပ်သည်။

အထူးသတိထားရမည်မှာ မလိုလားအပ်သော ကျန်းမာရေးအန္တရာယ်နှင့် လူမှုရေးနောက်ဆက်တွဲပြဿနာများ မဖြစ်ပွားစေရန်အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်း မပြုနိုင်အောင်၊ မသုံးစွဲအောင် ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြရန် လိုအပ်သည်။ ။

# လယ်ယာသားငါးထွက်ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့တင်ပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာ သားငါးထုတ်လုပ်မှု နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး ရုရှားနိုင်ငံသံအမတ်ကြီးက မြန်မာ့လယ်ယာထွက်ကုန်များနှင့် သားငါးထွက်ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချပေးနိုင်ရေး ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နေပြည်တော်မှ အဝေးပြေးခရီးထွက်ခွာမည့် ခရီးသည်တင်ယာဉ်များအား စစ်ဆေး

**နေပြည်တော် ဧပြီ ၁၂**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သင်္ကြန်ရုံးပိတ်ရက်ကာလတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ခရီးထွက်ခွာကြမည့် ဝန်ထမ်းများနှင့် အများပြည်သူများ ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေပြီး စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်စေရေးအတွက်ရည်ရွယ်၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘောဂသီရိယာဉ်ရပ်နားစခန်း၌ အဝေးပြေးခရီးထွက်ခွာမည့် ခရီးသည်တင်ယာဉ်များအား စစ်ဆေးမှုများကို ဆောင်ရွက်ကြသည်။

အဆိုပါစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ခရီးသွားပြည်သူများ လုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရန်အတွက် ယာဉ်မောင်းများ အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏လိုင်စင်များ၊ ယာဉ်တွင် ပါရှိရမည့်စာရွက်စာတမ်းများ၊ မီးသတ်ဆေးဘူးများ စနစ်တကျတပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ ယာဉ်ကြံ့ခိုင်မှုများ စစ်ဆေးခြင်းနှင့် ခရီးသည်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်များ တပ်ဆင်ထားခြင်းရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ပြီးမှ ခရီးသည်တင်ယာဉ်များကို ထွက်ခွာစေခြင်းများကို ဆောင်ရွက်ကြသည်။



ထို့အပြင် မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့မဈေးမှ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များကိုလည်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ဆွေ ဦးစီးသည့်အဖွဲ့ဝင်များက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် စစ်ဆေးမှုများကိုဆောင်ရွက်လျက်ရှိပြီး နေပြည်တော် စီလမ်းဆုံဂိတ်နှင့် တောင်ညိုဂိတ်များတွင်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရွှေကုက္ကို)**

## သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**လားရှိုး ဧပြီ ၁၂**။ ။သင်္ကြန်ကာလအတွင်း လားရှိုးမြို့၌ ယာဉ်အန္တရာယ်ကင်းဝေးရေး အမှတ်(၂၀)ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲမှူးရုံး(ရှမ်းပြည်နယ်မြောက်ပိုင်း)မှ ရဲအုပ်နေဝင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၁ ရက်က လားရှိုးမြို့ အမှတ် (၈)ရပ်ကွက် မန်ဆူပလာဇာရှေ့တွင် ယာဉ်မောင်းသူများလိုက်နာရန်အချက်များနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များဆိုင်ရာလက်ကမ်းစာစောင် ၄၀၀ ကို ယာဉ်မောင်းသူများအား ဖြန့်ဝေပေးခဲ့ကြသည်။ **(သီပေါကိုလတ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်(ရွှေဈေး) ၉၀၉၅၀၀ - ၉၀၉၅၀၀ မန္တလေး(ရွှေဈေး) ၉၀၉၅၀၀ - ၉၀၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၉. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၂၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၄၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၉. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၇. ၄၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

## ဆက်လက်တက်ကြွစွာ ပါဝင်

ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကိုရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင် ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်း စတဲ့နည်းလမ်းတွေနဲ့ ဆက်လက် တက်ကြွစွာဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်။

**(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ )**

## ကြိုးစားရကျိုးနပ်

ဒီတစ်နှစ်ဆိုတာဟာ တကယ်တော့ သိပ်ပြီးတော့ရှည်ကြာတဲ့ကာလမဟုတ်ပါဘူး။ ဒီလိုပဲ ကျွန်မတို့လို စနစ်အပြောင်းအလဲကို ဖြတ်သန်းခဲ့ရတဲ့ တချို့နိုင်ငံက ပုဂ္ဂိုလ်များနဲ့ ကျွန်မဆွေးနွေးဖူးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ၂ လ ၃ လ လောက်က ဆွေးနွေးဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ တော်တော်များများက ပြောပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်နှုန်းက အတော်မြန်ပါတယ်တဲ့။ သူတို့နိုင်ငံတွေမှာဆိုရင်၊ တချို့နိုင်ငံတွေမှာဆိုရင် ကျွန်မတို့ တိုးတက်နှုန်းလောက် တိုးတက်မှုရအောင် ၃ ၊၄ နှစ်တောင်မှ ကြိုးစားရပါတယ်လို့ ပြောခဲ့တာ ရှိပါတယ်။ ဒီလိုပြောတဲ့အခါကျတော့လည်း ကျွန်မတို့ အားတက်ပါတယ်။ အားတက်တယ်ဆိုတာဟာ ကျေနပ်ပြီးတော့၊ တော်လှပြီဆိုပြီးတော့ အားတက်တာမျိုးမဟုတ်ပါဘူး။ ကျွန်မတို့ ဆက်ပြီးတော့ ကြိုးစားရကျိုးနပ်တယ်ဆိုတဲ့ အသိနဲ့ အားတက်မှုဖြစ်ပါတယ်။

**(၁၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၆ /၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်)**

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်နိုင် ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**❒ ရှေ့ဖုံးမှ**

ရည်ရွယ်၍ အထူးလျှော့ရက်ဖြင့် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်-

| စဉ် | လုပ်ငန်းဌာန/ဦးစီးမှူးရုံး | ကျား | မ | ပေါင်း |
|---|---|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး | ၃၉၁ | ၆၂ | ၄၅၃ |
| (ခ) | မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၃၅၆ | ၄၈ | ၄၀၄ |
| (ဂ) | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး | ၁၃၅ | ၁၂ | ၁၄၇ |
| (ဃ) | ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၁၁၇ | ၆ | ၁၂၃ |
| (င) | ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ၁၀၁ | ၇ | ၁၀၈ |
| (စ) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၁၃၉ | ၃၇ | ၁၇၆ |
| (ဆ) | မွန်ပြည်နယ်ဦးစီးမှူးရုံး | ၃၀ | ၇ | ၃၇ |
| (ဇ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး | ၂၅ | - | ၂၅ |
| (ဈ) | ကချင်ပြည်နယ်ဦးစီးမှူးရုံး | ၅၃ | ၇ | ၆၀ |
| (ည) | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | ၈၆ | ၂၀ | ၁၀၆ |
| (ဋ) | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ၇၀ | ၁၁ | ၈၁ |
| (ဌ) | ကယားပြည်နယ်ဦးစီးမှူးရုံး | ၆ | ၁ | ၇ |
| (ဍ) | ကရင်ပြည်နယ်ဦးစီးမှူးရုံး | ၃၀ | ၃ | ၃၃ |
| (ဎ) | ကုန်ထုတ်လုပ်ငန်းဌာန | ၁၁၁ | ၁၂ | ၁၂၃ |
| | စုစုပေါင်း | ၁၆၅၀ | ၂၃၃ | ၁၈၈၃ |

## စည်းလုံးမှုပုံရိပ် ညီညွတ်မှုစိတ်ထား ပြည်ထောင်စု၏ နှလုံးသား

## မန္တလေးမြို့တော် အတာရေသဘင်ပွဲတော်အား မြို့လုံးအနှံ့ မဏ္ဍပ်ပေါင်း ၇၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး ဧပြီ ၁၂**

ယခုနှစ် မန္တလေးမြို့တော် အတာရေသဘင်ပွဲတော်ကို ကျုံးပတ်လည်နှင့် မြို့လုံးအနှံ့ မဏ္ဍပ်ပေါင်း ၇၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောကြားသည်။

အဆိုပါ မဏ္ဍပ်များအနက် ကျုံးပတ်လည်တွင် ဖျော်ဖြေရေးမဏ္ဍပ် ၁၅ ခုနှင့် မြို့တွင်းအနှံ့တည်ဆောက်ထားကြသည့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များမှာလည်း ၁၅ ခုရှိသည့်အပြင် ကျုံးတောင်ဘက်တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်အစီအစဉ်တွင်လည်း ရေကစားမဏ္ဍပ်ပေါင်း ၄၀ ကျော် ဆောက်လုပ်ထားကြောင်း သိရသည်။



"အရင်က မန္တလေးပြည်သူတွေ ဆင်နွှဲခဲ့ကြတဲ့ ရိုးရာသင်္ကြန် အစစ်အမှန်ကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ လမ်းလျှောက်သင်္ကြန်ကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ရေဖလားနဲ့ ရေပက်ကစားကြမယ် ဘယ်သူမဆိုပါဝင်ကစားနိုင်အောင်လည်းမဏ္ဍပ်တွေသီးသန့်ဆောက်လုပ်ထားပါတယ်။ မဏ္ဍပ်တွေမှာလည်း နေ့စဉ် စတုဒိသာ အကျွေးအမွေးတွေရှိပြီး လည်ပတ်လို့မောပန်းရင်လည်း အနားယူနိုင်တဲ့ မြေစိုက်မဏ္ဍပ်တွေ ဆောက်လုပ်ထားပါတယ်"ဟု ဦးကျော်ရင်မြင့်က ပြောသည်။

ယခုနှစ်တွင် ထူးခြားစွာ ထည့်သွင်းကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သည် လူငယ်များသာမက လူကြီးများပါ ဝင်ရောက်ဆင်နွှဲနိုင်ရန် စီစဉ်ပေးခြင်းဖြစ်ကြောင်း အသက် (၆၀) ကျော်အရွယ်ရှိ ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

"အရင်သင်္ကြန်တွေက DJ Hip Hop တွေနဲ့ သီဆိုကခုန်ကြတဲ့ လူငယ်သင်္ကြန်ပုံစံဆိုတော့ လူကြီးတွေက သင်္ကြန်ဆို အပြင်သိပ်မထွက်ကြတော့ဘူး။ ကျွန်တော်ကတော့ ခုအသက် (၆၀) ကျော် အရွယ်မှာတောင် သင်္ကြန်ဆို တစ်ရက်တော့ထွက်ပြီး မဏ္ဍပ်အောက်မှာ ခေါင်းကိုင့်ပြီး ရေပက်ခံထွက်လေ့ရှိတယ်။ တချို့တပည့်တွေက မှတ်မိလို့ နှုတ်ဆက်ရင်တောင် ငါ့ကိုမနှုတ်ဆက်ကြနဲ့လို့ ရှက်ရှက်နဲ့ ပြောရသေးတယ်။ ဒီနှစ်တော့ လမ်းလျှောက်သင်္ကြန်မှာ ပေါ်ပေါ်ထင်ထင်ပဲ လည်လို့ရသွားပြီ" ဟု ၎င်းကပြောသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးတောင်ဘက်ခြမ်း (၇၈) လမ်းမှ (၆၆) လမ်းတစ်လျှောက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော် အထိမ်းအမှတ် မုခ်ဦးများလည်း စိုက်ထူထားကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❖ ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲမှ

ရှေးဦးစွာ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ရခိုင်ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်သင်္ကြန်ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က "ဒီနေ့ နံ့သာသွေးပြိုင်ပွဲမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တွေရဲ့ ကိုယ်စားပြုအသင်း ၂၀ က လာရောက်ယှဉ်ပြိုင်ကြတာပါ။ နံ့သာသွေးပြိုင်ပွဲချိန်က ၁၀ မိနစ်ဖြစ်ပြီး သတ်မှတ်အချိန်အတွင်း နံ့သာရည်အများဆုံးနဲ့ ဝတ်စားဆင်ယင်မှုတို့အပေါ်မူတည်ပြီး အမှတ်ပေးတာဖြစ်ပါတယ်။ အသင်းတစ်သင်းကို အမျိုးသမီး ၁၀ ဦး ယှဉ်ပြိုင်ရမှာဖြစ်ပြီး တစ်ခါပြိုင်ရင် လေးသင်းယှဉ်ပြိုင်ရမှာဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ဆရာမ ဒေါ်နုမြဇံက နံ့သာသွေးပွဲအမှတ်ပေး စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြပြီး နံ့သာသွေးပြိုင်ပွဲ စတင်ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နံ့သာသွေးပြိုင်ပွဲတွင် ကျောက်ဖြူမြို့နယ်အသင်းကိုယ်စားပြု သန္တာမြေ၊ ကျောက်တော်မြို့နယ်ကိုယ်စားပြု ကစ္ဆပပျိုဖြူ၊ ပုဏ္ဏားကျွန်းမြို့နယ်ကိုယ်စားပြု ဦးရာဇ်ရင်းသွီး ပိတောက်မွှီး၊ ဘူးသီးတောင်မြို့နယ်ကိုယ်စားပြု စိုင်းတင်အားမာန်၊ မောင်တောမြို့နယ် ကိုယ်စားပြု နတ်မြစ်ပျိုဖြူမာန်အောင်မြို့နယ်ကိုယ်စားပြု မေယဇကေရီ၊ မင်းပြားမြို့နယ်ကိုယ်စားပြု ရာမောင်ပျိုဖြူကျိန်းရိပ်သူ၊ မြောက်ဦးမြို့နယ်ကိုယ်စားပြု မြောက်ဦးနန်းသူ၊ ရသေ့တောင်မြို့နယ်ကိုယ်စားပြု မေယုသဇင်၊ ရမ်းဗြဲမြို့နယ်ကိုယ်စားပြု ရမ္မာပျိုဖြူ ရခိုင်အမျိုးသမီး အသင်းကိုယ်စားပြု မြတ်ပန်းသဇင်၊ ပေါက်တောမြို့နယ်ကိုယ်စားပြု သဇင်မေရို့ ပျော်ရာမြေ၊ မြေပုံမြို့နယ်အသင်းကိုယ်စားပြု ဟန်တာကမ်းသူ၊ ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းကိုယ်စားပြု စောင့်လေမျိုးနွယ်၊ ရခိုင်မောင်မယ်၊ စစ်တွေကိုယ်စားပြု သဇင်ပျိုဖြူစစ်တွေသူ၊ လေးမောင်မြို့နယ်အသင်း ကိုယ်စားပြု လေးတောင်ရင်ခွင်၊ လေးဝတီကုလရက္ခိတအသင်းကိုယ်စားပြု လေးရပ်မဏ္ဍိုင် မျိုးရက္ခိုင်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူအသင်း၊ တောင်ဒဂုံ ရခိုင်အသင်းကိုယ်စားပြု ရိုးမသူချေနှင့် ယိုးဇရုတ်မြို့နယ်အသင်း ကိုယ်စားပြု ယိုးချောင်းရင်သွီး သဇင်ပျိုမေများအသင်းတို့အပါအဝင် ပြိုင်ပွဲဝင် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယှဉ်ပြိုင်ပွဲမှရရှိသော နံ့သာရည်များကို သင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် ယင်းမြောရုံရှိ ဘုရားများအား အမွှေးနံ့သာရည်ဖြင့် ရေသပ္ပာယ်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုနှစ် ရခိုင်ရိုးရာသင်္ကြန်ကိုလည်း သုဝဏ္ဏအားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရခိုင်ရိုးရာ အစားအသောက်များနှင့် သီဆိုဖျော်ဖြေမှုများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုသက်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဆီးရီးယားလေတပ်စခန်း လေကြောင်းတိုက်ခိုက်ခံရမှုအပေါ် အမေရိကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

**မော်စကို ဧပြီ ၁၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆွန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့သည် ရုရှားနိုင်ငံမော်စကိုမြို့တွင် တွေ့ဆုံခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုသည် လွန်ခဲ့သော ရက်သတ္တပတ်က ဆီးရီးယားလေတပ်စခန်းကို အမေရိကန်က လေကြောင်းတိုက်ခိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

ဧပြီ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဝန်ကြီးနှစ်ဦးက ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြသည်။

အမေရိကန်အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းတိုက်ခိုက်မှုများတွင် ရုရှားထောက်ခံ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ဓာတုလက်နက်များ အသုံးပြုခဲ့သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားသမ္မတအာဆတ်နှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တီလာဆွန်က တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ၂၀၀၃ ခုနှစ်အတွင်းက အီရတ်နိုင်ငံသည် လူအစုလိုက်အပြုံလိုက် သေဆုံးစေနိုင်သည့် လက်နက်များ ပိုင်ဆိုင်ထားသည့်အတွက် အီရတ်နိုင်ငံကို အမေရိကန်တို့က စစ်ခင်းခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီး တီလာဆွန်က နှိုင်းယှဉ်ပြောကြားခဲ့သည်။

ဆီးရီးယားလေတပ်စခန်းကို အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအပေါ် ရုရှားသမ္မတ ဗလာဒီမာပူတင်က ရှုတ်ချဝေဖန်ခဲ့သည်။

ဆီးရီးယားအစိုးရက လေကြောင်းတိုက်ခိုက်မှုအတွင်း ဓာတုလက်နက် သုံးစွဲခဲ့ခြင်းနှင့်ပတ်သက်ပြီး မည်သည့် သက်သေအထောက်အထားမျှမရှိကြောင်းနှင့် ဆီးရီးယားလေတပ်စခန်းကို အမေရိကန်တို့က လေကြောင်းတိုက်ခိုက်မှု ဆင်နွှဲခဲ့ခြင်းအပေါ် နိုင်ငံတကာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးရန် ကုလသမဂ္ဂအဖွဲ့သို့ တိုက်တွန်းထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ဆိုသည်။

သမ္မတဒေါ်နယ်လ်ထရန့်လက်ထက်တွင် အမေရိကန်နှင့် ရုရှားနိုင်ငံတို့သည် အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားအကြမ်းဖက်အဖွဲ့အစည်းများကို ချေမှုန်းရာတွင် ပူးပေါင်းဆောင်ရွက်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လျက်ရှိသည်ဟု ထင်မြင်ယူဆရသည်။ သို့သော် ဆီးရီးယားအရေးကိစ္စကဲ့သို့သော အရှုပ်အထွေးများကြောင့် နှစ်နိုင်ငံဆက်ဆံရေး အနည်းငယ်ထိခိုက်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**






# ယခုနှစ် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ပါလီမန်အမတ် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်မည်

**လန်ဒန် ဧပြီ ၁၂**

ယခုနှစ်တွင် ကျင်းပမည့် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ဗြိတိန်ပါလီမန် အမတ် ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယခင်လန်ဒန်မာရသွန် အပြေးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော ပါလီမန်အမတ်ဦးရေကို စံချိန်ချိုးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ၂၀၁၄ ခုနှစ်က ကျင်းပသော လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ပါလီမန်အမတ်ဦးရေမှာ ကိုးဦးရှိကြောင်း မာရသွန်ပြိုင်ပွဲကျင်းပရေးစီစဉ်သူများက ဧပြီ ၁၂ ရက်တွင် ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပါလီမန်အမတ် ၁၆ ဦးတွင် အမျိုးသမီးသုံးဦး ပါဝင်မည်ဖြစ်သည်။ ယင်းအမျိုးသမီးအမတ်သုံးဦးတွင် တစ်ဦးမှာ စကော့တလန်အမျိုးသားပါတီ (အက်စ်အင်န်ပီ)မှ ဟာနာဟာဒယ်ဖြစ်ပြီး ၎င်းမှာ အက်စ်အင်န်ပီပါတီမှ လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သူအဖြစ် မှတ်တမ်းတင်ခဲ့သည်။

၁၉၈၁ ခုနှစ်နောက်ပိုင်း နှစ်စဉ်ကျင်းပသည့် လန်ဒန်မာရသွန်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဗြိတိန်ပါလီမန်အမတ် ဦးရေမှာ စုစုပေါင်း ၇၀ ရှိပြီဖြစ်သည်။

ယခုနှစ် လန်ဒန်မာရသွန်ပြေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါလီမန်အမတ်များသည် ကွန်ဆာဗေးတစ်ပါတီမှ အမတ်ကိုးဦးဖြင့် ပါဝင်ယှဉ်ပြိုင်သူအများဆုံးဖြစ်ပြီး လေဘာပါတီမှ အမတ်ငါးဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ လန်ဒန်မာရသွန်အပြေးပြိုင်ပွဲများ၌ လစ်ဘရယ်ဒီမိုကရက်အမတ်များ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပေ။

လေဘာပါတီမှ ကီဗင်ဘာရွန်မှာ အသက်(၇၀) အရွယ်ရှိပြီး မာရသွန်ပြိုင်ပွဲဝင်သူများအနက် အသက်အကြီးဆုံးပုဂ္ဂိုလ်နှင့် ဆာဘွဲ့ရပုဂ္ဂိုလ်ဖြစ်သည်။

**ဆင်ဟွာ။**

# ပြင်သစ်နိုင်ငံရှိ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများစခန်းတွင် မီးလောင်မှုဖြစ်ပွား၊ ၁၀ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ

**ဂရင်းဆင်သီ(ပြင်သစ်) ဧပြီ ၁၂**

ပြင်သစ်နိုင်ငံ မြောက်ပိုင်းရှိ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများနေထိုင်ရာ စခန်းတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၁၅၀၀ ခန့် ခိုလှုံနေသည့်စခန်းတွင် အာဖဂန်လူမျိုးခိုလှုံသူများနှင့် ကာ့ဒ်လူမျိုး ခိုလှုံသူများအကြား ခိုက်ရန်ဖြစ်ပွားစဉ် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ ဒန်းကတ်ပင်လယ်ဆိပ်ကမ်းမြို့အနီး ဂရင်းဆင်သီစခန်းရှိ တဲများအားလုံး မီးလောင်ကျွမ်းခံခဲ့ရသည်။ စခန်းတွင်းရှိတဲများမှာ နီးနီးကပ်ကပ်တည်ရှိနေပြီး စခန်းတစ်ခုလုံး ပြာပုံအတိ ကျရောက်ခဲ့ရကြောင်း ပြင်သစ်နော်ဒီစီရင်စု အကြီးအကဲမိုက်ကယ်လာလန်းက ပြောကြားသည်။ ဂရင်းဆင်သီ ခိုလှုံရေးစခန်းသည် မငြိမ်မသက်မှုများ မကြာခဏဖြစ်ပွားတတ်သဖြင့် ယင်းစခန်းကို ဖျက်သိမ်းရလိမ့်မည်ဟု တာဝန်ရှိသူများက မတ်လအတွင်း ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသသည် ဗြိတိန်နိုင်ငံသို့ ဦးတည်ဝင်ရောက်နိုင်ရန် ကြိုးပမ်းသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများ ဥပဒေမဲ့ဝင်ရောက်ရာတွင် ကြားစခန်းသဖွယ် ရပ်တည်နေသော ဒေသတစ်ခုဖြစ်သည်။ မီးလောင်ကျွမ်းခံခဲ့ရသော စခန်းရှိ တဲများကို ပြန်လည်တည်ဆောက်ပေးဖွယ်မရှိကြောင်း လာလန်းက ပြောကြားသည်။

ဂရင်းဆင်သီစခန်း၌ နေထိုင်သူဦးရေမှာ တစ်စတစ်စ တိုးပွားလာခဲ့သည်။ ပြင်သစ်နိုင်ငံ ကယ်လိုက်ဒေသရှိ တောတွင်းစခန်းတစ်ခုကို လွန်ခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက အာဏာပိုင်များက ဖျက်သိမ်းခဲ့ပြီးနောက် ယင်းစခန်းမှ ကီလိုမီတာ ၄၀ (၂၅ မိုင်)ခန့် အကွာအဝေးရှိ ဂရင်းဆင်သီစခန်း၌ ခိုလှုံသူဦးရေ တိုးပွားလာခဲ့ခြင်းဖြစ်သည်။

အဆိုပါစခန်းသို့ အာဖဂန်လူမျိုး ရွှေ့ပြောင်းအခြေစိုက်သူများ ပိုမိုရောက်ရှိလာခဲ့ရာ ယင်းစခန်း၌ နေထိုင်လျက်ရှိကြသော ကာ့ဒ်လူမျိုး ရွှေ့ပြောင်းအခြေစိုက်သူများနှင့် တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မီးလောင်ခံရသော စခန်းမှ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အနီးရှိ အားကစားပြိုင်ပွဲရုံနှစ်ရုံအတွင်း ယာယီနေရာချထားပေးထားကြောင်း သိရသည်။

**ရိုက်တာ။**



# အီရတ်နိုင်ငံတွင် အိုင်အက်စ်ထိန်းချုပ်ထားမှု ခုနစ်ရာခိုင်နှုန်းအောက်သာရှိ

**ဘဂ္ဂဒက် ဧပြီ ၁၂**

အီရတ်နိုင်ငံတွင် အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)တို့၏ ထိန်းချုပ်ထားမှုမှာ ယခုအခါ ခုနစ်ရာခိုင်နှုန်းအောက်သာရှိပြီး လွန်ခဲ့သည့် သုံးနှစ်ကထက် ၄၀ ရာခိုင်နှုန်းလျော့နည်းသွားပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီ ၁၁ ရက်တွင် ပြောကြားသည်။

အီရတ်တပ်ဖွဲ့များသည် အမေရိကန်၏ လေကြောင်းတိုက်ခိုက်ရေးထောက်ပံ့မှုနှင့် အခြားသောထောက်ပံ့မှုများဖြင့် အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မိုဆူးလ်မြို့တွင် အိုင်အက်စ်တို့နှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိပြီး အိုင်အက်စ်တို့ သိမ်းပိုက်ထားသည့် နယ်မြေအများအပြားကို ပြန်လည်သိမ်းပိုက်ရရှိနေပြီဖြစ်သည်။

"အိုင်အက်စ်တွေဟာ ၂၀၁၄ ခုနှစ်တုန်းက အီရတ်နိုင်ငံကို ၄၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားနိုင်ခဲ့ကြပါတယ်။ ယခုနှစ် မတ် ၃၁ ရက်မှာ အိုင်အက်စ်တို့ဟာ အီရတ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေ ၆ ဒသမ ၈ ရာခိုင်နှုန်းပဲ ထိန်းချုပ်ထားပါတယ်" ဟု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ယာရာရာဆူးလ်က ပြောကြားသည်။

အိုင်အက်စ်တို့ကို ချေမှုန်းတိုက်ခိုက်နေသည့် အီရတ်တပ်ဖွဲ့များနှင့် ပြည်ပတပ်ဖွဲ့အသီးသီးအနေဖြင့် အိုင်အက်စ်တို့ ထိန်းချုပ်ထားသည့် နယ်မြေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့်ပတ်သက်၍ ယခင်က အယူအဆကွဲပြားခဲ့သော်လည်း အိုင်အက်စ်တို့အနေဖြင့် နှစ်နှစ်နီးပါးအတွင်း နယ်မြေများ တဖြည်းဖြည်း ဆုံးရှုံးခဲ့ကြရသည်။ မျက်မှောက်ခေတ်ကာလတွင် ရက်စက်ကြမ်းကြုတ်ဆုံးသော အစ္စလာမ့်စ်အစွန်းရောက် အိုင်အက်စ်အဖွဲ့သည် ၂၀၁၄ ခုနှစ် ဇွန်လတွင် မိုဆူးလ်မြို့ကို သိမ်းပိုက်လိုက်သည့်အခါ တစ်ကမ္ဘာလုံး အံ့အားသင့်ခဲ့ရသည်။ ထို့နောက် အီရတ်နိုင်ငံ၏ ဆွန်နီအာရပ် ဗဟိုအချက်အချာဒေသများကို ဆက်လက်လွှမ်းမိုးသိမ်းပိုက်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ၏ ထောက်ပံ့မှုဖြင့် အီရတ်တပ်ဖွဲ့များသည် အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို တပ်ဖြန့်ချထားပြီး နေ့စဉ်လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မိုဆူးလ်မြို့ပြန်လည်သိမ်းပိုက်ရရှိရေး အဓိကထိုးစစ်တစ်ရပ်စတင်ခဲ့သည်။ ညွန့်ပေါင်းတပ်ဖွဲ့များသည် ဇန်နဝါရီလတွင် မိုဆူးလ်မြို့ အရှေ့ပိုင်းကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလလယ်ကတည်းက မိုဆူးလ်မြို့အနောက်ပိုင်း အိုင်အက်စ်တို့ နောက်ဆုံးခြေကုပ်စခန်းကို သိမ်းပိုက်ရရှိရေးအတွက် တိုက်ခိုက်ခဲ့ရသည်။

**ရိုက်တာ။**

# ကျေးလက်တောရွာနေလူငယ်များ၏ ငြိမ်းချမ်းရေးစကားသံများ

နေပြည်တော်　　မေ　၁၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း)ကို မေ ၁၁ ရက်က ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် ကျေးလက်တောရွာနေလူငယ်များ၏ ငြိမ်းချမ်းရေးအမြင်၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအမြင်များနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါသည်။**



မသိန်းသိန်းအိ



ကိုသာမောင်



မဝင်းမာခိုင်



မိအေးမွန်



နန်းဖြူနှင်းသက်



ခွန်စိုးမောင်

**မသိန်းသိန်းအိ (ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်)**

အဓိကကတော့ ကျွန်မတို့ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးရဖို့ အရေးကြီးပါတယ်။ အခုလိုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးခွင့်ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီလိုမျိုး ရတောင့်ရခဲအခွင့်အရေးမှာ ငြိမ်းချမ်းရေးအတွက် ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တင်ပြချင်ပါတယ်။ ဒီလိုမျိုးတန်းတူအခွင့်အရေးပေးတဲ့ အမေစုကိုလည်း ကျေးဇူးတင်ပါတယ်။ အတိုင်းမသိဝမ်းသာမိပါတယ်။

**ကိုသာမောင်(ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်)**

ကျွန်တော်က ဒေသရဲ့အဖြစ်အပျက် ဒေသအခြေအနေတွေကို အကျဉ်းချုပ်ပြည့်ပြည့်စုံစုံနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက်ဆိုလို့ စစ်ဘေးရှောင်ဒုက္ခသည်တွေကို ကူညီတာတွေ လုပ်ပါတယ်။ တိုက်ပွဲကြောင့် ထွက်ပြေးတဲ့ ဒုက္ခသည်တွေကို သွားကူညီတယ်။ နေရာချထားပေးတာတွေ ရှိတယ်။ လိုအပ်ရင် ရေတွေ ဘာတွေလိုက်ပို့ပေးတာရှိပါတယ်။ နိုင်ငံတော်အနေနဲ့ စစ်ဘေးရှောင်ပြည်သူတွေကို ပံ့ပိုးထောက်ပံ့ပေးဖို့ တောင်းဆိုချင်ပါတယ်။ ငြိမ်းချမ်းရေးရဖို့ ကျွန်တော့်အမြင်ကတော့ နိုင်ငံရေးနည်းလမ်းနဲ့မှ ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။

**မဝင်းမာခိုင်(မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်)**

ကျွန်မတို့ဘက်က အဖြူရောင်နယ်မြေပါ။ တောင်သူတစ်ယောက်အနေနဲ့ ပြောချင်တာတော့ တောင်သူ ဈေးကွက်ကို အခိုင်အမာဖြစ်အောင် လုပ်ပေးစေချင်ပါတယ်။ ဈေးကွက်ခိုင်မာမှုမရှိတော့ တောင်သူတွေအနေနဲ့ စီးပွားရေးအခက်အခဲတွေ့ကြုံရပါတယ်။ ဈေးကွက်မခိုင်မာတော့ လုပ်ချင်တာလုပ်လို့မရဘူး။ အဓိကကတော့ ငြိမ်းချမ်းရေးပါပဲ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အကုန်ငြိမ်းချမ်းနေရင် အားလုံးအဆင်ပြေပါတယ်။

**မိအေးမွန်(မွန်ပြည်နယ် ကျိုက်မရောမြို့နယ်)**

အဓိကကတော့ ငြိမ်းချမ်းရေးကို အမြန်ဆုံးဖြစ်စေချင်ပါတယ်။ အခုလိုမျိုး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ခွင့်ရတဲ့အတွက်၊ ဆွေးနွေးရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကိုယ့်ဒေသမှာဆို အခုလက်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ လျှပ်စစ်မီးတွေ မရရှိပါဘူး။ အခုလက်ရှိ ကျောင်းသားအရေအတွက်နဲ့ ဆရာမအရေအတွက် မညီမျှဘူးပေါ့။ အဲဒါကို ဖြည့်ဆည်းပေးစေလိုပါတယ်။ အခုလိုအခွင့်အရေးရတုန်း ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးစေလိုပါတယ်။

**နန်းဖြူနှင်းသက်(ကချင်ပြည်နယ် ဖားကန့်မြို့နယ်)**

ကိုယ့်လူမျိုးတွေအတွက် ဒီကရရှိတဲ့ ဗဟုသုတမျိုးစုံကို ကိုယ်ရနိုင်သလောက်ယူသွားမယ်။ ပြီးတော့ ကိုယ့်လူမျိုးတိုးတက်ဖို့အတွက် ပြန်ပြီးအသုံးချမှာဖြစ်ပါတယ်။ ဒါမျိုးဆိုတာကလည်း ကြုံတောင့်ကြုံခဲပါ။ နောက်ထပ် ဒီအခွင့်အရေးမျိုးရဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ အဲဒီအတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ထပ်ပြောချင်တာက အခုအချိန်ကစပြီးတော့ ကျွန်မတို့ ကချင်ပြည်နယ်မှာရှိတဲ့ ရှမ်းမျိုးနွယ်စုတွေ ကိုယ်စား၊ အခုကတော့ တိုင်းလိုင်စာပေယဉ်ကျေးမှုကနေ လာတဲ့အခါကျတော့ ရှေ့လျှောက်မျိုးနွယ်ကိုယ်စား မျိုးနွယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီထက်ပိုပြီး ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။

**ခွန်စိုးမောင် (ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်)**

ဒီနေ့ဆွေးနွေးပွဲမှာ အဓိကကျွန်တော်တို့ ဆွေးနွေးမှာက ကျေးလက်တောရွာနေ တောင်သူလယ်သမားတွေအတွက် အဓိက အာမခံချက်ရှိတဲ့ ဈေးကွက်ကိုရရှိဖို့နဲ့ ဒီငြိမ်းချမ်းရေးကို ရရှိဖို့အတွက် တတ်စွမ်းနိုင်သမျှ ဘယ်လိုအခန်းကဏ္ဍက ပါဝင်နိုင်မလဲဆိုတာနဲ့ ကျွန်တော်တို့ လူငယ်တွေ ငြိမ်းချမ်းရေးအတွက် ဆက်လက်ပူးပေါင်းပါဝင်ဖို့ အချက်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ဆိုတာ အလွန်မှခက်ခဲပါတယ်။ ကျွန်တော်တို့ရဲ့ ရင်တွင်းခံစားချက် တကယ်ဖြစ်ပျက်နေတာတွေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဒီလိုမျိုးတိုက်ရိုက်ပြောဆိုခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ အားလုံး ထိရောက်တဲ့ စကားဝိုင်းဖြစ်မယ်လို့ ယုံကြည်မိပါတယ်။

ရတုန်းရခိုက် အခွင့်အရေးမှာ တကယ့်မြေပြင်မှာ ဖြစ်ပျက်နေတဲ့ အပိုင်းကို အရှိကို အရှိအတိုင်း ကျွန်တော်တို့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ကိုယ်တိုင်က တောင်သူဆိုတော့ တောင်သူရဲ့အခွင့်အရေးကို ဆွေးနွေးမှာပါ။ နိုင်ငံခြားကို ထွက်သွားတဲ့ တောင်သူလယ်သမားတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့ တောင်သူလုပ်ငန်းတွေကို အယုံအကြည်ပြန်ရှိလာဖို့နဲ့ အဓိကကတောင်သူတွေ အာမခံရှိတဲ့ ဈေးကွက်နဲ့ ပတ်သက်တာကို အဓိက ဆွေးနွေးသွားမှာဖြစ်ပါတယ်။ တာဝန်သိမှ တာဝန်ရှိဆိုတဲ့အတိုင်း ကျွန်တော်တို့ လူငယ်တွေအကုန်လုံး မိမိကျရာတာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ကျွန်တော်တို့ နိုင်ငံကို ငြိမ်းချမ်းရေးရအောင်၊ ကျွန်တော်တို့နိုင်ငံ အစွန့်ရှည် တည်တံ့အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။



ကိုခိုင်မင်းထက်

**ကိုခိုင်မင်းထက် (မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်)**

ဒီနေ့အကြောင်းအရာမှာ ကျွန်တော်က ကားကြီးကွင်းမှာနေတဲ့ အခါကျတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ သွားလာကြတဲ့ ကားသမားတွေ ကိုယ်စား ဒီတိုက်ပွဲတွေကြောင့် ကားသမားတွေ ဒုက္ခရောက်နေတာကို ဆွေးနွေးဖို့ အဓိကဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးရလို့ ဂုဏ်ယူမိပါတယ်။ ကျွန်တော်နေတဲ့ အခုမန္တလေးမြို့ အတိုင်းအတာအနေနဲ့ အခုလက်ရှိဖြစ်နေတဲ့ အကြောင်းတရားတွေကို တင်ပြမှာ ဖြစ်ပါတယ်။ ထိထိရောက်ရောက်ဖြစ်အောင်လို့ တင်ပြမှာပါ။ မသိနိုင်တဲ့ အကြောင်းအရာတွေကို သိရလိမ့်မယ်လို့ ထင်ပါတယ်။

ရွှေကိုလေး

# ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ　မေ ၁၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မေ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ နှံ့သာသွေးပွဲတော်ကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဦးကျော်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက နှံ့သာသွေးပြိုင်ပွဲတွင် အဖွင့်အမှာစကားပြောကြားရာ၌ နှံ့သာသွေးပြိုင်ပွဲသည် သင်္ကြန်ပွဲတော်၏ ပထမဆုံးပွဲတော်ဖြစ်ပြီး ဘာသာရေးအသွင်သဏ္ဌာန်နှင့် ရိုးရာယဉ်ကျေးမှု ပေါင်းစပ်ထားသည့်ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ယခုနှံ့သာသွေးပြိုင်ပွဲသည် ဘာသာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ပျော်ပွဲရွှင်ပွဲအသွင်သဏ္ဌာန်ပါ ပေါ်လွင်ထင်ဟပ်စေသည့် ပွဲတော်ဖြစ်သည့်အတွက်ကြောင့် ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားများအတွက် အစဉ်အလာမပျက်ထိန်းသိမ်းအပ်သည့် ဓလေ့စရိုက်တစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ နှံ့သာသွေးပြိုင်ပွဲအသင်းဝင်များနေရာယူကြပြီး ပြိုင်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများက နှံ့သာသွေးယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ယနေ့ နှံ့သာသွေးပြိုင်ပွဲသို့ ဌာနဆိုင်ရာများ၊တပ်ရင်းတပ်ဖွဲ့များနှင့် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်း ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေစဉ်တွင် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့နှင့် ရခိုင်အဆိုတော်များက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။



နှံ့သာသွေးပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရခိုင်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိတ်ဆွေစိတ်ပွားဖို့ရာ သင်္ကြန်အခါ

## အောက်စ်ဖို့ဒ်ဆရာတော်
## ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိ

မဟာသင်္ကြန်နှစ်သစ်ကူးကာလသည် လူတစ်ဦးချင်းစီထက် လူ့အသိုင်းအဝိုင်း (community) တစ်ခုလုံးအတွက် တည်ရှိလာသော ထုံးတမ်းစဉ်လာဖြစ်ပေသည်။ မြန်မာနိုင်ငံ၌သာမက အိန္ဒိယ(မြောက်ပိုင်း၊ အလယ်ပိုင်း၊ အာသံ၊ တမီလ်နာဒူး၊ ကေရာလ၊ ဩဒိသနှင့် ဘင်္ဂါပြည်နယ်)၊ နီပေါလ်၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံ၊ တရုတ်ပြည်မှ ယူနန်ပြည်နယ်၊ ဗီယက်နမ်နိုင်ငံ၏ အချို့ဒေသ (လူနည်းစုများနေထိုင်ရာဒေသ) တို့၌လည်း မြန်မာနိုင်ငံနည်းတူ ဧပြီလ ၁၃-၁၅ ရက်နေ့များတွင် သင်္ကြန်ကျင်းပကြသည်။ အိန္ဒိယနိုင်ငံ အချို့ပြည်နယ်များ (အန်ဒရာပရာဒေ့ရှ်၊ တေလန်ဂန၊ ကာနတက၊ မဟာရာရှ်ထရာ၊ ဂိုအာ၊ ကုန်ကန်၊ မဏိပူရ၊ ကက်ရှ်မီးယားနှင့် ဆင်းဒ်ပြည်နယ်များ၌လည်း ရက်အနည်းငယ်ကွာခြား၍ သင်္ကြန်ပွဲတော်ကျင်းပကြသည်။

သင်္ကြန်ကျင်းပပုံကို လေ့လာကြည့်လျှင် နှစ်သစ်ကူးအခါသမယသည် လူအများအတွက် အတူယှဉ်တွဲနေထိုင်နိုင်ရေးမြော်တွေး၍ ပြင်ပဖြစ်သည့် ရိုးရာထုံးတမ်းဓလေ့ (rituals) နှင့် အတွင်းကျသည့် စိတ်ခံစားမှုရှုထောင့် (emotional aspect) နှစ်မျိုးစလုံးတို့၌ ယဉ်ကျေးဖွံ့ဖြိုးစေရန် စဉ်းစားတွေးခေါ်ထားသော အစဉ်အလာဖြစ်ကြောင်း မြင်တွေ့ရမည်ဖြစ်သည်။

ဦးစွာ ပြင်ပဖြစ်သည့် ရိုးရာထုံးတမ်းဓလေ့အကြောင်း အကျဉ်းမျှပြောရလျှင် အတာစားသည့် ဓလေ့ကိုကြည့်ပါ။ သင်္ကြန်အတက်ရက်နှင့် မွေးနေ့တိုက်နေသူသည် အတာသင့်သူများ ကျင့်သုံးရမည့် ယတြာထဲမှာ ၇-ရက်သားသမီးများ၏ အကျိုးစီးပွား စိတ်ဝယ်ထားလျက် ပန်း(၇)မျိုးပါဝင်သည့် အတာအိုးကို ပြင်ဆင်ကြရသည်မဟုတ်ပါလော။ ဥပမာ ယခုနှစ် တနင်္ဂနွေနေ့သားသမီးများ အတာသင့်သည်ဟုဆိုပါစို့။ ယင်းတို့သည် အတာတက်ချိန် (နှစ်ဟောင်းကုန်ချိန်)၌ သန့်ရှင်းစွာဝတ်စားဆင်ယင်လျက် အများအတွက် ကောင်းကျိုးဆောင်ရွက်ရမည်။ ရတနာသုံးပါး သက်ကြီးရွယ်အို ပူဇော်ထိုက်သူများကို ပူဇော်မှု တစ်ခုခုပြုရမည်။ ဆိုလိုသည်မှာ အများအတွက်




တွေး၍ ကောင်းမှုတစ်ခုခုလုပ်ရမည်ဟု ဆိုလိုပါသည်။ ဤနည်းဖြင့်တစ်နှစ်ပတ်လုံး အန္တရာယ်ဟူသမျှ ပပျောက်စေ၍ မိမိအတွက် ကောင်းကျိုးမင်္ဂလာများဖြစ်စေသည်ဟု မဟာသင်္ကြန်ဓလေ့ထုံးတမ်းက သင်ကြားပေးသည်။ ထို့အပြင် မိမိကိုရော သူတစ်ပါးကိုပါ မကောင်းသော စိတ်အကြံများ မထားရှိစေရန် သတိပေးသွန်သင်သည့်အနေဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၏ အထွတ်အမြတ်ဆုံးနေရာဖြစ်သည့် ဦးခေါင်းကိုဆေးသည့် ဦးခေါင်းဆေးခြင်းဓလေ့ပြုကြသည်။

မဟာသင်္ကြန်အချိန်အခါသည် မိမိ၏တစ်နှစ်တာ လုပ်ရပ် အပြောအဆိုနှင့် အတွေးအခေါ်များကို ပြန်လည်တွေးတောရန် အကျင့်ကောင်းတစ်ခုကို ပေးရုံသာမက နောင်နှစ်အတွက်လည်း ကိုယ်နှုတ်နှလုံး သုံးပါးလုံး၌ ကောင်းသည်ထက် ပိုကောင်းစေရန် အခွင့်ကောင်း အစကောင်းတစ်ခုကိုလည်း ထပ်မံပေးနေသည်။ ပြီးခဲ့သောနှစ်တွင် အဆင်မပြေသည်များ ရှိခဲ့လျှင်သော်လည်း အားမလျှော့ဘဲ လိုအပ်သည့်သင်ခန်းစာယူလျက်၊ ရှောင်သင့်သည် ရှောင်လျက် နှစ်သစ်ကို မျှော်လင့်ချက်ရှိရှိဖြင့် ကြိုဆိုပါဟူသော အတွေးကိုဖြစ်စေသည်။ မြတ်နိုးစရာ ဓလေ့ထုံးတမ်းတစ်ခုဖြစ်သည့် အတာရေဖျန်းသဘင်သည်လည်း တစ်ဦးနှင့် တစ်ဦးကြားထဲမှာ ရှိသေမှုကို ဖော်ထုတ်၊ အဆင်မပြေမှု တစ်စုံတစ်ရာရှိခဲ့လျှင်လည်း ပြည်ဖုံးကားချလျက် တစ်ဦးကို တစ်ဦး ကြည်ဖြူခွင့်လွှတ်၍ နှစ်သစ်ကို အတူတကွ ကြိုဆိုနိုင်ကြရန်ဖြစ်ပါသည်။

> **မဟာသင်္ကြန်အချိန်အခါသည် မိမိ၏တစ်နှစ်တာလုပ်ရပ် အပြောအဆိုနှင့် အတွေးအခေါ်များကို ပြန်လည်တွေးတောရန် အကျင့်ကောင်းတစ်ခုကို ပေးရုံသာမက နောင်နှစ်အတွက်လည်း ကိုယ်နှုတ်နှလုံးသုံးပါးလုံး၌ ကောင်းသည်ထက် ပိုကောင်းစေရန် အခွင့်ကောင်းအစကောင်းတစ်ခုကိုလည်း ထပ်မံပေးနေသည်။ ပြီးခဲ့သောနှစ်တွင် အဆင်မပြေသည်များ ရှိခဲ့လျှင်သော်လည်း အားမလျှော့ဘဲ လိုအပ်သည့်သင်ခန်းစာယူလျက်၊ ရှောင်သင့်သည်ရှောင်လျက် နှစ်သစ်ကို မျှော်လင့်ချက်ရှိရှိဖြင့် ကြိုဆိုပါဟူသော အတွေးကိုဖြစ်စေသည်။**

အတွင်းစိတ်ခံစားမှု (emotional well-beings) အနေဖြင့်ဆိုလျှင်လည်း အများသိ သင်္ကြန်ကျမ်းအဆိုအမိန့်တစ်ခုကို ဆန်းစစ်ကြည့်ပါဦး။ နှစ်ကူးချိန်မှာ မိမိ၏ စိတ်ခံစားမှုကို ဂရုစိုက်ရန် သွန်သင်၏။ "မင်္ဂလာစကား၊ လင်္ကာကြားအံ့၊ ကျော်ကြားစုံစေ၊ သင်္ကြန်နေ့၌၊ မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာသား၊ မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊ ကာမအရှာ၊ မေထုနာနှင့် ပါဏာသတ်ပုတ်၊ သောက်ထုန်ရက်မ၊ မျက်ထွက်မာန၊ ပဋိဃနှင့် ဒေါသမလွတ်၊ ဆီပွတ်လိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သစ်ခတ်တုန်ရှောင်း၊ အရောင်းအဝယ်၊ ဤတစ်ဆယ်ကို၊ လူ့ဝယ်နတ်ခွင်၊ လူလိုစင်ထား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ မပြုရရာ၊ . . ."ဟူ၍ ပို့ကဗျာလာရှိ၏။ စိတ်ဖိစီးမှု (stress)၊ စိုးရိမ်မှု (anxiety)၊ စိတ်ပေါက်ကွဲမှု (emotional burst)၊ အမျက်ဒေါသ (anger)၊ ပဋိဃ (hatred and revenge)ဆိုသည့် စိတ်ခံစားမှုများကို အထူးဖော်ပြ၏။ အပြောင်းအလဲ တစ်မျိုးမျိုးရှိတိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် စိတ်ခံစားမှုများပင်ဖြစ်ပါသည်။ ယင်းစိတ်ခံစားမှုများကို သိစိတ်ဖြင့် လိုက်လိုက်သိပြီး အသိအမှတ်ပြုကာ သူ့နောက် ဒယဉ့်တိုက်ပါမသွားအောင် သတိပြုရမည်။ သတိပဋ္ဌာန်ကျင့်စဉ်သည် ဤအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ Emotional intelligence ဟု ယခုအခါ နိုင်ငံတကာစိတ္တဗေဒပညာရှင်များက ခေါ်ဆိုကြ၏။ ဤစိတ်ခံစားမှုများကို လိုက်မသိနိုင်ပါက အတွင်းလှိုက်အနေအထားမှသည် အပြင်သို့ကူးစက်နိုင်သော မီးဖြစ်လာနိုင်သည်ဟု ယင်းသင်္ကြန်ပို့ကဗျာကပင် သတိပေးထားသည်။ ခိုက်ရန်ဖြစ်ပွားမှုမှသည် လူမှုရေးပဋိပက္ခအဖုံဖုံ၊ ထိုမှသည် အသက်အန္တရာယ်ထိခိုက်ကြသည်အထိ ဆိုးရွားနိုင်ကြောင်း ရှေးသူတော်ကောင်းများက အတိအလင်း သတိပေးစကားဆိုထား၏။

လူ့လောကသည် ပြီးပြည့်စုံသော နေရာမဟုတ်၊ နီးစပ်ရာနှင့် တင်းတိမ်ရသောနေရာဖြစ်သည်။ တိုတောင်းသော ၁၂ လအတွင်းမှာပင် မကျေနပ်မှု(dissatisfaction)၊ စိတ်ပျက်မှု(disappointment)၊ မတရားမှုရှိသည်ဟု ယူဆကာ နစ်နာခဲ့ရသည်ဟု စိတ်ထဲထင်မြင်မှု (grievances)၊ နောင်တရမှု(regret) အစရှိသည့် စိတ်ခံစားမှုအရိုင်းများသည် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ မိသားစုအနေဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်ခုအနေဖြင့်သော်လည်းကောင်း၊ ယုံကြည်မှု ဘာသာရေးတစ်ခုအနေဖြင့်သော်လည်းကောင်း ခံစားနေကြသည်မှာလည်း ကမ္ဘာအရပ်ရပ်တွင်ရှိနေသည်။ ခံစားနေကြသည်လည်း ကမ္ဘာအရပ်ရပ်တွင်ရှိနေသည်။ ယင်းအခြေအနေမျိုး၌ "ဆီပွတ်လိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သစ်ခတ်တုန်ရှောင်း၊ အရောင်းအဝယ်"ဆိုသည့်အတိုင်း ကြီးကြီးမားမား ပွဲဆင်ယင်ကျင်းပမှုနှင့် လုပ်ငန်းကိုင်ငန်းများလုပ်မည်ဆိုပါက သတိကြီးစွာ ဆင်ခြင်ကြဖို့လည်းမှာထား၏။ ပွဲဆင်ယင်ကျင်းပမှုနှင့် အလုပ်အကိုင် စီးပွားရေးလုပ်ငန်းတို့သည် တစ်ဦးနှင့်တစ်ဦးကြား စိတ်ခံစားမှု အထိအရှရှိနိုင်သော နေရာများပင်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမအရသော်လည်းကောင်း၊ သင်္ကြန်ထုံးတမ်းအရသော်လည်းကောင်း စိတ်ဒဏ်ရာဟောင်းများရှိလျှင်ရှိနေသည်ကို သတိကြီးစွာဖြင့် ရိုးသားစွာလက်ခံနိုင်ရန် အရေးကြီး၏။ မကျေနပ်မှု နစ်နာမှုရှိသည်ဟု ထင်မြင်မှုကို မိသားစုဝင်များ (သို့) လူ့အသိုင်းအဝိုင်းအဖွဲ့ဝင်များ(သို့) နိုင်ငံသားအချင်းချင်း ထိုကဲ့သို့ ပွင့်လင်းစွာလက်ခံမှ ထိုစိတ်ဒဏ်ရာများကို ကုစားခြင်း(healing) အစီအစဉ်ဖြစ်နိုင်မည်။ ရင်ကြားစေ့မှု (reconciliation)ရှိနိုင်မည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှု (harmony) ရှိနိုင်မည်။ လှပသော သင်္ကြန်ဓလေ့သည် ထိုကဲ့သို့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် အသိဉာဏ်များ၊ စိတ်ဓာတ်များ သယ်ဆောင်ပေးရာ၌ အထောက်အကူဖြစ်နိုင်သည်ဟု စာရေးသူ ယူဆပါသည်။

အလွန်သတိပြုသင့်သည့်အချက်မှာ သင်္ကြန်အတွင်း အရက်သေစာသောက်စားယစ်မူးခြင်းနှင့် အပျော်အပါးလိုက်စားမှုတို့သည် နိုင်ငံတိုင်းတွင် များပြားလာ၏။ ယာဉ်တိုက်မှု၊ အချင်းဖြစ်ပွားမှုလည်း အချို့နိုင်ငံများတွင် ပိုမိုများပြားလာ၏။ မဟာသင်္ကြန်ပွဲကို ယဉ်ကျေးမှုအနှစ်သာရမပါဘဲ စီးပွားရေးလုပ်ငန်းသက်သက်မျှ (commercialization) ဖြစ်အောင် အချို့က လုပ်ဆောင်ကြရာ ယဉ်ကျေးမှုများ ဆုတ်ယုတ်လာကြသည်။ ဘာသာရေးအနှစ်သာရ နည်းသည်ထက်နည်းလာပြီး စီးပွားရေးလုပ်ငန်းများက များသည်ထက်များလာသည့် ခရစ္စမတ်ကာလနှင့်တူသည့် နေရာများလည်းရှိနေ၏။

မည်သို့ပင်ဆိုစေ သင်္ကြန်သည် လူအများနှင့်လက်တွဲ၍ လူအများအကျိုးစီးပွားအတွက် ဆောင်ရွက်ရသော ယဉ်ကျေးမှုဆိုင်ရာ အခါသမယဖြစ်ကြောင်း နှလုံးမူမိပါက သင်္ကြန်ကျမ်းစာများ မိန့်ဆိုသည့်အတိုင်း မိမိအတွက်ရော နိုင်ငံတစ်ဝန်းလုံးအတွက်ပါ မကောင်းမှုနှင့် အနှောင့်အယှက်များကင်းဝေးပြီး ကောင်းမှုမင်္ဂလာကျက်သရေအဖြာဖြာနှင့်ပြည့်စုံသည့် နှစ်သစ်ဖြစ်နိုင်သည်မှာ ယုံမှားစရာမရှိဟု ထင်မြင်မိပါတော့သည်။

ဤနှစ်ဦးသင်္ကြန် အခါသမယမှစ၍ လူ့အသိုင်းအဝိုင်းတစ်ရပ်လုံး တစ်ဦးကိုတစ်ဦး မိတ်ဆွေစိတ်ထား ပွားများနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။ ။

## အလှထူးသည့်လတန်ခူး

မြန်မာ့နှစ်ဦး လတန်ခူးသည်
ရာသီမိသ စိတြနက္ခတ်
စန်းယှဉ်လတ်၍ ရင်ခတ်ကံ့ကော်
တောလုံးကျော်က ငုဝါပီတောက်
ကြိုင်လှောက်သင်းပျံ့ ဝန်းကျင်နံ့၏

နှစ်ကူးအတာ သင်္ကြန်ခါကား
အပူဒဏ်ဘေး ကင်းဝေးစေရန်
နှစ်ဟောင်းညစ်ကြေး ဘယာဝေး၍
အေးမြစေရန်ရည်သန်ကျင်းပ
သွန်းခန့်သာ ရေစင်ဖြာ၏

အခါတွင်းဝယ် ဥပုသ်သီတင်း
စောင့်ထိန်းရင်းဖြင့် ဒါနအမှု
ကိုယ်စီပြုကြ စေတနာ
လမ်းပြင်ကာနှင့် တံတားအိုပျက်
ပြုပြင်လျက်နှင့် ဘုရားစေတီ
ရေကြည်သပ္ပာယ် ဘိုးဘွားရွယ်အို
ထိုထိုသက်ကြီး လူကြီးသူမ

ပူဇော်ကြ၍ ရေကန်တော့ကာ
ကြင်နာသနား ဘေးမဲ့နွားလွှတ်
ငါးလည်းလွှတ်၏ မချွတ်ကေန်
မြန်မာဆန်၍ မြန်မာ့အလှ
သဘာဝကို ပြသောလတည့်။

ဆက်းဝင်းအောင်

# အတာရေပက်ဖျန်းကာ နှစ်သစ်ကိုကြိုဆိုကြရန် အမြို့မြို့ အနယ်နယ်၌ ပြင်ဆင်လျက်ရှိ

ဓာတ်ပုံ-ဌေးအောင်၊ ခင်မောင်ဝင်း(ကြေးမုံ)



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ် ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။




ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်းရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရေကစားမဏ္ဍပ် ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။




ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း အင်းလျားကန်ပေါင်ရှေ့ရှိ အတာမိုးရေကစားမဏ္ဍပ်ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။ (လွှမ်းပိုင်၊ မိုးယံဇွန်နှင့် အနုပညာရှင်များ ဖျော်ဖြေမည်ဟု သိရသည်။)




ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း အထက-၅ရှေ့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။




ရန်ကုန်မြို့ လသာမြို့နယ် (၁၉)လမ်းနှင့် အနော်ရထာလမ်းပေါ်ရှိ Sky Net ရေကစားမဏ္ဍပ်ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။ (Myanmar idol season-1,2မှ တေးသံရှင်များနှင့် နာမည်ကျော်တေးသံရှင်များ ဖျော်ဖြေမည်ဟု သိရသည်။)



မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် စည်ပင်ယိမ်းလှပျိုဖြူများ အဆိုအကများဖြင့် ဧပြီ ၁၂ ရက်က ဖျော်ဖြေတင်ဆက်ကြစဉ်။ တင်မောင် (မန်းကိုယ်ပွား)



ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း အင်းလျားကန်ပေါင်ရှေ့ရှိ Black Jack(ခ)ဟန်နွေဦး ရေကစားမဏ္ဍပ် ပြင်ဆင်ပြီးစီးမှုကို ဧပြီ ၁၂ ရက် ညနေပိုင်းက တွေ့ရစဉ်။

❑ ကျောဖုံးမှ

အဆိုပါစီမံကိန်းအား အမေရိကန်ဒေါ်လာ ၂၂၅၀ သန်း ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ပြီး ပိုက်လိုင်းမှနှစ်စဉ်တင်ပို့နိုင်မည့် ရေနံစိမ်းတန်ချိန်ပမာဏမှာ မက်ထရစ်တန် ၂၂ သန်းအထိဖြစ်သည်။ အဆိုပါရေနံစိမ်းပိုက်လိုင်းစီမံကိန်းတွင် အစုဝင်များအဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အစုရှယ်ယာ ၄၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် China National Petroleum Corporation မှ ၅၀ ဒသမ ၉ ရာခိုင်နှုန်းတို့ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဇွန်လမှ စတင်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မဒဲကျွန်း ရေနံတင်ချဆိပ်ကမ်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ စီမံကိန်းကာလမှာ နှစ် ၃၀ ဖြစ်သည်။

စီမံကိန်းဆက်စပ်အဆောက်အအုံများအနေဖြင့် မဒဲကျွန်းရှိ ရေနံတင်ချဆိပ်ကမ်း၊ Work Boat Wharf၊ တွန်းသင်္ဘော ငါးစင်း၊ ရေနံစိမ်းဂါလန် ၂၂ သန်းစီ သိုလှောင်နိုင်သော ရေနံစိမ်းသိုလှောင်ကန် ၁၂ လုံးအပါအဝင် အဆောက်အအုံများ၊ ဖိအားမြှင့်စခန်းသုံးခု(အမ်းမြို့နယ် ဆင်ခုံတိုင်၊ မန္တလေးနှင့် သီပေါမြို့)နှင့် ရေနံစိမ်းတင်ပို့မှုတိုင်းတာရေးစခန်း(နမ့်ခမ်းမြို့)တို့ ပါဝင်သည်။

အရှေ့တောင်အာရှရေနံစိမ်းပိုက်လိုင်းသည် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့အား ဖြတ်သန်းတည်ဆောက်ခဲ့ပြီး စီမံကိန်းမှ နိုင်ငံတော်ဝင်ငွေများအဖြစ် ဖြတ်သန်းခ (Right of Way) နှစ်စဉ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၅ သန်း၊ ပိုက်လိုင်းအသုံးပြုခ ရေနံစိမ်း တစ်မက်ထရစ်တန်အတွက် အမေရိကန် တစ်ဒေါ်လာနှင့် ရေနံစိမ်းသယ်ယူခ (Tariff) အနေဖြင့် ရေနံစိမ်း တစ်မက်ထရစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၆ ဒေါ်လာတို့အား အစုရှယ်ယာပါဝင်အချိုးအစားအတိုင်းရရှိမည်ဖြစ်သည်။ စီမံကိန်းဖြတ်သန်းရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေး လုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၇၂ ဦး လွတ်မြောက်

**မန္တလေး ဧပြီ ၁၂**

မန္တလေးဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၂၄၉ ဦး၊ အကျဉ်းသူ ၂၃ ဦး စုစုပေါင်း ၂၇၂ ဦးသည် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရုံးပိတ်ရက်အတွင်း လွတ်ရက်စေ့သူများဖြစ်၍ အကျဉ်းထောင်မှ ထောင်လွတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ နံနက် ၇ နာရီမှစတင်၍ လွတ်ပေးခဲ့သည်။

အဆိုပါ မန္တလေးအကျဉ်းထောင်မှ မုဒိမ်းမှု နှစ်ဦး၊ မူးယစ်မှု နှစ်ဦး၊ တပ်မတော်အက် ကိုးဦး၊ ခိုးမှု ၅၅ ဦး၊ လူသတ်မှု နှစ်ဦး၊ ရိုးရိုးအမှု ၉၄ ဦး၊ လူသေမှု ၃၀၄(က) သုံးဦး၊ လောင်းကစားမှု ၄၁ ဦး၊ သွင်းထုတ်မှု လေးဦး၊ ရဲစည်းကမ်း နှစ်ဦး၊ အကျဉ်းထောင်အက် တစ်ဦး၊ လက်နက်မှု ၂၀ ဦး၊ သစ်တောအက် ၁၀ ဦး၊ ပြည်သူပိုင် ၆(ခ) တစ်ဦး၊ လုယက်မှု နှစ်ဦး၊ တစ်လင်တစ်မယားစနစ်ပုဒ်မ လေးဦးတို့အား ယနေ့ညနေ ၃ နာရီထိ လွတ်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

တွေ့ဆုံမေးမြန်း
အေးမင်းသူ
ဓာတ်ပုံ
ခင်မောင်ဝင်း(ကြေးမုံ)

**နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်သို့သွားကြမည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီး၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ အမြန်လမ်းရဲတပ်ဖွဲ့ အမှတ်(၉)ယာဉ်ထိန်းရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရုံး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (အဝေးပြေး)၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှူးအပါအဝင် အဖွဲ့ခြောက်ဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း အမှတ်(၃)လမ်းဆုံ စစ်ဆေးရေးဂိတ်၌ ခရီးသွားယာဉ်များ သတ်မှတ်စံချိန်စံညွှန်းနှင့် အထောက်အထားပြည့်စုံမှုရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။**

**အဆိုပါ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးသိန်းဦး(ညွှန်ကြားရေးမှူး)အား တွေ့ဆုံမေးမြန်းခဲ့ပါသည်-**



**မေး။ သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ထားရှိမှုလေး ပြောပြပေးပါဦး။**

ဖြေ။ ကျွန်တော်တို့ ဒီနေ့ဆောင်ရွက်တဲ့ ကိစ္စရပ်ကတော့ ပုံမှန်အားဖြင့် ကျွန်တော်တို့ဌာနက ထုတ်ပေးတဲ့ ယာဉ်မောင်းလိုင်စင် အထောက်အထားတွေ သက်တမ်းလွန်လား၊ မှန်ကန်မှုရှိလား အဲဒါတွေကို ကျွန်တော်တို့ စစ်ဆေးပါတယ်။ နောက်ပြီး ယာဉ်ကြံ့ခိုင်မှုရှိလား၊ မရှိဘူးလားကို စစ်ဆေးပါတယ်။ ယာဉ်စစ်ဆေးရေးက အင်ဂျင်နီယာတွေနဲ့ ကျွန်တော်တို့ စစ်ဆေးပါတယ်။ မီးသတ်ဌာနကလည်း လာတယ်။ ကားပေါ်မှာ မီးသတ်ဆေးဘူးတွေ ပါလာမှုရှိ၊ မရှိ သတ်မှတ်ထားတဲ့ စစ်ဆေးမှုတွေပြုလုပ်ပါတယ်။ နောက် ယာဉ်ထိန်းရဲဆိုရင်လည်း ယာဉ်မောင်းတွေ အရက်သောက်ပြီး မောင်းနှင်မှုတွေမလုပ်အောင် စစ်ဆေးဆောင်ရွက်ပါတယ်။ ဒီအဖွဲ့ထဲမှာ ဘယ်သူပါလဲဆိုတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတွေ၊ ရန်ကုန်တိုင်းဒေသကြီးမှ YRTA အဖွဲ့တွေလည်းပါပါတယ်။ ယာဉ်ထိန်းရဲအဖွဲ့လည်းပါပါတယ်။ မီးသတ်ဌာနလည်း ပါပါတယ်။ အဖွဲ့တွေ စုပေါင်းပြီးတော့မှ ကျွန်တော်တို့ အထူးသဖြင့် အများပြည်သူတွေကို သယ်ယူပို့ဆောင်ပေးနေတဲ့ ခရီးသည်တင်ယာဉ်တွေကို ဦးစားပေးပြီး စစ်ဆေးပါတယ်။ ယာဉ်ကြံ့ခိုင်မှုရယ် အထောက်အထား ပြည့်စုံမှုရှိ၊ မရှိရယ်ကို စစ်ဆေးတာဖြစ်ပါတယ်။ သင်္ကြန်နားနီးလာတဲ့အချိန်ဆိုတော့ ခရီးသွားလာမှုများပြားတဲ့ အချိန်ဖြစ်ပါတယ်။ များပြားတဲ့ရာသီဖြစ်တဲ့အတွက် ယာဉ်တိုက်မှုတွေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ ဒါတွေကို အရှိန်အဟုန်မြှင့်ပြီး လုပ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်နေတာဟာ အဖွဲ့သုံးဖွဲ့ခွဲပြီး လုပ်နေတာဖြစ်ပါတယ်။ ခါတိုင်းတော့ ဒီတစ်နေရာတည်း လုပ်နေတာဖြစ်ပေမယ့် အခုဆိုရင်တော့ အောင်မင်္ဂလာအဝေးပြေးအပါအဝင် သုံးဖွဲ့ခွဲဆောင်ရွက်နေတာပါ။ သင်္ကြန်ကာလအတွင်း ပိုပြီးတော့ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတာပါ။

**မေး။ ဆရာတို့အနေနဲ့ ယာဉ်စည်းကမ်းနဲ့ မကိုက်ညီတဲ့ ယာဉ်တွေကို ဘယ်လိုမျိုးဆောင်ရွက်ပါသလဲ။**

ဖြေ။ ကြံ့ခိုင်မှုမရှိတဲ့ယာဉ်တွေဆိုရင် ကျွန်တော်တို့ စစ်ဆေးပြီး ပြန်လွှတ်ပါတယ်။ စောစောလေးက ယာဉ်တစ်စီး လေပေါင်ချိန်မပြည့်လို့ ပြန်လွှတ်လိုက်ပါတယ်။ ပြင်ဆင်မှုတွေပြီးမှ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမှာပါ။ ယာဉ်မောင်းနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ မပြည့်စုံရင်လည်း မောင်းနှင်ခွင့်မပေးပါဘူး။ မပြည့်စုံတဲ့ အထောက်အထားတွေကို ကျွန်တော်တို့ ရုံးမှာသိမ်းထားပြီး အသစ်ပြန်လည်ထုတ်ခွင့်ပေးပါတယ်။ ကိုက်ညီမှုမရှိရင်တော့ လုံးဝမောင်းနှင်ခွင့် မပေးပါဘူး။

**မေး။ သင်္ကြန်ကာလအတွင်းဆိုတော့ အနယ်နယ်အရပ်ရပ်သို့ပြန်တဲ့ ခရီးသွားတွေများတဲ့အတွက် သူတို့စီးလာတဲ့ယာဉ်က ကြံ့ခိုင်မှုမရှိလို့ ပြန်လွှတ်ရရင် ခရီးသည်တွေအတွက်ရော ဆရာတို့အနေနဲ့ ဘယ်လိုဆောင်ရွက်ပေးပါသလဲ။**

ဖြေ။ အခုဆိုရင် ယာဉ်လိုင်းတွေကလည်း အရင်တုန်းက နှစ်စီးထွက်ရင် သင်္ကြန်ကာလအတွင်းမှာ လေးငါးစီး ပိုပြီးထွက်ပေးပါတယ်။ သူတို့လည်း သိပါတယ်။ ဒီကာလဖြစ်တဲ့အတွက် ယာဉ်တွေကို ထပ်တိုးပြီးလုပ်ရမယ်ဆိုတာ သိပါတယ်။ တကယ်လို့ ကြံ့ခိုင်မှုမရှိလို့ သွားခွင့်မပေးဘူးဆိုရင်လည်း သူတို့ယာဉ်လိုင်းတွေအနေနဲ့ အစားထိုးမှုတွေ လုပ်ပေးမှာပါ။ အခုလောလောဆယ်တော့ ကျွန်တော်တို့က ပညာပေးအနေနဲ့ စစ်ဆေးပြီး ပြန်လွှတ်တာပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ မကိုက်ညီတဲ့ယာဉ်တွေကိုတော့ မှတ်ပုံတင်ခွင့်ပေးမှာမဟုတ်ပါဘူး။ သူတို့နဲ့ပတ်သက်တဲ့ အထောက်အထားတွေကိုလည်း သိမ်းဆည်းထားပြီး ကြံ့ခိုင်မှုနဲ့ သတ်မှတ်ချက်တွေ ပြည့်စုံမှ မောင်းနှင်ခွင့်ပေးမှာပါ။

**မေး။ အခုလို ဆောင်ရွက်တာက တစ်ပတ်ဘယ်နှကြိမ် ဆောင်ရွက်ပါသလဲ။**

ဖြေ။ အရင်ကတည်းက တစ်ပတ်ကို ငါးရက်ဆောင်ရွက်ပါတယ်။ အခုက သင်္ကြန်ကာလဆိုတော့ ယာဉ်အရေအတွက်ကလည်းများတယ်။ အဲဒါကြောင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်တာပါ။ သင်္ကြန်ပြီးနောက်ပိုင်းလည်း ဒီမှာ ပုံမှန်စစ်ဆေးမှုတွေ လုပ်သွားမှာပါ။ ဒီကာလကတော့ တာဝန်ရှိသူတွေအနေနဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ၂၄ နာရီလုံး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာပါ။

### ✦ အထူးလျှော့ရက်ဖြင့်မှ

ပြစ်ဒဏ်ကျခံနေစဉ် စည်းကမ်းလိုက်နာမှု၊ ကောင်းမွန်စွာနေထိုင်မှုတို့အပေါ် အခြေခံ၍ အကျဉ်းထောင်လက်စွဲ နည်းဥပဒေအပိုဒ် ၈၄၇ နှင့် ၈၄၈ တို့အရ အထူးလျှော့ရက်များ ခံစားခွင့်ပြုပေးလျက် အကျဉ်းသား၊ အကျဉ်းသူများကို သတ်မှတ်ကာလထက် ရက်အနည်းငယ်စော၍ ပြန်လည်လွှတ်ပေးသည့် သတင်းကြောင့် ယနေ့မွန်းလွဲပိုင်းက အင်းစိန်အကျဉ်းထောင်ရှေ့တွင် လာရောက်စောင့်မျှော်နေသည့် မိသားစုဝင်များလည်းရှိသည်။

"သားလေးက မူးယစ်ဆေးဝါးအမှုနဲ့ ပြစ်ဒဏ်ကျခံနေရတာပါ။ လွတ်ဖို့တော့ ခြောက်လလောက်ကျန်နေပါသေးတယ်။ လပိုင်းလောက်ကျန်တဲ့သူတွေကို လွှတ်ပေးနေတယ်လို့ကြားတော့ လာစောင့်နေတာပါ။ ဒီကနေ့လွှတ်ပေးတဲ့အထဲမှာ သူပါမလာသေးပါဘူး။ မိဘဆိုတော့လည်း လွှတ်ပေးတဲ့ထဲမှာ သားလေးများ ပါလာမလားဆိုပြီး လာစောင့်နေတာပါ"ဟု ရွှေပြည်သာမြို့နယ်မှ ဒေါ်ကြည်ကြည်ဝင်းက သူ၏ စောင့်မျှော်နေမှုအပေါ် ပြောပြသည်။

ထို့အတူ ယမန်နှစ်ကလည်း သင်္ကြန်ကာလမတိုင်မီ အကျဉ်းထောင်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအနက် စည်းကမ်းလိုက်နာသူ၊ ကောင်းမွန်စွာနေထိုင်သူ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၂၈၃ ဦးအား အထူးလျှော့ရက်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# အမှတ်(၃၃)အကြီးစားစက်ရုံကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်)အား စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းသည့်စာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဧပြီ ၁၂**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမှတ်(၃၃)အကြီးစားစက်ရုံကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ (ကျောက်ဆည်)အား စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းသည့် စာချုပ်လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ကျန်ရှိသည့် စက်ရုံအလုပ်ရုံများကိုလည်း ပုဂ္ဂလိကနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EoI) ဖိတ်ခေါ်ထားပါကြောင်း၊ မိမိတို့၏ အစိုးရသစ်တာဝန်ယူချိန်တွင် ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းဆောင်ရွက်မှုကဏ္ဍများအား ပိုမိုတိုးမြှင့်၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အောင်မြင်လာသည်နှင့်အမျှ နိုင်ငံ၏ GDP လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ အဆင့်မြင့်မီးခံအုတ်စက်ရုံအား နှစ်ရှည်ငှားရမ်းခဲ့သည့် စိုးနိုင်ဖြိုးကုမ္ပဏီအား လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စိုးနိုင်ဖြိုးကုမ္ပဏီအနေဖြင့် လုပ်ငန်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



ဆက်လက်၍ အဆင့်မြင့်မီးခံအုတ်စက်ရုံ (ကျောက်ဆည်)အား နှစ်ရှည်ငှားရမ်းခြင်း သဘောတူစာချုပ်ကို အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက် Managing Director တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် စိုးနိုင်ဖြိုးကုမ္ပဏီလီမိတက်မှ Managing Director ဦးစိုင်းမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရောင်စုံစက္ကူဖြင့် ပန်းအလှပြုလုပ်နည်း သင်တန်းဆင်း

**ဂန့်ဂေါ ဧပြီ ၁၂**
ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ရောင်စုံစက္ကူဖြင့် ပန်းအလှပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဧပြီ ၁၁ ရက် ညနေ ၄ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပထမဆုရရှိသည့် စည်ပင်သာယာ အလက(ခွဲ) ပဥ္စမတန်းမှ မနှင်းအိအိဆွေ၊ ဒုတိယဆုရရှိသည့် အမှတ်(၂)အထက ဆဋ္ဌမတန်းမှ မဖူးအိသွယ်၊ တတိယဆုရရှိသည့် စည်ပင်သာယာ အလက (ခွဲ) စတုတ္ထတန်းမှ မောင်မင်းသက်တိုးတို့အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဆုများချီးမြှင့်၍ သင်တန်းသို့ တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူ ၂၁ ဦးတို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ ရောင်စုံစက္ကူဖြင့် ပန်းအလှပြုလုပ်နည်း သင်တန်း အမှတ်စဉ်(၂)ကို ဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် ဖုန်း ၀၆၂-၅၀၀၄၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(၄၆၅)**

# အာဆီယံစံချိန်စံညွှန်းအတိုင်း ကုန်သေတ္တာတင်ယာဉ်များ ပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၁၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်း စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသည့် တန်ပိုတင်ကုန်သေတ္တာတင်ယာဉ်များ ပြေးဆွဲခြင်းကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သောတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်ဟု ဧပြီ ၁၁ ရက်ထုတ် မီဒီယာတစ်စောင်တွင်ဖော်ပြသည်။ "နိုင်ငံတစ်ဝန်း အာဆီယံခြင်တွယ်နေရာ အာဆီယံစံချိန်စံညွှန်းကိုက်ညီဖို့ အားလုံးလိုက်နာနေကြတာပါ။ တံတားကြီးကိုးစင်းကို ငွေကြေးမကောက်ခံတော့ဘူး။ မကြာခင် အမိန့်ညွှန်ကြားချက်ထုတ်ပြန်ပြီး အာဆီယံစံချိန်စံညွှန်းဝင်ရိုးနဲ့ကိုက်ညီတဲ့ ကုန်သေတ္တာတင်ယာဉ်တွေပဲ ပြေးဆွဲဖို့ဖြစ်ပါတယ်"ဟု ထပ်မံပြောကြားကြောင်း ပါရှိသည်။

၂၀၁၂ ခုနှစ် ဇူလိုင် ၇ ရက် ရန်ကုန်တွင်ပြုလုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ ကုန်သည်စက်မှုအသင်းချုပ် ပဲ၊ နှမ်းကုန်သည်အသင်း ကုန်သေတ္တာတင်အသင်း၊ အဝေးပြေးကုန်စည်အသင်းတို့မှ တာဝန်ရှိသူများတွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ လမ်းများ ပျက်စီးမှုနည်းရန် ကုန်တင်ဆောင်ရာတွင် အာဆီယံစံချိန်စံညွှန်းများဖြင့်သာ ယာဉ်အမျိုးအစားအလိုက်တင်ဆောင်ရန်လိုအပ်ကြောင်း၊ ပြဋ္ဌာန်းထားသောဥပဒေများအတိုင်း လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏တင်ပြချက်များအား အသင့်တော်ဆုံးစီစဉ်၍ ဥပဒေနှင့်အညီ အကောင်းဆုံးဖြစ်အောင် တင်ပြပေးမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

တက်ရောက်လာသောဌာနဆိုင်ရာနှင့် လုပ်ငန်းအသီးသီးတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက ရန်ကုန်မြို့အတွင်း၌လည်း ကုန်သေတ္တာတင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများအနေဖြင့် သတ်မှတ်ထားသော အာဆီယံစံချိန်စံညွှန်းအတိုင်း တင်ဆောင်သွားလာကြရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်ဟု ၂၀၁၂ ခုနှစ် ဇူလိုင် ၁၈ ရက်ထုတ် အလှဆင်သူအမည်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနထုတ်ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ဝင်ရိုးသုံးခုပါ ၁၀ ဘီးကုန်တင်ယာဉ်သည် ယာဉ်+ကုန် တန်ချိန် ၂၁ တန်၊ ဝင်ရိုးလေးခုပါ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ယာဉ်+ကုန် ၂၅ တန်နှုန်း ခွင့်ပြုခဲ့သည်။ ၂၀၁၁ နှစ်လယ်မှစ၍အာဆီယံစံချိန်စံညွှန်းအတိုင်း အဝေးပြေးကုန်တင်ယာဉ်များအနေဖြင့် လိုက်နာမှုရှိခဲ့သည်။ ယင်းကာလများတွင် ဖြေလျှော့မှုအနေဖြင့် ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များ နှစ်တန်စီပိုတင်ဆောင်ခွင့် ယာယီရရှိခဲ့ရာ ယနေ့အထိဖြစ်သည်။ သို့သော် ရန်ကုန်မြို့တွင်း ကုန်သေတ္တာများတင်ဆောင်နေသော ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များမှာ အာဆီယံစံချိန်စံညွှန်းအတိုင်း ခွင့်ပြုသည့်တန်ချိန်အလေးချိန်ထက် ဆယ်တန်ဝန်းကျင်ပိုမိုနေသည်။ သို့ဖြစ်ရာ အခမဲ့တံတားဖြတ်၍ရသော ရန်ကုန်မြို့ရှိ တံတားကြီးကိုးစင်းတွင် တန်ပိုဖြတ်ခွင့်မရသဖြင့် ၁၀ ဘီး၊ ၁၂ ဘီး ကုန်သေတ္တာတင်ယာဉ်များ ယင်းတံတားများပေါ်မှဖြတ်သန်း၍ မရတော့ပါ။ ထို့အတူ ရန်ကုန်မြို့အတွင်း ပြေးဆွဲခြင်းများလည်း ရပ်ဆိုင်းလာနိုင်သည်။ ယင်းအချိန်တွင် မြန်မာပြည်တစ်ဝန်း ရန်ကုန်မြို့အပါအဝင် လမ်းမများပေါ်တွင် ကုန်တင်ယာဉ်မှန်သမျှ တစ်ပြေးညီအာဆီယံစံချိန်စံညွှန်းအတိုင်း လိုက်နာကုန်တင်ဆောင်ရတော့မည်ဟု ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြော သည်။ ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်မှုမရှိလျှင် ရန်ကုန်မြို့တွင်း လမ်းများပျက်စီးမှုနည်းလာနိုင်သည်ဟု ၎င်းက ပြောသည်။ **(မောင်စေအောင်)**



# ဥတ္တရသီရိမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိရေး သောက်သုံးရေများဖြန့်ဝေ

**နေပြည်တော် ဧပြီ ၁၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုအတွင်းရှိ ဇလောင်း(တောင်)ကျေးရွာနှင့် ဇလောင်း(မြောက်) ကျေးရွာများသို့ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် နေပြည်တော်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သောက်သုံးရေများ ဖြန့်ဝေပေးခြင်းကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများ အဆိုပါကျေးရွာများရှိ စုစုပေါင်း အိမ်ခြေ ၅၆၃၊ လူဦးရေ ၂၀၄၄ ဦး တို့အတွက် ယနေ့နံနက်ပိုင်းတွင် သောက်သုံးရေသန့် ဂါလန် ၂၁၀၀ ကို ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် သွားရောက်၍ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေပေးဝေခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ ဇလောင်း(မြောက်)ကျေးရွာမှာရှိတဲ့ ရေတွင်းတွေက ခန်းနေပါပြီ။ စက်ရေတွင်းကလည်း တစ်တွင်းပဲရှိပြီး နွေရာသီဆိုရင် ရေထွက်အားကအလွန်နည်းတဲ့အတွက် သောက်သုံးရေ အခက်အခဲဖြစ်ပါတယ်။ အခုလို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်" ဟု ရာအိမ်မှူး ဦးဝင်းလွင်က ပြောသည်။ **(ရွှေရဲရင့်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းလေ့လာကြည့်ရှု

**ကော့မှူး ဧပြီ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု ဒုတိယနှစ်စက်ဝန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကော့မှူးမြို့နယ်၏ ရေကျော်ကျေးရွာအုပ်စု ကျုံဖာကျေးရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၁၄၆ သိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ပေ ၈၁၀ × ၉ ပေ × ၈ လက်မ ရွာတွင် ကွန်ကရစ်လမ်းဆောင်ရွက်နေမှုကို ဧပြီ ၁၀ ရက်က ကော့မှူးမြို့နယ် ဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးထွန်းကိုကို(ငယ်/ယာ-၂)နှင့် တာဝန်ကျဝန်ထမ်းများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။



**(ခတ္တာစိုး)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဗုဒ္ဓဘာသာအသင်းဆရာတော်များနှင့် ကိုယ်စားလှယ်အဖွဲ့ ပုဂံဒေသဘုရားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**ညောင်ဦး မေ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဗုဒ္ဓဘာသာအသင်း (The Buddhist Association of China)မှ ဥက္ကဋ္ဌ ဆရာတော် Xue Cheng နှင့် ပေကျင်းမြို့ လင်းကွမ်းကျောင်းတိုက် ဗုဒ္ဓစွယ်တော်တိုက် ဆရာတော် Chang Zang တို့ ဦးဆောင်သော ဗုဒ္ဓဘာသာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် ၂၀ ပါသောအဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်စဉ် မေ ၉ ရက် ညနေ ၆ နာရီခွဲတွင် ပုဂံဒေသသို့ ရောက်ရှိသည်။

ယင်းနောက် မေ ၁၀ ရက် နံနက်ပိုင်းတွင် ဘုရားအမှတ်(၉၈၇) ဘုရားသို့ လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ပြီး ဘုရားအမှတ် (၉၈၇)နှင့် (၈၄၂)တို့ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ဘုရားအမှတ် (၉၈၇)တွင် ပြုလုပ်သည်။ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် တရုတ်ဗုဒ္ဓ ဘာသာအသင်းဥက္ကဋ္ဌဆရာတော်က အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက် ၍ ဩဝါဒစကားမိန့်ကြားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်ဘုရားများ ပြန်လည်ပြင်ဆင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ တရုတ်ဗုဒ္ဓဘာသာ ဥက္ကဋ္ဌ ဆရာတော်က ဘုရားအမှတ်(၉၈၇)အတွက် အလှူငွေကျပ် သိန်း ၂၅၀ နှင့် ဘုရားအမှတ်(၈၄၂) အတွက် အလှူငွေကျပ် သိန်း ၁၅၀ စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပုဂံဒေသရှိ ရွှေစည်းခုံဘုရားနှင့် သဗ္ဗညုဘုရားတို့ကို ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပန်းပိတောက်တွေပွင့်ပြီမေ

နွေသရုပ်၏
ဥသြသံချို၊ တေးသီဆိုနဲ့
ခွန်းသွဲ့သွဲ့ကြည်၊ ကြားရပြီတည့်
ရာသီစက်ဝန်း မေပြီအိမ်။

အတာကူးပြီ
ပွင့်ဖူးပိတောက်၊ ကြိုင်ကြိုင်လှောက်ပေ့
မဖောက်မပြန်၊ ပွင့်ချိန်တန်လျှင်
ရေသဘင်ပွဲ၊ တူယှဉ်နွှဲသည့်
ပျော် အကြည့်တွေ၊ ပြန်တွေးနေမိ
ရေးရေးသိမြင်၊ ငယ်ကျွမ်းခင်ကို
ရေစင်ဖျန်းခဲ့၊ လွမ်းမောချစ်စိတ်
နှောင်းအတိတ်က ပုံရိပ်တွေ...။

"ဖော့ဖယောင်းသို့၊ ပျော့ပျောင်းနူးညံ့
ဖွေးသောလက်ဖြင့် ငွေခွက်ကိုကိုင်
မွှေးကြိုင်ရနံ့၊ သင်းပျံ့ရေစင်
သွန်းလောင်းချင်သော်...
သခင်ကိုယ့်ထံလာခဲ့ကွယ်"

သည်လိုကဗျာနဲ့၊ စာအစုတွေ
ငယ်နစဉ်က၊ ချစ်သူအတွက်
ခံစားချက်ပြင်း၊ ရင်ခုန်ခြင်းဖြင့်
ရေးသွင်းစီကုံး၊ ပျော်မဆုံးခဲ့
နှလုံးရှင်ပျို၊ သည်ယနေ့တိုင်
ပိတောက်ခိုင်ဝါ၊ ဖူးပွင့်လာတိုင်း
ရင်မှာလှိုင်းထ၊ သီကုံးပြလို့
ကဗျာမအို၊ ငါမအို...
ဒါကို အချစ်လို့ခေါ်မလားကွယ်။ ။

စိုးပိုင်(ကညွတ်ကွင်း)

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**တနိုင်း မေ ၁၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ မေ ၉ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် တိန်ကောက်ကျေးရွာအုပ်စုတွင် လူနေအိမ် ငါးလုံးနှင့် အခြားအဆောက်အအုံနှစ်လုံး၊ မိုင်းခွန်ကျေးရွာအုပ်စုတွင် လူနေအိမ် ၁၂ လုံး၊ မကောကျေးရွာအုပ်စုတွင် လူနေအိမ် ၁၈ လုံးနှင့် အခြားအဆောက်အအုံနှစ်လုံး စုစုပေါင်း ၃၉ လုံး ပျက်စီးခဲ့သည်။

အဆိုပါ လေဘေးသင့်ကျေးရွာများသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်နှင့်အဖွဲ့က မေ ၁၁ ရက်တွင် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၃၉ အိမ်ထောင်အား ကျေးရွာအရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာသင်္ကြန်ကာလအတွင်း ရှာဖွေကယ်ဆယ်ရေးရေယာဉ်များနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်

**ရန်ကုန် မေ ၁၂**

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေကန်များတွင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၁၃ ရက် (သင်္ကြန်အကြို)ရက်မှ မေ ၁၆ ရက် (သင်္ကြန်အတက်) ရက်အထိ ရှာဖွေကယ်ဆယ်ရေးရေယာဉ်များနှင့်အတူ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ ရန်ကုန်မြို့ ကန်တော်ကြီးတွင် ရှာဖွေကယ်ဆယ်ရေးရေယာဉ် နှစ်စင်းနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်သည့် တပ်ဖွဲ့ဝင် လေးဦးတို့ဖြင့်လည်းကောင်း၊ အင်းလျားကန်တွင် ရှာဖွေကယ်ဆယ်ရေးရေယာဉ် နှစ်စင်းနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်သည့်တပ်ဖွဲ့ဝင် လေးဦးတို့ဖြင့် လည်းကောင်း တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလအတွင်း လူငယ်အချို့တို့မှ လည်ပတ်ကြပြီး အပူဒဏ်မှသက်သာစေရန်အတွက် ရေကန်အတွင်း ရေစိမ်ခြင်း၊ ရေကူးခြင်းများ ပြုလုပ်လေ့ရှိသည်။ ထို့အပြင် အရက်သေစာသောက်စားပြီး ရေကန်အတွင်းသို့ ဆင်းသူ များလည်းရှိသည်။ ထိုသူတို့မှာ မမျှော်လင့်ဘဲ ရေနစ်သည့် အန္တရာယ်နှင့်ကြုံတွေ့ပြီး အသက်သေဆုံးလေ့ရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ရန်ကုန်မြို့ရှိ ရေကန်များတွင် ရေကန်အတွင်းသို့ဆင်းသက်ခြင်း၊ ရေကူးခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တားမြစ်ထားသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် မေ ၁၇ ရက်တွင် လှော်ကားဥယျာဉ်(သာဓုကန်)တွင် ဇီဝိတဒါနငါးများ လွှတ်လေ့ရှိရာ ထိုနေရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှင့်အတူ တာဝန်ပြီးဆုံးချိန်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အောင်သူရ)**

❑

## သင်္ကြန်ကာလအတွင်း ကာမရာဂဆေးများရောင်းချမှုမရှိရေးစစ်ဆေး

**ပြည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၁၁ ရက်က ပြည်မြို့နယ်အတွင်းရှိ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ နဝင်းရပ်ကွက်၊ ရွာဘဲရပ်ကွက်၊ အောင်ဆန်းပြည်သာယာရပ်ကွက်နှင့် ခေတ္တရာမြို့သစ်ရပ်ကွက်၊ နဝဒေးရပ်ကွက်များအတွင်းရှိ ဆေးဆိုင်များတွင် သင်္ကြန်ကာလအတွင်း ကာမရာဂနိုးကြွစေသောဆေးများ၊ လိင်အားတိုးဆေးများနှင့် တရားမဝင်တင်သွင်းထားသောဆေးဝါးများ၊ သက်တမ်းကုန်နေသောဆေးဝါးများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များအား တရားမဝင်သက်တမ်းလွန်ဆေးများ ရောင်းချခြင်းမပြုရန်နှင့် တွေ့ရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

## မဟာသင်္ကြန်ပွဲတော်ကာလကျန်းမာရေးနှိုးဆော်ချက်

နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ကျန်းမာပျော်ရွှင်နိုင်ရန်အတွက် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပွားတတ်ပါသဖြင့် အလွန်ပူပြင်းသောနေရောင်အောက်တွင် သွားလာလှုပ်ရှားမှုများကို သတိပြုဆင်ခြင်ပါ။

(၂) ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ရန်အတွက် မိမိအသားကို နေရောင်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန် ဝတ်စားဆင်ယင်ပါ။ အန္တရာယ်ကင်းသောနေရောင်ခံလိမ်းဆေးအသုံးပြုပါ၊ နေကာမျက်မှန်တပ်ဆင်ပါ။

(၃) မူးယစ်သောက်စားခြင်းကြောင့် သွေးတိုးခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ယာဉ်မတော်တဆဖြစ်ခြင်းတို့ ကြုံတွေ့နိုင်ပါသဖြင့် အရက်သေစာသောက်စားမှုကိုဆင်ခြင်ပါ။

(၄) မလိုလားအပ်သောကျန်းမာရေးနှင့် လူမှုရေးနောက်ဆက်တွဲပြဿနာများမဖြစ်ပွားစေရန် မူယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးများသုံးစွဲခြင်းကို လုံးဝရှောင်ကြဉ်ပါ။

(၅) အစာအဆိပ်သင့်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကို ကြိုတင်ကာကွယ်ရန် စားသောက်ဖွယ်ရာလှူဒါန်းသူများသည် အစားအစာများကို သန့်ရှင်းစင်ကြယ်စွာချက်ပြုတ်ပြင်ဆင်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်းစသည်တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောထီး၊ ဦးထုပ် စသည်တို့ကိုဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲမထွက်မီ (၁၅)မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့်-

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့မဟုတ်)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များဝတ်ဆင်ပေးပါ။ နေကာမျက်မှန်တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တောင်ငူအကျဉ်းထောင် အချုပ်သားတစ်ဦး၏စအိုအတွင်းမှ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**တောင်ငူ မေ ၁၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူအကျဉ်းထောင်တွင် အချုပ်သားတစ်ဦး၏ စအိုအတွင်းမှ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိသဖြင့် သယ်ဆောင်ခိုင်းသူနှင့် သယ်ဆောင်သူအချုပ်သား နှစ်ဦးအား မူးယစ်ပုဒ်မဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

မေ ၁၁ ရက် ညနေ ၅ နာရီခွဲခန့်က တောင်ငူအကျဉ်းထောင်သို့ ရုံးထုတ်အကျဉ်းသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီး လေးဦးတို့အား သုံးဖွဲ့ခွဲ၍ ပို့ဆောင်စဉ် တောင်ငူအကျဉ်းစခန်းထောင်ဗူးဝ၌ အကျဉ်းစခန်းတာဝန်ရှိသူ လက်ထောက်ကြီးကြပ်ရေးမှူး ဇော်မင်းဦးက စစ်ဆေးခဲ့ရာ တတိယအကြိမ်တွင် ပို့ဆောင်သည့်အဖွဲ့၌ ပါဝင်သော အချုပ်သား ဖိုးလပြည့်(ခ) တင်ထွန်းလှိုင်(၂၆)နှစ် (၁၆)ရပ်ကွက် ရွှေပြည်သာမြို့နေသူ၏စအိုအတွင်းမှ မီးခံတိပ်အနက်ရောင်ဖြင့် ပတ်ထားသည့် အထုပ်တစ်ထုပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းအရတောင်ငူမြို့မရဲစခန်းမှ ရဲအုပ်အောင်ကျော်လွင်ဦး၊ ရဲအုပ်ဝင်းထိုက်စိုး၊ ဒုရဲအုပ်ဟန်လင်းအောင်ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်၍ အချုပ်သား ဖိုးလပြည့်၏စအိုအတွင်းမှ တွေ့ရှိသည့် အထုပ်အား စစ်ဆေးခဲ့ရာ အတွင်း၌ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ အလေးချိန် ၁၀ ဂရမ်ခန့်အား တွေ့ရှိခဲ့ရကြောင်း၊ အချုပ်သား ဖိုးလပြည့်အား ဆက်လက်စစ်ဆေးခဲ့ရာတွင် အဆိုပါမူးယစ်ဆေးပြားများအား ၎င်းနှင့်တစ်မှုတည်း ရင်ဆိုင်နေရသည့် အချုပ်သား ကိုဦး(ခ)နိုင်လင်းထက်(၂၂)နှစ် ပေါက်လှကြီးလမ်း မင်းကြီးညိုရပ်(၂၂)ရပ်ကွက် တောင်ငူမြို့နေသူက အကျဉ်းစခန်းအတွင်းသို့ သယ်ယူပေးရန်စေခိုင်း၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရပြီး ၎င်းအချုပ်သားနှစ်ဦးအား မူးယစ်ပုဒ်မဖြင့် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**
တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၄၁ စီး၊ သွင်းကုန် ၃၈၆စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၅ စီး၊ သွင်းကုန် ၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၀၁၆ သန်းခန့်)ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အေးခဲကြက်သား 50 kg 3 Pkgs နှင့် အေးခဲကြက်ကလီစာ 50 kg 3 Pkgs (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သန်းခန့်) အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ဆယ်ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန်၍ ကိုယ်ပိုင်ယာဉ်ငယ်တစ်စီး၊ ဆိုင်ကယ်ခြောက်စီး၊ ဈေးဆိုင်ခန်း ရှစ်ခန်းနှင့် အမျိုးသား၊ အမျိုးသမီးလေးဦးကို ဝင်ရောက်တိုက်မိ

**ရေတာရှည် မေ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့စည်ပင်သာယာဈေးရှေ့တွင် မေ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်က ဆယ်ဘီးကုန်တင်ယာဉ်တစ်စီးသည် ရှေ့မျက်နှာချင်းဆိုင်ဘက်မှလာသည့် ယာဉ်အားရှောင်တိမ်းရာမှ အရှိန်လွန်ပြီး လမ်းဘေးရှိ ကိုယ်ပိုင်မော်တော်ယာဉ်တစ်စီး၊ ဆိုင်ကယ်များ၊ စက်ဘီးနှင့် ဈေးရောင်းသူများကို တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း မြောက်မှတောင်သို့ အေးမင်းဖြိုး(၂၅)နှစ် ကမ်းနားရပ်ကျည်တောင်ကန်ရပ်ကွက် ပျဉ်းမနားမြို့နေသူမောင်းနှင်လာသော နီဆန်း ဆယ်ဘီးကုန်တင်ယာဉ်သည် မိုင်တိုင်(၂၀၅/၂)နှင့် (၃)အကြား သာဂရမြို့ ဆင်စုရပ်ကွက် စည်ပင်သာယာဈေးရှေ့အရောက်တွင် ရှေ့မျက်နှာချင်းဆိုင်ဘက်မှလာသည့် ယာဉ်တစ်စီးအား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက်သို့ဆွဲချသွားခဲ့ပြီး ကောင်းမြတ်လက်ဖက်ရည်ဆိုင်ရှေ့၌ ထိုင်နေသော ကိုအောင်ကျော်မိုး(၃၉)နှစ် ဒေဝသာစည်ကျေးရွာ၊ မထွေးရီ(၃၀)နှစ် ဇဝင်းကျေးရွာ ဆန်တော်ပို့အုပ်စုနေသူတို့နှစ်ဦးအပြင် ပျံကျဈေးဆိုင်ခန်းအတွင်း သစ်သီးစုံရောင်းချနေသည့် မမေသူဇာဝင်း(၂၁)နှစ် ထောက်ကြန့်ကွင်းရွာ ဆွာမြို့၊ မနေခြည်ဦး(၁၄)နှစ် သရက်ကုန်းရပ်ကွက် သာဂရမြို့နေသူတို့အား ဝင်ရောက်တိုက်မိခဲ့ပြီး ကားလမ်းဘေးတွင် ရပ်တန့်ထားသည့် HONDA Fit တစ်စီး၊ ဆိုင်ကယ်ခြောက်စီး၊ စက်ဘီးတစ်စီး၊ ပျံကျဈေးဆိုင်ခန်းလေးခန်း၊ ဈေးဆိုင်ခန်း လေးခန်းတို့ကို ဆက်လက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဖူးရောင်ပွန်းပဲ့(မစိုးရိမ်ရ) ဒဏ်ရာများရရှိသူများအား ဆွာတိုက်နယ်ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး အမှုဖြစ်စဉ်အား သာဂရနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

## ခင်ဦးမြို့နယ်၌ တစ်ရက်တည်း အမှုသုံးမှုဖြစ်ပွား

**ခင်ဦး မေ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မေ ၁၂ ရက်က ယာဉ်တိမ်းမှောက်ခြင်း၊ မီးလောင်ခြင်းနှင့် စိတ်ကြွဆေးပြားများ ဖမ်းမိခြင်း အမှုသုံးမှု ဖြစ်ပွားခဲ့သည်။

ရွှေဘို-မြစ်ကြီးနားကားလမ်း ရွာသစ်ကျေးရွာအနီး မိုင်တိုင်အမှတ်(၇/၇)နှင့်(၈/၀)ကြားတွင် မြောက်မှတောင်သို့ ယာဉ်မောင်း အောင်ဇော်မိုး(၃၂)နှစ် လှေဦးကန်ကျေးရွာ မြင်းမူမြို့ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝမ်းချိုင်း(ခ) ရန်နိုင်ထွန်း(၂၀)နှစ် လယ်စင်းကျေးရွာ မြင်းမူမြို့နေသူတို့ လိုက်ပါလာသော ပီပါခွံများတင်ထားသည့် ယာဉ်အမှတ်(SHN--- )အဖြူရောင် SAMSUNG အမျိုးအစား (၁၄)ဘီးယာဉ်မှာ နံနက် ၅ နာရီခွဲက တံတားလက်ရန်းအား အရှိန်လွန်တိုက်မိရာမှ ကားလမ်းပေါ်တွင် တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ဒဏ်ရာအသီးသီး (မစိုးရိမ်ရ)ရရှိခဲ့သည်။ ယာဉ်တိမ်းမှောက်ရာသို့ ကားလမ်းပိတ်ဆို့မှုမဖြစ်စေရန် တာဝန် ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါနေ့ နံနက် ၈ နာရီက ရွာစဉ်ကျေးရွာတွင် ဦးနေဝင်းနိုင်(၃၀)နှစ်၏ နှစ်ခန်းပတ်လည် ထန်းရွက်မိုး၊ ထန်းရွက်ကာ မြေစိုက်တဲနေအိမ်မှာ မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ ကျေးရွာမှ ရွာသူရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါနေရာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့သွားရောက်ပြီး ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းနေ့ နံနက် ၈ နာရီက မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သောင်းဝင်း၊ နယ်ထိန်း ဒု-ရဲအုပ်ကျော်ဇင်ဦးနှင့် အဖွဲ့တို့သည် သတင်းအရ သက်သေများနှင့်အတူ ကံသစ်ကျေးရွာ ဦးအောင်မင်း(၅၅)နှစ်၏ သွပ်မိုး၊ ထရံကာ၊ တစ်ထပ်နေအိမ်အတွင်း မူးယစ်ဆေးဝါးရှာဖွေခွင့် ဝရမ်းအမှတ်စဉ်(၁/၂၀၁၇)ဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်ဘယ်ဘက် ဖောင်းတဲအတွင်း ဆန်အိတ်များအောက်တွင် ဝှက်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ပါ အိတ်တစ်အိတ်၊ တစ်ဖက်တွင် ၁ နှင့် အခြားတစ်ဖက်တွင် ၈၈ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ အိတ်တစ်အိတ် စုစုပေါင်း ဆေးပြား ၃၇၀ အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များအား မြို့မရဲစခန်းက အသီးသီးအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

## လျှပ်စစ်ထမင်းပေါင်းအိုးဖြင့် ထမင်းအိုးတည်ရာမှ အပူလွန်ကဲ၍ ဝါယာရှော့ဖြစ်ကာ နေအိမ်လေးလုံး မီးကူးစက်လောင်ကျွမ်း

**ဘားအံ မေ ၁၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဖဲကတာကျေးရွာအုပ်စု ဖဲကတာကျေးရွာ အမှတ်(၂)ရပ်ကွက်တွင် ပေါင်းအိုးဖြင့်ထမင်းချက်၍ ပလပ်ကြိုးမဖြုတ်ဘဲထားရာမှ အပူလွန်ကဲကာ ဝါယာရှော့ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ပတ်ဝန်းကျင်နေအိမ်များပါ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် စုစုပေါင်း နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ် ဖဲကတာကျေးရွာအုပ်စု ဖဲကတာကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဇာသပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လင်းဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ မီးစတင်လောင်ကျွမ်းသည့် နေအိမ်မှာ ဖဲကတာကျေးရွာ အမှတ်(၂)ရပ်ကွက်ရှိ ဒေါ်ငြိမ်းတင်(၅၅)နှစ်ခန့်၏ နေအိမ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ ဒေါ်ငြိမ်းတင်မှာ နေအိမ်တွင် (၅)နှစ်အရွယ် မြေးဖြစ်သူနှင့်နေထိုင်သူတစ်ဦးဖြစ်ပြီး အခင်းဖြစ်နေ့ နံနက် ၅ နာရီခန့်က သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူရန်အတွက် လျှပ်စစ်ပေါင်းအိုးဖြင့် ထမင်းချက်ခဲ့ကာ ထမင်းချက်အပြီး ပေါင်းအိုးမှ ဝါယာကြိုးအား မဖြုတ်ဘဲထားခဲ့၍ မြေးဖြစ်သူနှင့်အတူ လယ်တောသို့ သွားနေခဲ့ကြောင်း၊ ဝါယာကြိုးမှာ အပူချိန်လွန်ကဲ၍ ရှော့ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားရာမှ ပတ်ဝန်းကျင်နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် စုစုပေါင်း နေအိမ်လေးလုံး လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ဇာသပြင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဇာသပြင်ကျေးရွာ၊ ဖဲကတာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၉၀ ခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့၍ မွန်းလွဲ ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဒေါ်ငြိမ်းတင်အား ဇာသပြင်နယ်မြေရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်မျိုးမင်းဆွေက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## ကောလင်း ရဲစခန်းဝန်ထမ်းလိုင်းခန်း မီးလောင်မှုဖြစ်ပွား

**အင်းတော် မေ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်ရဲစခန်း ဝန်ထမ်းလိုင်းခန်းတွင် မှီခိုနေထိုင်သူ ရဲတပ်ကြပ်ကြီးမြင့်အောင်(ကွယ်လွန်)၏ ဇနီး ဒေါ်သန်းရွှေမြ နေထိုင်သော ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး နှစ်ခန်းတွဲ နေအိမ်တစ်လုံး မေ ၁၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုအား ကောလင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဖြိုးညွန့်မောင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် အခြားနေအိမ်များကို မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်မှုနှင့်စပ်လျဉ်း၍ ကောလင်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ဘာစီလိုနာအသင်း သေရင်မြေကြီးရှင်ရင်ရွှေထီးအခြေအနေ ဆိုက်နေပြီဟု အင်နီယေစတာပြောကြား

ဘာစီလိုနာအသင်းအနေဖြင့် မဖြစ်မနေ တိုးတက်ရေးအတွက် အားထုတ်ရမည်ဖြစ်ပြီး မဟုတ်ပါက ဒုတိယအကြိမ် ပြန်လာအောင် စွမ်းဆောင်နိုင်တော့မည် မဟုတ်ကြောင်း ဘာစီလိုနာအသင်းခေါင်းဆောင် အင်နီယေစတာက TV3 နှင့်အင်တာဗျူးပြုလုပ်စဉ် ပြောကြားသည်။ ဘာစီလိုနာအသင်းသည် ပထမပိုင်းအတွင်း ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာ၏ သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရပြီးနောက် ဒုတိယပိုင်းအတွင်းတွင် ချီလီနီ၏ ခေါင်းတိုက်ဂိုးကြောင့် ပွဲအပြီးတွင် သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ရခြင်းသည်။

ဘာစီလိုနာအသင်းသည် ၁၆ သင်းရှုံးထွက်အဆင့်တွင် ပီအက်စ်ဂျီအသင်းကို ပထမအကျော့တွင် လေးဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့သေးသော်လည်း ဒုတိယအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ယခုလည်း ဘာကာအနေဖြင့် အလားတူ အခြေအနေမျိုးနောက်တစ်ကြိမ် ထပ်မံကြုံတွေ့နေရခြင်းဖြစ်ပြီး သမိုင်းတွင်သည့် စွမ်းဆောင်မှုမျိုးဖြင့် နောက်တစ်ကြိမ်ပြန်လာနိုင်ဦးမည်လားဆိုသည်ကို စမ်းသပ်ခံရတော့မည်ဖြစ်သည်။

ဘာစီလိုနာအသင်း နောက်တစ်ကြိမ် ပြန်လာအောင်စွမ်းဆောင်ပြနိုင်ဦးမည်လားဆိုသည့် မေးခွန်းအတွက်မူ အင်နီယေစတာက "ကျွန်တော်တို့အနေနဲ့ ပဲရစ်တုန်းကလို အခြေအနေမျိုး နောက်တစ်ကြိမ်ကြုံတွေ့နေရပြီး အလွန်ခက်ခဲတဲ့ အခြေအနေကို ဆိုက်ရောက်သွားပါပြီ။ ကျွန်တော်တို့စွမ်းနိုင်သမျှကို အစွမ်းကုန်ကြိုးစားရင်တော့ လုပ်ဆောင်ပြနိုင်ပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်တော့ ပြန်လာဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့ ကိစ္စရပ်ဖြစ်သွားပါပြီ" ဟု အင်နီယေစတာက ဖြေကြားခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ကစားပုံဆိုးရွားခဲ့သည့် မက်ဆီနှင့် နေမာတို့နှစ်ဦးကို နေ့စဉ်ထုတ်သတင်းစာနှင့်လူမှုကွန်ရက်များမှ အပြင်းအထန်ဝေဖန်ခဲ့ကြပြီး နေမာကိုဆိုလျှင် ကာတလန်နေ့စဉ်ထုတ်သတင်းစာက ဘာစီလိုနာအသင်း၏ "အဆိုးရွားဆုံးကစားသမား"၊ မန်တိုဒီပို့တီဗိုစာစောင်ကလည်း "လုံးဝပျောက်နေသည့် ကစားသမား" အဖြစ် အသီးသီး အမည်တပ်ခဲ့ကြသည်။ တွစ်တာစာမျက်နှာပေါ်တွင်မူ မက်ဆီကို ဗဟိုပြုဝေဖန်ခဲ့ပြီး ဒိုင်ဘာလာနှင့် မက်ဆီတို့နှုတ်ဆက်နေသည့်ပုံကို အာဂျင်တီးနားအကောင်းဆုံးကစားသမားနှင့် မက်ဆီဟုရေးသားကာ လှောင်ပြောင်ခဲ့သလို အခြားလှောင်ပြောင်မှုအမျိုးမျိုးကိုလည်း ရေးသားခဲ့ကြသည်။

မေလဲ့သင်း - စုစည်းသည်။




# ဒေါ့မွန်အသင်းစီးနင်းလာသည့် ကားအနီး ဗုံးပေါက်ကွဲမှုကြောင့် နောက်ခံလူ ဘာထရာ ခွဲစိတ်ကုသမှု ခံယူခဲ့ရ

ဒေါ့မွန်အသင်းစီးနင်းလာသည့် ဘတ်စ်ကားအနီး သုံးလုံးဆက် ဗုံးပေါက်ကွဲမှုကြောင့် ဒေါ့မွန်နောက်ခံလူ ဘာထရာမှာ လက်မောင်းနှင့် ခါးနေရာတို့တွင် ဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ မိုနာကိုအသင်းနှင့် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲအတွက် ဒေါ့မွန်အသင်းတည်းခိုရာ ဟိုတယ်မှ ဆစ်ဂနယ်အီဒူးနားကွင်းသို့ ထွက်ခွာလာစဉ် ကားလမ်းဘေး ဆစ်ဂနယ်အီဒူးနားကွင်းနှင့် ခြောက်မိုင်အကွာတွင် ဗုံးသုံးလုံးဆင့် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်နည်းပြကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အဆိုပါ ပေါက်ကွဲမှု ဖြစ်စဉ်တွင် ဒေါ့မွန်နောက်ခံလူ ဘာထရာ တစ်ဦးသာ ဒဏ်ရာရရှိ ခဲ့ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့သော်လည်း ကစားသမားများအားလုံး အံ့သြတုန်လှုပ်ကာ စကားပင်မပြောနိုင်ခဲ့ ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူး မိုက်ကယ်စတရိန်းကမူ ဘာထရာရဲ့ ဒဏ်ရာမှာ အစပိုင်းတွင်အသေးစားဒဏ်ရာဟု ထင်မှတ်ထားခဲ့သော်လည်း ညနေပိုင်းတွင် စိုးရိမ်ဖွယ်ရာအဖြစ် ကူးပြောင်းလာခဲ့ကြောင်း ဆိုခဲ့သည်။ စပိန်ဘောလုံးအဖွဲ့ချုပ်သည်လည်း စပိန်လူမျိုး နောက်ခံလူ ဘာထရာနောက်တွင် စပိန်တစ်နိုင်ငံလုံး ရပ်တည်ပေးနေသည်ဟူသော ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ပြည်သူ့တရားရေးအရာရှိ ဆန်ဒရာလာ့ခ်ကမူ လူသေစေရန်ရည်ရွယ်တိုက်ခိုက်သည့် ဖြစ်စဉ်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုပြောကြားခဲ့သည်။ မိုနာကိုအသင်းဘက်ကမူ ပွဲပျက်ခဲ့သည့်အတွက် ပရိသတ်များတည်းခိုနေထိုင်စရိတ်အတွက် ပေါင် ၇၀ ငွေပြန်အမ်းပေးခဲ့သည်။



မာရှေယာနို၊ အင်နီယေစတာ၊ မက်ဇီလိုပက်ဇ်နှင့် မက်ဆီတို့အား အတူအတွတွေ့ရစဉ်။ (ဝဲမှယာ)

# မက်ဆီနဲ့ ရင်းနှီးမှုကြောင့် အစ်ကာဒီ အာဂျင်တီးနားအသင်းတွင် ရွေးချယ်မခံရခြင်းဖြစ်သည်ဆိုသော သတင်းများကို ငြင်းပယ်လိုက်တဲ့ မက်ဇီလိုပက်ဇ်

မက်ဇီလိုပက်ဇ်နဲ့ မက်ဆီ၊ မာရှေယာနိုတို့ကြား ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးကြောင့် အာဂျင်တီးနားအသင်းတွင် အင်တာမီလန်အသင်းခေါင်းဆောင် အစ်ကာဒီ ရွေးချယ်မခံရခြင်းဖြစ်သည်ဆိုတဲ့ သတင်းများအပေါ် မက်ဇီလိုပက်ဇ်က ငြင်းဆန်ပယ်ချလိုက်ပြီဖြစ်သည်။ မက်ဇီလိုပက်ဇ်ရဲ့ဇနီးဟောင်း ဝါဒါနာရာနဲ့ အစ်ကာဒီတို့ အချစ်ဇာတ်လမ်း လူသိရှင်ကြား ဖြစ်ခဲ့ပြီးနောက် အစ်ကာဒီမှာ အာဂျင်တီးနားအသင်းတွင် နေရာပျောက်ခဲ့ရကာ ၂၀၁၃ခုနှစ်နောက်ပိုင်း ဥရုဂွေးအသင်းနဲ့ ယှဉ်ပြိုင်ရတဲ့ ပွဲစဉ်တစ်ပွဲသာ အာဂျင်တီးနားအသင်းအတွက် ဝင်ရောက်ကစားခွင့်ရရှိခဲ့သည်။

ယခုလို အစ်ကာဒီတစ်ယောက် အာဂျင်တီးနားအသင်းတွင် နေရာမရခြင်းမှာ ဘာစီလိုနာတိုက်စစ်မှူးဟောင်း မက်ဇီလိုပက်ဇ်နဲ့ အာဂျင်တီးနားနည်းပြများအပေါ် ဩဇာလွှမ်းမိုးမှုရှိတဲ့ မက်ဆီ၊ မာရှယာနိုတို့အကြား ရင်းနှီးလွန်းသည့် ဆက်ဆံရေးအနေအထားကြောင့်ဖြစ်တယ်လို့ သတင်းများတောက်လျှောက်ထွက်နေခဲ့သည်။ မက်ဇီလိုပက်ဇ်က အစ်ကာဒီကိုရော နာရာကိုပါ သစ္စာဖောက်များအဖြစ် အမည်တပ်ကာ ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိကြောင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းများ ပျံ့နှံ့လာခြင်းဖြစ်သည်။ သို့သော် မက်ဇီလိုပက်ဇ်က မက်ဆီ၊ မာရှေယာနိုတို့နဲ့ စကားမပြောဖြစ်သည်မှာ ၂၀၀၇ ခုနှစ် မာယော့ကာအသင်းတွင် သူသွားရောက်ကစားနေသည့်အချိန်ကတည်းကဖြစ်ပြီး ၁၀စုနှစ်တစ်ခုပင် ရှိနေပြီဖြစ်ကြောင်း လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုဆိုသည်မှာ နည်းပြရဲ့ ဆုံးဖြတ်ချက်အတိုင်းသာလျှင်ဖြစ်ကြောင်း ဖြေရှင်းခဲ့သည်။

အစ်ကာဒီနဲ့ မက်ဇီလိုပက်ဇ်တို့မှာ ယခင်က ရင်းနှီးသည့် အသင်းဖော်များဖြစ်ခဲ့ကြသော်လည်း အစ်ကာဒီနဲ့ လိုပက်ဇ်ရဲ့ ဇနီးဟောင်း နာရာတို့ အချစ်ဇာတ်လမ်းကြောင့် နှစ်ဦးသား ဆက်ဆံရေးပျက်ခဲ့သလို အာဂျင်တီးနားဂန္တဝင်ကစားသမားဟောင်း မာရာဒိုနာကလည်း အစ်ကာဒီ ခြေစွမ်းဘယ်လောက်ကောင်းကောင်း သစ္စာဖောက်တစ်ယောက်သာဖြစ်၍ သူ့အနေနဲ့ ဘယ်လိုမှ အထင်မကြီးကြောင်း ဝေဖန်ခဲ့သေးသည်။ အစ်ကာဒီနဲ့ လက်ထပ်ထားတဲ့ နာရာကမူအစ်ကာဒီကို လက်ရွေးစင်အသင်းမှ ချန်လှပ်ခဲ့တဲ့ အာဂျင်တီးနားနည်းပြအစဉ်အဆက်ကို ဝေဖန်ခဲ့ပြီး ခြေစွမ်းပိုင်းကိုမကြည့်ဘဲ ခံစားချက်ကို ဦးတည်နေသူများဟူသော စကားလုံးဖြင့် ထိုးနှက်ခဲ့သည်။

# ဘာစီလိုနာအသင်းကို အနိုင်ရရှိသည့်ပွဲစဉ်မှာ သူ၏ဂျူဗင်တပ်နည်းပြဘဝ အကောင်းဆုံးပွဲဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီကြွေးကြော်

ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီက ဘာစီလိုနာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရအောင် ကစားနိုင်ခြင်းက သူ၏ နည်းပြဘဝတစ်လျှောက် အကောင်းဆုံးသော ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကြောင်း ကြွေးကြော်ခဲ့သည်။ အယ်လီဂရီမှာ ဂျူဗင်တပ်နည်းပြအဖြစ် တာဝန်ယူခဲ့သည့် သုံးနှစ်တာကာလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ယူ၍ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် သမိုင်းဝင်အောင်ပွဲမျိုးလည်း ကြုံခဲ့ဖူးသော်လည်း ယခု ဘာစီလိုနာအသင်းကို အနိုင်ယူနိုင်ခြင်းကသာ အကောင်းဆုံးပွဲစဉ်ဟု အမည်တပ်လိုက်ခြင်းဖြစ်သည်။

အယ်လီဂရီက ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်းနှစ်ရပ်စလုံးတွင် နည်းဗျူဟာကျကျ ကစားကာ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး နျူးကမ့်ကွင်းတွင် ဘာစီလိုနာအသင်းကို သွားရောက်ရင်ဆိုင်သည့် အခါတွင်လည်း အဝေးဂိုးသွင်းယူနိုင်မည်ဟု မျှော်လင့်ကြောင်းဆိုခဲ့သည်။

လက်ရှိဂျူဗင်တပ်အသင်းတွင် ကစားနေသည့် ဘာစီလိုနာကစားသမားဟောင်းဖြစ်သူ ဒန်နီအဲဗက်စ်ကလည်း အယ်လီဂရီ၏ စကားကို ထောက်ခံခဲ့ပြီး ဘာစီလိုနာအသင်းနှင့် ဒုတိယအကျော့ရင်ဆိုင်သည့်အခါ ခံစစ်ချည်း သက်သက်ဖြင့် ကစား၍ မရဘဲ ဂိုးသွင်း နိုင် အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။





## မန်းရွှေစက်တော်ဘုရားပွဲတော်ပိတ်ပွဲရက်အားပြင်ဆင်သတ်မှတ်

**စကု ဧပြီ ၁၂**

မြန်မာနိုင်ငံ အထင်ကရသမိုင်းဝင် ရွှေစက်တော်ဘုရားပွဲတော်အား နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်တွင် စတင် ကျင်းပပြီး မြန်မာနှစ်ဆန်း ၁ ရက်တွင် ပိတ်ပွဲကျင်းပရာတွင် ၂၀၁၇ ခုနှစ်မှစတင်၍ မန်းရွှေစက်တော် ဘုရားပွဲတော်ပိတ်ပွဲအား မြန်မာနှစ်ဆန်း ၂ ရက်သို့ ရွှေ့ပြောင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိတ်ပွဲပြောင်းလဲရက်ရွှေ့ခြင်းကို မန်းရွှေစက်တော်ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များပါဝင်သော မန်းရွှေစက်တော်နာယကအဖွဲ့နှင့် ရွှေစက်တော်ဘုရားဂေါပကအဖွဲ့တို့၏ ညှိနှိုင်းဆုံးဖြတ်ချက်အရ ပိတ်ပွဲကျင်းပမည့်ရက်အား ပြင်ဆင် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ဘုရားဂေါပကထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စကုမြို့နယ် အထင်ကရသမိုင်းဝင် မန်းရွှေစက်တော်ပါဒစေတီဘုရားပွဲတော် ပိတ်ပွဲရက်အား နှစ်စဉ် ကျင်းပနေသောမြန်မာနှစ်ဆန်း ၁ ရက်အစား မြန်မာနှစ်ဆန်း ၂ ရက်သို့ ၂၀၁၇ ခုနှစ်မှစ၍ ပြင်ဆင်သတ်မှတ်လိုက်ရခြင်းမှာ ဆရာတော်၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များအားလုံး နှစ်သစ်ကူးအလှူကိစ္စများဖြင့် မအားလပ်ကြခြင်းကြောင့် ရက်ပြောင်းသတ်မှတ်ရကြောင်း ရွှေစက်တော်ဘုရားပွဲတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

"မြန်မာ့ဓလေ့ထုံးစံအရ နှစ်ဆန်း ၁ ရက်မှာ ဆရာတော် သံဃာတော်တွေနဲ့ ဗုဒ္ဓဘာသာဝင်တွေ အားလုံးဟာ နှစ်သစ်ကူးအလှူ ကိစ္စတွေနဲ့ မအားလပ်ကြတာကြောင့် အားလုံးရဲ့ညှိနှိုင်းဆုံးဖြတ်ချက်အရ နှစ်ဆန်း ၂ ရက် ဧပြီ ၁၈ ရက်မှာ ပိတ်ပွဲပြုလုပ်ဖို့သတ်မှတ်လိုက်တာပါ" ဟု ရွှေစက်တော်ဘုရားပွဲတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။

ရွှေစက်တော်ဘုရားပွဲတော်အား နှစ်စဉ် တပို့တွဲ လဆန်း ၅ ရက်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်နှစ်ဆန်း ၁ ရက်တွင် ပိတ်ပွဲကျင်းပနေရာမှ ၎င်းပိတ်ပွဲရက်အား နှစ်ဆန်း ၂ ရက်သို့ ၂၀၁၇ ခုနှစ်တွင် ရွှေ့ပြောင်းလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

**ခွဲထက်ရှင်**

## သင်္ကြန်ကာလ အရေးပေါ်ကုသမှုများနှင့် အတူ အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်မည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင်ထား

**မန္တလေး ဧပြီ ၁၂**

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် သင်္ကြန်ကာလအရေးပေါ်ကုသမှုများနှင့်အတူ အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာသော ရောဂါခံစားရမည့်လူနာများအတွက်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြောင်း ၎င်းဆေးရုံကြီး ဆေးလုပ်ငန်းမှူးမှဆက်ဆံရေးဌာနမှ ဦးမင်းလွင်ကပြောသည်။

သင်္ကြန်ကာလအရေးပေါ် ကုသမှုများနှင့် မတော်တဆမှုများအတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံကြီးရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နေ့နှင့်ညအလှည့်ကျဖြင့် ဆေးရုံကြီးတွင် အဆင်သင့်ထားရှိကြောင်း သိရသည်။

"လူအင်အား နှစ်ဆကျော်လောက်ချထားပါတယ်။ ဆရာဝန်တွေ၊ ဆရာမတွေနဲ့ စက်ကိရိယာ၊ ဆေးဝါးကအစ အရင်နှစ် နမူနာတွေကြည့်ပြီး ပြင်ဆင်ထားပါတယ်။ အရင်ရှိပြီးသား မီးလိုင်းအပြင် နောက်ထပ် မီးလိုင်း တစ်လိုင်းကိုလည်း အရေးပေါ်အတွက် သွယ်တန်းထားပါတယ်။ သင်္ကြန်အတွက် သာမက Heat Stroke အတွက်ပါတစ်ပါတည်း ကြိုတင်ပြင်ဆင်ထားတာပါ။ လူမှုကူညီရေးအသင်းတွေလည်း ပူးပေါင်းဆောင်ရွက်မှာပါ" ဟု ၎င်းက ပြောသည်။

ဆက်လက်၍၎င်းက Heat Stroke လူနာတွေအတွက် ပန်ကာတွေ၊ လေအေးပေးစက်တွေ ကောင်း၊ မကောင်း ပြန်လည်စစ်ဆေးဆောင်ရွက်နေပါတယ်။ ရေခဲတုံးတွေအတွက်ကလည်း အလှူရှင်နဲ့ ချိတ်ဆက်ထားပါတယ်။ အရေးပေါ်ဌာနအပြင် အခြားဆက်နွယ်တဲ့ ဌာနတွေပါ ပြင်ဆင်ထားပါတယ်"ဟုပြောကြားသည်။

အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သော ဝေဒနာခံစားရမည့်သူများအတွက်လည်း လိုအပ်သော ကူညီစောင့်ရှောက်မှုများပြုလုပ်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ထားပြီး လူနာဆောင်များကိုလည်း တိုးချဲ့ပြင်ဆင်ထားသည့်အပြင် အပူရှောင်နိုင်မည့် ရွက်ဖျင်တဲများကိုလည်း ဆောက်လုပ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ခုနှစ် သင်္ကြန်ကာလအတွင်း ဆေးရုံကြီးသို့ လူနာ ၇၇၇ဦး လာရောက်ပြသရာ အတွင်းလူနာအဖြစ် ၂၈၁ ဦး၊ ပြင်ပလူနာအဖြစ် ၄၉၆ ဦး တက်ရောက်ကုသခဲ့ပြီး ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက်သူ ၇၅ ရာခိုင်နှုန်းနှင့် အခြားဖြစ်စဉ်များကြောင့် တက်ရောက်သူ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

## မန္တလေးသင်္ကြန်ပွဲတော်အတွင်း ကျုံးပတ်လည် သန့်ရှင်းရေး(လင်း/ပြောင်) စနစ်ကျင့်သုံးမည်

**မန္တလေး ဧပြီ ၁၂**

မန္တလေးသင်္ကြန်ပွဲတော်ကာလအတွင်း ကျုံးပတ်လည် သန့်ရှင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ နံနက်မိုးလင်းသန့်ရှင်းပြီး (လင်း/ပြောင်)စနစ်ဖြင့် နေ့စဉ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ အများဆုံးတည်ရှိနေသည့် ကျုံးပတ်လည်တွင် နေ့စဉ်လည်ပတ် ရေကစားကြသူများ၏ စွန့်ပစ်အမှိုက်များက ကျုံးရေနှင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသောကြောင့် အဆိုပါစနစ်ဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို အထူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ဒီနေ့စွန့်ပစ်ထားတဲ့ အမှိုက်တွေကို နောက်တစ်နေ့ နံနက်လင်းတာနဲ့ အမှိုက်တစ်စမှ မကျန်အောင် ညဘက် လူရှင်းသွားချိန်မှာအပြီး ရှင်းလင်းတဲ့ စနစ်ကို ကျင့်သုံးဆောင်ရွက်သွားမှာပါ။ အမှိုက်စွန့်ပစ်ဖို့ အမှိုက်ပုံးနဲ့ အမှိုက်အိတ်တွေကိုလည်း ကျုံးပတ်လည်အနှံ့အပြားမှာ ထားရှိပေးထားမှာဖြစ်တဲ့အတွက် ပြည်သူတွေကလည်း စနစ်တကျစွန့်ပစ်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ကျုံးပတ်လည်ရှိ မဏ္ဍပ်အသီးသီးတွင် ရွှေ့လျားအိမ်သာများကို ထားရှိပေးထားမည့်အပြင် လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ကျုံးတောင်ဘက်ခြမ်းတစ်လျှောက်တွင်လည်း ရွှေ့လျားအိမ်သာအများအပြားထားရှိပေးထားမည်ဖြစ်သည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးပတ်လည်၌ ဖျော်ဖြေရေးမဏ္ဍပ် ၁၅ ခုနှင့် လမ်းလျှောက်သင်္ကြန်ကျင်းပသည့် ကျုံးတောင်ဘက်ခြမ်းတွင် မဏ္ဍပ်ငယ် ၄၀ ကျော်ပါဝင်မည်ဖြစ်ပြီး လုံခြုံရေးအနေဖြင့် CCTV ကင်မရာများကို လုံလောက်စွာ တပ်ဆင်ထားကာ Control Room မှ အချိန်ပြည့် စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးပွဲတော် တောင်ကြီးမြို့တွင် အောင်မြင်စွာကျင်းပနိုင်ရေးစည်းဝေး

**တောင်ကြီး ဧပြီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအကြိုညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ကလေးစာပေပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက ကလေး စာပေပွဲတော်ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲကျင်းပမည့်အခြေအနေများ၊ ပုံပြော၊ ကဗျာ၊ ကျပန်းပြိုင်ပွဲ၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများမှ ပြခန်းများဆောင်ရွက်ရမည့်အခြေအနေများ၊ ကလေးစာပေပွဲတော်သို့ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးလူငယ်လူရွယ်များ၊ မိဘများ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပွဲတော်ကာလအတွင်း နေ့စဉ် ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေး ပြည်နယ်အတွင်းရှိ စာပေယဉ်ကျေးမှုအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင် ဖျော်ဖြေနိုင်ရေးကိုလည်းကောင်း၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများတွင် ပြည်နယ်အတွင်းရှိ စာရေးဆရာ ဆရာမများ၊ ကဗျာဆရာ ဆရာမများ၊ ကာတွန်းဆရာ၊ ဆရာမများ၊ စာကြည့်တိုက်ပညာရှင်များ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ရေးကိုလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးမြင့်အောင်က ကလေးစာပေပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆောင်ရွက်မည့် အစီအမံများ၊ ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ စာပေယဉ်ကျေးမှုအဖွဲ့များမှတာဝန်ရှိသူများ၊ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆွေးနွေးကြပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ဆွေးနွေးတင်ပြချက်များအား ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်ပညာရေးမှူး ဦးမြင့်မောင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ စာပေနှင့်စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ ပအိုဝ်းနှင့်ဓနုစာပေနှင့် ယဉ်ကျေးမှုမှ တာဝန်ရှိသူများ၊ မြို့ပေါ်အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြသည်။

ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီရေးဆွဲပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ၊ ဂိမ်းကစားနည်းများပါဝင်သည့် ကလေးစာပေပွဲတော်ကို မေ ၂၇ မှ ၂၉ ရက်အထိ တောင်ကြီးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ပထမဦးဆုံး ပြုလုပ်သည့် မီးအလှပြပွဲတော် အပျော်တမ်းဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မေ ၁၂**
မြန်မာနိုင်ငံတွင် ပထမဦးဆုံးပြုလုပ်သည့် မြန်မာနိုင်ငံ ပထမဦးဆုံးသောမီးအလှပြပွဲတော် (Myanmar International Lighting Festival 2017 ) ကြီးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ LED လျှပ်စစ်မီးအလှဆင်ဖန်တီးမှုများနှင့်အတူ မြန်မာမှုပုံစံပြကွက်အသစ်များဖြင့် ပြသလျက်ရှိရာ ဒုတိယအကြိမ်မြောက် ပြုလုပ်သည့် အပျော်တမ်းဓာတ်ပုံပြိုင်ပွဲ (Photo Contest) မှ ကံထူးရှင် ၂၀ ဦးအတွက် ဆုလက်ဆောင်များပေးအပ်ချီးမြှင့်ခြင်းကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ မေ ၁၁ ရက် ည ၆ နာရီခွဲက ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောမီးအလှပြပွဲတော် လူမှုကွန်ရက်စာမျက်နှာ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူဦးရေမှာ ၁၀၀ ကျော်ရှိခဲ့ပြီး ထိုအထဲမှ ပဏာမရွေးချယ်ခံထားရသည့် ၂၀ ဦးအား မဲနှိုက်ရွေးချယ်ပေးခဲ့ကာ အထူးဆုအဖြစ် iphone 7 plus တစ်လုံး၊ PowerBank ငါးခု၊ SAI Cosmetic ထုတ် Beauty Basket ငါးခုနှင့် ကျန်ဆုရရှိသူ ၁၀ ဦးအား DN Development Group မှ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လာမည့်မေလပထမပတ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆုဆွတ်ခူးရရှိသူအားလုံးကို DN Development Group မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပြီး မီးအလှပြပွဲတော်မှရရှိဝင်ငွေများ၊ လုပ်ဆောင်မှုများနှင့် အခွန်ဆောင်ငွေများအား ရှင်းလင်းပြောကြားသွားမည်ဖြစ်ကာ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ထပ်မံပြုလုပ်မည့် Lighting Festival မီးထွန်းပွဲတော်အား မည်သည့်မြို့၌ ကျင်းပသွားမည်ကို ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း DN Development Group မှ Project Director ဦးဟိန်းထက်ကပြောသည်။

"ဒီတစ်ကြိမ်ဆုပေးတာကတော့ ဒုတိယအကြိမ်မြောက်ဆုပေးအပ်ချီးမြှင့်ခြင်းပဲဖြစ်ပါတယ်။ ပွဲတော်လာရောက်လည်ပတ်ကြတဲ့ အများပြည်သူတွေအတွက်လည်း LED လျှပ်စစ်မီးအလှဆင်ဖန်တီးမှုများရဲ့ အသိပညာများကို ရရှိစေမှာဖြစ်ပြီး ပွဲတော်လာ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကျွန်တော်တို့ပွဲတော်က LED လျှပ်စစ်မီးများကို ယူသုံးချင်တယ်ဆိုရင် ကျွန်တော်တို့နဲ့တိုင်ပင်ပြီး ယူသုံးနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်။ ပွဲတော်ဝင်ကြေးက တစ်ဦးကိုငွေကျပ် ၃၀၀၀ သတ်မှတ်ထားတယ်ဆိုပေမယ့် ပွဲတော်ဝင်ကြေးရရှိငွေရဲ့ ၃၀ ရာခိုင်နှုန်းကိုလည်း မျက်မမြင်ကျောင်းအပါအဝင် ကလေးဆေးရုံများကို လှူဒါန်းမှာဆိုတော့ ငွေကျပ် ၃၀၀၀ ထဲက ငွေကျပ် ၁၀၀၀ ကို လှူဒါန်းလိုက်တဲ့အတွက် တစ်ဦးကိုဝင်ကြေးငွေကျပ် ၂၀၀၀ ပဲဖြစ်သွားပါတယ်" ဟု ပြောပြသည်။

ယင်းအပြင် မြန်မာနိုင်ငံ၏ပထမဦးဆုံးသောမီးအလှပြပွဲတော် (Myanmar International Lighting Festival 2017) ကြီးကို မေ ၃၀ ရက်တွင် ပိတ်သိမ်းရပ်နားမည်ဖြစ်ပြီး လာမည့်မေလပထမပတ်တွင် ဆုဆွတ်ခူးရရှိသူများအားလုံးကို ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပွဲတော်မှရရှိလာသည့်အခကြေးငွေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကိုလည်း မည်သည့်လူမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာဖောင်ဒေးရှင်းများနှင့် အခြေခံပညာကျောင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီးအလှပြပွဲတော် (Myanmar International Lighting Festival 2017) ပွဲတော်ကြီးမှ သိရသည်။



**စိုးဝင်း(MLA)**

# ကုန်စျေးနှုန်းမြင့်တက်မှုလျှော့ချနိုင်ရန် တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများရောင်းချ

**ပြည် မေ ၁၂**
ဒေသခံပြည်သူများ၏ စားသောက်ရေးသက်သာချောင်ချိမှု အထောက်အကူဖြစ်စေရန်နှင့် ကုန်စျေးနှုန်းမြင့်တက်လာမှုအား တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်ရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများမှ ထွက်ရှိသော အသား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများဖြင့် ချက်ပြုတ်ထားသည့် ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများကို ဒေသခံပြည်သူများအား စျေးနှုန်းချိုသာစွာဖြင့် တိုင်းစစ်ဌာနချုပ်အသီးသီး၏ ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ရောင်းချပေးလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြစ်ကြီးနားမြို့နယ် မြို့သစ်ကြီးရပ်ကွက်၊ ကြက်ပေါင်ခြံရပ်ကွက်၊ ပမ္မတီးရပ်ကွက်နှင့် မော်ဖောင်းရပ်ကွက်တို့တွင်လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ခိုလမ်မြို့ရပ်ကွက် (၁/၂/၃/၄) တို့၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ကောက်ကော့(၂)လမ်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ မြိတ်မြို့ ငွေပုလဲရပ်ကွက်၊ စစ်မှုထမ်းဟောင်းအိမ်ရာအနီး၊ မြိတ်မြို့ဆိပ်ကမ်းနှင့် တပ်နယ်အသီးသီး၌လည်းကောင်း ရောင်းချပေးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ လှိုင်သာယာမြို့နယ် ဒဂုံဈေးအဝေးပြေးကားဝင်းနှင့် သန်လျင်မြို့နယ် ဘုရားကြီးကုန်းဈေး၊ တွံတေးမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန် စစ်မှုထမ်းဟောင်းကျေးရွာ၊ သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မရမ်းကုန်းမြို့နယ် သမိုင်းဈေးတို့တွင်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မုံရွာမြို့ တရုတ်တန်းလမ်း၊ ညောင်တပင်လမ်းနှင့် အဝေးပြေးကားဝင်း၊ ပခုက္ကူမြို့ရှိ ချည်မျှင်နှင့်အထည်စက်ရုံ၊ ရေစကြိုမြို့ မြေဖြူကျေးရွာ၊ ရွှေဘိုမြို့ မြို့မဈေးအနီး၊ စည်ပင်သာယာရုံးရှေ့နှင့် မတူပီမြို့ရှိ ဈေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျောက်ဆည်မြို့နယ် သံရွာတို့ဖြစ်သည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ အမှတ်(၈)ရပ်ကွက် ကမ်းနားလမ်း၊ နှစ်ဆောင်မြိုင်ကျေးရွာ၊ ဆွာမြို့ရှိ ဆွာဈေး၊ သံတောင်ကြီးမြို့ ပြည်သူ့ဆေးရုံကြီးရှေ့နှင့် ရုံးပေါင်းစုံအနီး၊ ကျောက်ကြီးမြို့ ကော့ပြင်းကျေးရွာ၊ ညောင်လေးပင်မြို့ ညောင်ပင်သာဈေး၊ ရွှေကျင်မြို့ အထက်မဲဇောင်းကျေးရွာ၊ ပျဉ်ပုံကြီးမြို့ ပျဉ်ပုံကြီးကျေးရွာ၊ အင်းတကော်မြို့ ခမိတ်ဈေး၊ ပဲခူးမြို့ ရုပ်ရှင်ရုံလမ်း အထွေထွေရောဂါကုဆေးရုံကြီးရှေ့၊ ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားဈေး၊ သာယာဝတီမြို့ မြို့မဈေး၊ သုံးဆယ်မြို့ မြို့မဈေး၊ သာယာဝတီမြို့ သင်တောရိုးကျေးရွာ၊ အင်းရွာပန်းကန်စက်ရုံ၊ ဂုံးမင်းမြောင်ကျေးရွာ၊ ပြည်မြို့ နဝင်းရပ်ကွက်နှင့် အထွေထွေရောဂါကုဆေးရုံကြီးရှေ့၊ ပန်းတောင်းမြို့ ဘူးဘတ်ကျေးရွာနှင့် မသုံကျေးရွာတို့၌လည်းကောင်း ဒေသခံပြည်သူများအတွက် တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# ပြည်သူ့အကျိုးပြုနိုင်သော ဝန်ထမ်းများဖြစ်စေချင်

**ပဲခူး မေ ၁၂**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လုံခြုံရေးရဲတပ်ဖွဲ့များအား ဝန်ထမ်းဝတ်စုံ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၁၁ ရက် နံနက်၁၀ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးဝင်းသိန်းက ဝန်ထမ်းဝတ်စုံများအား နှစ်စဉ် မဟာသင်္ကြန်အခါ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ သင်္ကြန်သည် ပြောင်းလဲမှုအသွင်သဏ္ဍာန်ဆောင်ကြောင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲသလို ဝန်ထမ်းများလည်း နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ အတွေအခေါ် သစ်၊ ဝတ်စုံသစ်များနဲ့ ပြည်သူ့အကျိုးပြုနိုင်သော ဝန်ထမ်းများဖြစ်စေချင်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းအားလုံးရဲ့ စံပြရုံးဖြစ်သလို စိတ်ဓာတ်ရေးရာပိုင်း၊ အုပ်ချုပ်ရေးပိုင်းများလည်း စံပြဖြစ်ရန်လိုအပ်ကြောင်း၊ နှစ်သစ်မှာ အဂတိတရားလေးပါး ကင်းရှင်းပြီး ဥပဒေဘောင်အတွင်းမှ ပြည်သူများအား ဝန်ဆောင်မှုများပေးစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးဝင်းတို့က ဝန်ထမ်းများအား ဝတ်စုံတစ်စုံစီ ပေးအပ်ခဲ့ပြီး ဝန်ထမ်းများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

ဝန်ထမ်းဝတ်စုံ ထောက်ပံ့ပေးအပ်ရာတွင် ဝန်ကြီးချုပ်ရုံးနှင့် ဝန်ကြီးရုံး ဝန်ထမ်း ၃၂ ဦး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ထမ်း ၉၈ ဦး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၈၄ ဦးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ ၁၈ ဦး စုစုပေါင်း ၂၃၂ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



&xm;&wyfUrSL2wyfoCefu|ef;wyfrSLwd,&rSLoefDifonf
{|yDE1&ufeHu9em&DoCefu|ef&xm;&pcef;ppfa&;jyuif;
wyfUrSL24OD;vm;ouefumvtwif;rtif;av;mhnfuqif;
a&;twufukwif;umu,frsm;ESihfnmay;rsm;aqmif&uf&ef
&SvifajymMum;chumif;ocdonf

**ကျော်စိုးမိုး**

# စိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ခရမ်း မေ ၁၂**
သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမရှိစေရေး၊ ကာမရာဂစိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများရောင်းချခြင်းမရှိစေရန်အတွက် ခရမ်းမြို့ပေါ်ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသည့် ဆေးဆိုင်များကို မေ ၁၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ခရမ်းမြို့နယ်ရဲတပ်ဖွဲ့ မြို့မစခန်းမှူး ဒု-ရဲမှူး မြင့်နိုင်ဦးဆောင်၍နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် အောင်ကိုဟိန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့မကျန်းမာရေးမှူး ဦးမြသွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ခရမ်းမြို့နယ်အတွင်း ဆေးမျိုးစုံရောင်းချသည့်ဆေးဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေး၍ ဆေးဆိုင်ပိုင်ရှင်နှင့် အရောင်းတာဝန်ခံများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆောက်အအုံသစ်ဖွင့်

**ကျောက်တန်း ဧပြီ ၁၂**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီခွဲက ရုံးသစ်တည်ရာ ကျောက်တန်းမြို့ စံချိန်မီရပ်ကွက် အားကစားရုံ(၂) လမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်နောင်၊ တောင်ပိုင်းခရိုင်ဦးစီးမှူး ဒု-ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်နှင့် ဒေါ်သက်သက်မူ၊ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်သန်းနှင့် ဌာနဦးစီးမှူးများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်သည် အလျားပေ ၄၀၊ အနံ ၃၆ ပေ၊ အမြင့် ၂၃ ပေရှိ အာရ်စီ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခွင့်ပြုငွေစုစုပေါင်း ကျပ် ၈၇ ဒသမ ၃၁ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

## မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြလေ့ကျင့်

**ထားဝယ် ဧပြီ ၁၂**
မီးဘေးလုံခြုံရေးစီမံချက်ပါ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ နားလည်သဘောပေါက်ပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက စနစ်တကျဆောင်ရွက်တတ်စေရန်၊ ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအား စနစ်တကျ အသုံးပြုတတ်စေရန်၊ မီးသတ်ဦးစီးဌာန၏ 'မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်' ဆိုသော မြန်သုံးမြန်စနစ်အား အထောက်အကူပြုတတ်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးကြီး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဈေးသူ၊ ဈေးသားများအား တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်မြင့်ဆွေက မီးဘေးလုံခြုံရေးအတွက် ပြည်သူလူထု လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များအား ဆွေးနွေးဟောပြောပြီး ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ မှူး ဒုတိယရဲမှူးကြီးအောင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောသည်။

ယင်းနောက် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုများအား ရေမှုန်ပစ်သေနတ်ဖြင့် လက်တွေ့သရုပ်ပြပြီး တက်ရောက်လာသော ဈေးသူ၊ ဈေးသားများအား DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ထန်တလန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ဟားခါး ဧပြီ ၁၂**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါးလ်တို့နှင့်အတူ ဧပြီ ၁၀ ရက်မှ ၁၁ ရက်အထိ ထန်တလန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧပြီ ၁၀ ရက် ညနေပိုင်းတွင် ကြည်ရိန် Kyi Riang ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဟရိန်ခန်းကျေးရွာနှင့် သီကီရ်ကျေးရွာကြားရှိ ထန်ဆဲတံတားကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းလိုအပ်ချက်တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာအနီး၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော သီကီရ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းဆောင်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သီကီရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဘော်ဒါဆောင်တည်ဆောက်နေမှုနှင့် ဘောလုံးကွင်းတို့ကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အဖွဲ့သည် ဧပြီ၁၁ ရက် နံနက်၉ နာရီတွင် ထန်တလန်မြို့နယ် ဆလဲင်းကျေးရွာသို့ ရောက်ရှိကြပြီး T-7 ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၇၆ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ် အလက ဆလဲင်းကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆလဲင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ ဒေသလိုအပ်ချက်တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တာဝန်ကျပြီးရောက်ရှိလာသည့်ဝန်ထမ်းများအား နွေးနွေးထွေးထွေးနှင့်ကြိုဆိုစောင့်ရှောက်



**မြဝတီ ဧပြီ ၁၂**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၁ ရက်က မြဝတီမြို့ ဝေါလေမြိုင်မြို့နှင့် စုကလိမြို့တို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု ရွှေမြစန္ဒီဘုရားမဏ္ဍပ်တွင်ပြုလုပ်သည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ ဒေသခံအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတွေ့ဆုံသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါလေမြိုင်မြို့သို့ သွားရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က မြို့တွင်ရှိသည့် အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက တာဝန်ကျပြီးရောက်ရှိလာသည့် ဝန်ထမ်းများအား နွေးနွေးထွေးထွေးနဲ့ ကြိုဆိုစောင့်ရှောက်ပေးစေလိုပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း ဒေသခံပြည်သူလူထုအတွက် အတတ်နိုင်ဆုံး စေတနာထား ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ဒေသလိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်းတင်ပြပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝေါလေမြိုင်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးက ဒေသဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေး၊ လမ်းတံတားနှင့် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်အခက်အခဲများအားတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဝေါလေမြိုင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဂေါ်လီချောင်းတွင် အရှည်ပေ ၂၂၀၀ ရှိ မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုကလိမြို့သို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် ဒေသလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း ဆောင်ရွက်ခဲ့သည်။

ယင်းနောက် စုကလိမြို့ပြည်သူ့စာကြည့်တိုက်တွင် ကလေးများစာပေဖတ်ရှုနေမှုများ၊ စာအုပ်စာစောင်ထားရှိမှုများအား လည်းကောင်း၊ စုကလိမြို့မကျေးရွာရှိ တောင်သူဦးစောထီးငွေ၏ ၁၅ ဧကရှိ သင်္ဘောသီးစိုက်ခင်းတို့အား ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြဝတီမြို့ ကျောက်ဂူဘုန်းတော်ကြီးကျောင်းရှိ တရားထိုင်ဓမ္မာရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ကလေး ဧပြီ ၁၂**
ကလေးမြို့နှင့် ကလေးမြို့နယ်တွင် ပြီးခဲ့သည့် မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီကျော်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားခဲ့သည့် နေအိမ် ၁၈၉ လုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀ စီဖြင့် စုစုပေါင်းငွေ ၃၇၈၀၀၀၀ ကျပ်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးခန်းမဆောင်၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်တို့က သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲပျက်စီးသွားသည့် ကလေးမြို့နယ် နန်းစောင်းပုကျေးရွာမှ နေအိမ် ၁၂ လုံး၊ ပျဉ်းတောဦးကျေးရွာမှ နေအိမ်နှစ်လုံး၊ နန်းကျင်းဆောင်ကျေးရွာမှ နေအိမ်တစ်လုံး၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာမှ နေအိမ်တစ်လုံး စုစုပေါင်းပြိုလဲပျက်စီးနေအိမ် ၁၆ လုံးတို့ကိုလည်း ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ရှစ်သိန်းနှင့် သွပ်မိုး ၁၀ ချပ်စီဖြင့် စုစုပေါင်း သွပ်မိုး ၁၆၀ ချပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# သင်္ကြန်အကြတ်နေ့၌ သံတမန်မိသားစုဝင်များအား မြို့တော်ခန်းမလယ်ရှိ ထူးခြားဂရပ်ဖတီ ဒီဇိုင်းရေးဆွဲပုံဖော်ထားသည့် မြက်ခင်းပြင်၌ ဧည့်ခံမည်



**ရန်ကုန် ဧပြီ ၁၂**
၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်အား ယခင်နှစ်နှင့်မတူ ထူးခြားစွာ ဖျော်ဖြေတင်ဆက်မှုများပြုလုပ်သွားမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ သံတမန်မိသားစုဝင်များအား မြို့တော်ခန်းမလယ်ရှိ ထူးခြားဂရပ်ဖတီ (Graffiti) ဒီဇိုင်းရေးဆွဲပုံဖော်ထားသည့် မြက်ခင်းပြင်၌ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့) တွင် ဧည့်ခံသွားမည်ဖြစ်ပြီး ရိုးရာပိတောက်ပုံရိပ်ပန်းချီများအပါအဝင် ရေကစားဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားစွာပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

နိုင်ငံတော်အစိုးရသစ်သက်တမ်း တစ်နှစ်ကာလကြာပြီးနောက် ယခုနှစ်မဟာသင်္ကြန်ရေကစားမဏ္ဍပ်အား တစ်မူထူးခြားစည်ကားစွာ ပြုလုပ်ခြင်းဖြစ်ပြီး လက်ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှုမှာ ရာခိုင်နှုန်းပြည့်ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်ကာ အချောသတ်လုပ်ငန်းဖြစ်သောLED မီးလုံးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၌ လူဦးရေ ၂၀၀ ရေဆော့ကစားနိုင်ရန်စီစဉ်ထားပြီး ရေပက်ချိန်အား နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ည ၆ နာရီထိတစ်ကြိမ် သတ်မှတ်ထားရှိကြောင်း သိရသည်။ သင်္ကြန်ရက်နံနက်ပိုင်းများတွင် ယိမ်းအဖွဲ့များနှင့် ညပိုင်းများတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့များမှ အလှည့်ကျဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး သင်္ကြန်ရက်နောက်ဆုံး (အတက်)နေ့ ပိတ်ပွဲ၌ တင်မောင်ဆန်းမင်းဝင်း နှစ်ပါးသွားအကနှင့် စံပြသဘင်နှစ်ပါးသွားအကဖျော်ဖြေမှုများပါဝင်ကြောင်း သိရသည်။

ယခုနှစ်အတွက် သင်္ကြန်ရက်နံနက်ပိုင်းများတွင် တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့ပေါင်း ၂၂ ဖွဲ့နှင့် မူကြိုယိမ်းအပါအဝင် ယိမ်းအဖွဲ့ပေါင်း ၆၂ ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုဆွတ်ခူးရရှိသည့် ယိမ်းအဖွဲ့များအား မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ ပန်းချီ၊ ပန်းပုအစည်းအရုံး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တာဝန်ရှိသူများက အကဲဖြတ်ကာ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ လက်ထောက်ဌာနမှူး ဦးလှမင်း၏ပြောချက်အရ သိရသည်။

ယင်းအပြင် ယခင်နှစ်များ၏သင်္ကြန်ရက်နောက်ဆုံး(အတက်)နေ့ ပိတ်ပွဲများအား ည ၁၀ နာရီ ပုံမှန်ပိတ်သိမ်းရပ်နားပြီး ယခုနှစ် ၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၏ဖျော်ဖြေတင်ဆက်မှုအား ယခုနှစ်အတွက် ထူးခြားစွာ ည ၁၂ နာရီထိထားရှိဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်အစဉ်အလာအတိုင်း ၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်၏ဖွင့်ပွဲအား သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီတွင် ဖွင့်ပွဲပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ယခင်နှစ် သင်္ကြန်ကာလများက ရန်ကုန်မြို့ရှိ သံတမန်မိသားစုဝင်များအား မြို့တော်ခန်းမပထမထပ်၌ ဖျော်ဖြေတင်ဆက်မှုများနှင့် ဧည့်ခံမှုများသာရှိခဲ့ပြီး ယခုနှစ်တွင်မူ ယခင်နှစ်နှင့်မတူဘဲ မြို့တော်ခန်းမလယ်ရှိ မြက်ခင်းပြင်၌ ထူးခြားစွာဖျော်ဖြေတင်ဆက်မှုများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**စိုးဝင်း(MLA)**

## မဟာသင်္ကြန်ကာလအတွင်း ရှာဖွေကယ်ဆယ်ရေးရေယာဉ်များနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်

**ရန်ကုန် ဧပြီ ၁၂**
မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေကန်များတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၃ ရက် (သင်္ကြန်အကြို)နေ့မှ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်) နေ့အထိ ရှာဖွေကယ်ဆယ်ရေးရေယာဉ်များနှင့်အတူ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ရန်ကုန်မြို့ ကန်တော်ကြီးတွင် ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှစ်စီးနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်သည့်တပ်ဖွဲ့ဝင်လေးဦးတို့ဖြင့်လည်းကောင်း၊ အင်းလျားကန်တွင် ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှစ်စီးနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်သည့် တပ်ဖွဲ့ဝင်လေးဦးတို့ဖြင့်လည်းကောင်း တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည် ။

မဟာသင်္ကြန်ကာလအတွင်း လူငယ်အချို့တို့မှ ပျော်ပါးကြပြီး အပူဒဏ်မှသက်သာစေရန်အတွက် ရေကန်အတွင်း ရေစိမ်ခြင်း၊ ရေကူးခြင်းများပြုလုပ်လေ့ရှိသည်။ ယင်းအပြင် အရက်သေစာသောက်စားပြီး ရေကန်အတွင်းသို့ ဆင်းသက်သူများလည်းရှိသည်။ ထိုသူတို့မှာ မမျှော်လင့်ဘဲ ရေနစ်သည့် အန္တရာယ်နှင့် ကြုံတွေ့ပြီး အသက်သေဆုံးလေ့ရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့ရှိရေကန်များတွင် ရေကန်အတွင်းသို့ဆင်းသက်ခြင်း၊ ရေကူးခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တားမြစ်ထားသည်။

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့်ဧပြီ ၁၇ ရက်တွင် လှော်ကားဥယျာဉ် (သာခုကန်)တွင် ဗီဝိတဒါနငါးများလွှတ်လေ့ရှိရာ ထိုနေရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှင့်အတူ တာဝန်ပြီးဆုံးချိန်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**



&eful;wdkwrf [ &kup;r@yf;Sif;&eful;kd a&;Sif;c½dkif;a&up;r@yfwGif;r*vmawmifnefYU,f
uf;yhum;jyo0if&muf, Sfydrf;nf;r*vmar, dftzUrdkU, ftaxax tydkif;yf;a&;0fpDDmeü, dftuwkif;e
rlu;{yD1&ufnae3em&DrdkU, ftydkif;yf;a&;rS0f;pDmZm0if;ESifv0ef;&Sdr;lunftm;ay;chumif;
oddonf
၁၁၈

## မှုခင်းကျဆင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး



**စစ်တွေ ဧပြီ ၁၂**
ရခိုင်ပြည်နယ် စစ်တွေမြို့ ၁၃၇၈ ခုနှစ် ရခိုင်ရိုးရာ မဟာသင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်ရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် သင်္ကြန်ကာလ၌ မှုခင်းကျဆင်းရေးအတွက် ဧပြီ ၁၁ ရက် နံနက် ၉ နာရီက မင်းဘာကြီးလမ်းနှင့် မေယုလမ်းဆုံ၌လည်းကောင်း၊ လူစည်ကားရာ လမ်းဆုံလမ်းခွ၌လည်းကောင်း၊ လူစည်ကားရာနေရာများ၌လည်းကောင်း ရခိုင်ပြည်နယ် အမှတ်(၅) ယာဉ်ထိန်း ရဲဒု-တပ်ဖွဲ့ခွဲမှ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာစစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များအား ပြည်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရွှေဘိုမြို့တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုနှင့်အညီ စည်ကားစွာကျင်းပမည်

**ရွှေဘို ဧပြီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စည်းကမ်းတကျ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုရေကစားမဏ္ဍပ်နှင့် ဆုပေးပွဲမဏ္ဍပ်ကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင် ဖွင့်ပွဲအခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်သွားမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်တွင် ပင်တိုင်ဖျော်ဖြေရေး သင်္ကြန်ယိမ်းသမီးပျိုများအဖွဲ့မှ ဖျော်ဖြေခြင်း၊ ရပ်ကွက်ပေါင်းစုံမှ သင်္ကြန်အကအဖွဲ့များမှ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များကို ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့်ဆုဖလား ချီးမြှင့်သွားမည်ဖြစ်ကြောင်း ခရိုင်သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

**မျိုးမင်း(သာစည်)**

# အညာဒေသသို့ ဘုရားဖူးလာသူများ မကွေ့ရာမြို့ဟောင်းသို့သွားရောက်ကာ သမိုင်းဝင် စေတီပုထိုးများကို ဖူးမြော်နိုင်



**မန္တလေး မေ ၁၂**
မြန်မာနိုင်ငံတွင် ရှေးဟောင်းမြို့များစွာရှိပြီး ကိုယ့်ထီးကိုယ့်နန်းဖြင့် သမိုင်းခိုင်မာစွာတည်ရှိသော မြို့နိုင်ငံအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေသည်။ အချို့သောမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားပြီး ကျန်ရှိနေသော သမိုင်းဝင်ရှေးမြို့ဟောင်းများကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အညာဒေသသို့ဘုရားဖူးလာသူများ မကွေ့ရာမြို့ဟောင်းကိုလေ့လာပြီး စေတီပုထိုးများကို ကြည်ညိုဖွယ် ဖူးမြော်နိုင်ကြောင်း သိရသည်။

စိတ်ဝင်စားဖွယ်ရာ မကွေ့ရာမြို့ဟောင်းသည် ရှေးဘုရင်တို့ ထီးနန်းစိုက်ရာ သမိုင်းဝင်မြို့ပင်ဖြစ်သည်။ နရသီဟပတေ့မင်းခေါ် တရုတ်ပြေးမင်းလက်ထက် တာတာတရုတ်တို့ ဝင်ရောက်ကျူးကျော်သောအခါ ပုဂံပြည် အင်ပါယာကြီး ဖရိုဖရဲ ပြိုကွဲသွားခဲ့သည်။ ထိုအခြေအနေတွင် လယ်တွင်းနယ်ရှိ မြင်စိုင်း၊ မကွေ့ရာ၊ ပင်လယ်သုံးမြို့မှ ရှမ်းညီနောင်သုံးဦးတို့က တိုက်ထုတ်နိုင်ခဲ့ပြီး သက္ကရာဇ် ၆၆၆ ခုနှစ်တွင် မြင်စိုင်း၊ မကွေ့ရာ၊ ပင်လယ်တို့တွင် ထီးပြိုင်နန်းပြိုင် တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာ ထီးနန်းစိုးစံခဲ့ကြသည်။

မကွေ့ရာမြို့ဟောင်းသည် စဉ့်ကိုင်မြို့နယ် ကျောက်ဆည်ခရိုင် အရှေ့မြောက်ဘက် ဇော်ဂျီမြစ်နှင့် မြစ်ငယ်မြစ် ဆုံရာနေရာမြစ်နှစ်ခု၏ လက်ဝဲဘက်ကမ်းတွင်တည်ရှိသည်။ ယခုအခါ ရှေးဟောင်းမကွေ့ရာမြို့ဟောင်းရှိ စေတီပုထိုးများ ပြုပြင်မွမ်းမံလာခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိပြီး သာယာဖြောင့်ဖြူးသော လမ်းပိုင်းများဖြင့် အလွယ်တကူသွားရောက်ဖူးမြော်နိုင်ပြီဖြစ်သည်။

မကွေ့ရာမြို့ဟောင်းတွင် ရွှေရောင်တော်စေတီခေါ် လှေသူကြီးဘုရား၊ စကြာလမ်းနှင့် ခြသေ့်ကြီးများ၊ ဆေးဘုရား၊ မကွေ့ရာရွှေစည်းခုံစေတီ၊ ရွှေစာတီစေတီ၊ ရာဇာကြီးစေတီ၊ လှိုဏ်ရှည်စေတီ၊ မင်းကြီးရန်နောင်ဂူ၊ ဆုတောင်းပြည့်စေတီနှင့်အတူ အခြားစေတီပုထိုးများစွာကို လေ့လာဖူးမြော်နိုင်သည်။ ဘုရားတစ်ဆူချင်းဆီတွင် ထူးခြားသောသမိုင်းများနှင့် ထူးခြားသောရှေးဟောင်း အမွေအနှစ်ဓာတ်တော်များ၊ ရုပ်ပွားတော်များကို ဖူးမြော်နိုင်သည်။

မကွေ့ရာမြို့ရိုးအနီး မြို့ရိုးစေတီနားတွင် စိတ်ဝင်စားဖွယ်ရာ ပျူအရိုးအိုးများကိုပါ လေ့လာနိုင်သည်။ ယခုအခါ အညာဒေသ လေ့လာစရာ မကွေ့ရာမြို့ဟောင်းဒေသတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေပြီဖြစ်သည့်အတွက် ဘုရားဖူးများ လာရောက်ဖူးမြော်ကြပြီး မရောက်ဖူးသေးသူများလာရောက်ဖူးမြော်ကာ မကွေ့ရာမြို့အကြောင်းကို လေ့လာနိုင်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

**ကော့သောင်း မေ ၁၂**
ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက အခွန်စနစ်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အခွန်အခအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါအကြောင်းအရာများ၊ အခွန်ဆိုင်ရာပြစ်မှု ပြစ်ဒဏ်များနှင့် ဆုကြေးငွေချီးမြှင့်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် အထူးကုန်စည်ခွန်များ၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ဆိုင်ရာကိစ္စရပ်များမှ အခွန်ထမ်းပြည်သူတို့ သိသင့်သိထိုက်သည်များအား အသိပညာပေးရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူ ၇၅ ဦးကျော် တက်ရောက်သည်။

**ကျော်စိုး(ကော့သောင်း)**



## မြဝတီမြို့၌ နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်း

**မြဝတီ မေ ၁၂**
ကရင်တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ တိုးတက်ပြန့်ပွားစေရန်၊ ကရင်တိုင်းရင်းသားများ၏ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများအား သိရှိတန်ဖိုးထားတတ်စေရန်နှင့် တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့်ပြုလုပ်သည့် နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဘာပတိ ဦးစောအေးမြိုင်က အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်တို့က အသီးသီးအမှာစကားများ ပြောကြားသည်။ ယင်းနောက် သင်တန်းကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးမန်းစိန်ဝင်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့သည်။ ဆက်လက်ပြီး သင်တန်းကျင်းပရေးကော်မတီဥက္ကဋ္ဌ နန်းစန်းစန်းအေးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သရက်မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေများ ပေးဝေ

**သရက် မေ ၁၂**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း နွေရာသီသောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်း၍ နွေရာသီ သောက်သုံးရေများ ပေးဝေလှူဒါန်းလျက်ရှိသည်။

သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်တောင်ကျေးရွာသို့ ကွင်းဆင်း၍ သောက်သုံးရေများ ပေးဝေလှူဒါန်းခြင်းကို မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ငါးဂါလန်ဆန့် ရေပုံးများ၊ ရေတိုင်ကီများနှင့် ဘောက်ဆာကားများဖြင့် သွားရောက်၍ သောက်သုံးရေဂါလန် ၅၄၅၀ ပေးဝေလှူဒါန်းခဲ့သည်။

မြို့နယ်အတွင်းကျေးရွာများသို့ နွေရာသီ သောက်သုံးရေအခက်အခဲမဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်ကျေးရွာများသို့ သွားရောက်၍ ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## တစ်လမ်းမောင်း ယာဉ်လမ်းကြောင်းများ ပြင်ဆင်သတ်မှတ်

**မန္တလေး မေ ၁၂**
မန္တလေးမြို့တော်မဟာသင်္ကြန်ကာလ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မေ ၁၃ ရက်မှ ၁၆ ရက်အတွင်း နံနက် ၇ နာရီမှ ည ၁၂ နာရီအထိ အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၇ လမ်းအထိ တောင်မှမြောက်သို့ တစ်လမ်းမောင်း၊ ၁၂ လမ်းအား ၆၆ လမ်းမှ လမ်း ၈၀ အထိ အရှေ့မှ အနောက်သို့ တစ်လမ်းမောင်း၊ လမ်း ၈၀ တွင် ၁၂ လမ်းမှ ၂၆ လမ်းအထိ မြောက်မှတောင်သို့ တစ်လမ်းမောင်း၊ ၂၆ လမ်းတွင် လမ်း ၈၀ မှ ၇၈ လမ်းအထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်း၊ ၇၈ လမ်းတွင် ၂၆ လမ်းမှ ၂၇ လမ်းအထိ မြောက်မှတောင်သို့ တစ်လမ်းမောင်း၊ ၂၇ လမ်းတွင် ၇၈ လမ်းမှ ၆၆ လမ်းအထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်း သတ်မှတ်ထားပြီးသည်။

တစ်လမ်းမောင်းသတ်မှတ်ထားသော လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာယာဉ်ရပ်နားခွင့်မပြုကြောင်း မန္တလေးမြို့တော်သင်္ကြန်ပွဲတော် စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ကော်မတီက ကြေညာထားသည်။ လမ်းများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၃၅၀ ခန့် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# "Billboard Music Awards" ဆုပေးပွဲဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ ပထမဆုံးသော ကေပေါ့ပ်တေးဂီတအဖွဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ အပြည်ပြည်ဆိုင်ရာ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards" ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ဆန်ခါတင်စာရင်းမှာ ထိပ်တန်းလူမှုအနုပညာရှင်ဆုအတွက် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဒီလိုဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် "BTS" ဟာ ယင်းဆုပေးပွဲရဲ့ သမိုင်းတစ် လျှောက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားတေးဂီတအဖွဲ့ဖြစ်လာခဲ့ကြောင်း အောကေပေ့ါပ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Billboard Music Awards" ဆုပေးပွဲဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်ပြီး ယခုနှစ်အတွက် ဆုဆန်ခါတင်စာရင်းကို ပြီးခဲ့တဲ့ ဧပြီ ၁၀ ရက်မှာ ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ "BTS" တေးဂီတအဖွဲ့နဲ့အတူ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ အခြားသော နာမည်ကျော် တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်ဒီနဲ့ ဆွမ်မန်းဒပ်စ်တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ယခင်က "Billboard Music Awards" မှာ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ တောင်ကိုရီးယား တစ်ကိုယ်တော်တေးသံရှင်တစ်ဦးရှိခဲ့ပါတယ်။ သူကတော့ တောင်ကိုရီးယားပရိသတ်များသာမက ကမ္ဘာတစ်ဝန်းက ပရိသတ်အများ အထူးအားပေးနှစ်သက်ခဲ့တဲ့ တေးသံရှင် "PSY" ဖြစ်ပါတယ်။ သူကတော့ ၂၀၁၃ ခုနှစ်က ကျင်းပခဲ့တဲ့ ဆုပေးပွဲမှာ ဆုပေါင်းငါးဆုနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။ "PSY" ဟာ အကောင်းဆုံးမျက်နှာသစ်အနုပညာရှင်ဆုအပါအဝင် ဆုပေါင်းငါးဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ရာ ၎င်းတို့အနက် "Top Streaming Song (Video)" ဆုကို သူ့ရဲ့နာမည်ကျော်တေးသီချင်း "Gangnam Style" နဲ့ သိမ်းပိုက်သွားနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့် "PSY" ဟာ ဘေဘုတ်တေးဂီတဆုပေးပွဲမှာ ဆုဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသံရှင်အဖြစ် မှတ်တမ်းတင်ခဲ့ကာ "BTS" ဟာလည်း ယခုနှစ်မှာ ဆုဆွတ်ခူးနိုင်ခဲ့ပါက ထူးချွန်ဆုရခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယား တေးဂီတအဖွဲ့ဖြစ်လာမှာဖြစ်ပါတယ်။

ယခုနှစ်အတွက် ဘေဘုတ်တေးဂီတဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေတဲ့ အနုပညာရှင်နဲ့ အနုပညာလက်ရာတွေအတွက် ထူးချွန်ဆုတွေကိုတော့ ပရိသတ်တွေကပေးတဲ့ မဲအရေအတွက်နဲ့ ဆုံးဖြတ်ရွေးချယ်သွားမှာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲအတွက် မဲတွေကို လာမယ့် မေ ၁ ရက်ကစတင်ပြီး တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ပေးပို့နိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

# တေးအယ်လ်ဘမ်သစ်ကို တင်းဘားလန်းနဲ့အတူ တွဲဖက်ဖန်တီးလျက်ရှိတဲ့ ဆမ်စမစ်သ်

နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဆမ်စမစ်သ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုကို လတ်တလောမှာ ပြင်ဆင်နေကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်သစ်မှာ အခြားသောနာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ တင်းဘားလန်းကလည်း ပါဝင်အားဖြည့်သီဆိုပေးထားကြောင်း မီဒီယာတွေအကြား သတင်းတွေပေါ်ထွက်လာခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"I'm Not The Only One"တေးသံရှင် ဆမ်စမစ်သ်က သူ့ရဲ့ဒုတိယမြောက် စတူဒီယိုတေးအယ်လ်ဘမ်သစ်ကို ယခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားနိုင်ရန် ရည်ရွယ်စီစဉ်ထားကြောင်းနဲ့ တေးအယ်လ်ဘမ်သစ်မှာ တင်းဘားလန်းက ပါဝင်အားဖြည့်သီဆိုပေးထားတဲ့ တေးသီချင်းတွေ ပါဝင်နေကြောင်း တင်းဘားလန်းက လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ အသက် (၂၄)နှစ်ရှိပြီဖြစ်တဲ့ ဗြိတိန်ဂီတကြယ်ပွင့် ဆမ်စမစ်သ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး လျှို့ဝှက်ထားခဲ့ပေမယ့် တင်းဘားလန်းက တေးဂီတသစ်တွေကိုဖန်တီးလျက်ရှိတဲ့ သူတို့နှစ်ဦးရဲ့ စတူဒီယိုတစ်ခုအတွင်း အတူရိုက်ကူးထားတဲ့ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၄၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင်နဲ့ ဒီဂျေပညာရှင်တစ်ဦးဖြစ်သူ တင်းဘားလန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူနဲ့ဆမ်စမစ်သ်တို့ရဲ့ဓာတ်ပုံနဲ့အတူ ပျော်ရွှင်စရာလုပ်ငန်းတွေကို အတူလုပ်ဆောင်နေကြောင်းနဲ့ ဆမ်စမစ်သ်အတွက် အမှတ်တရကောင်းတွေကိုချန်ပေးနိုင်မယ့် တေးသီချင်းတွေကို ဖန်တီးနေကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

တင်းဘားလန်းနဲ့အတူ ဖန်တီးလျက်ရှိတဲ့ ဆမ်စမစ်သ်ရဲ့ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းထွက်ရှိခဲ့တဲ့ စမ်စမစ်သ်ရဲ့ တေးအယ်လ်ဘမ် "In the Lonely Hour" ရဲ့ နောက်ဆက်တွဲတေးအယ်လ်ဘမ်ဖြစ်ပြီး ယခုနှစ် စက်တင်ဘာလကုန်ပိုင်းမှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဒ့ါအပြင် လတ်တလောမှာ တေးအယ်လ်ဘမ်သစ်အတွက် လုံလောက်တဲ့တေးသီချင်းတွေကို ဖန်တီးခဲ့ပြီးဖြစ်ကာ အပြီးသတ်အသံသွင်းခြင်းလုပ်ငန်းတွေကို ပြင်ဆင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် ထွက်ပေါ်လာခဲ့တဲ့ သီတင်းကို ကာယကံရှင်ဖြစ်တဲ့ ဆမ်စမစ်သ်ကလည်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေ မေးမြန်းခဲ့ရာမှ ပြန်လည်အတည်ပြုပေးခဲ့တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ဆမ်က သူကိုယ်တိုင်ကလည်း စင်မြင့်ထက်မှာ ပရိသတ်တွေကို တိုက်ရိုက်ဖျော်ဖြေရတဲ့ ခံစားချက်တွေကို လွမ်းဆွတ်နေပြီဖြစ်ကာ ပရိသတ်တွေနဲ့ အမြန်ဆုံးပြန်လည်တွေ့ဆုံလိုပြီဖြစ်ကြောင်းနဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ကိုလည်း အတတ်နိုင်ဆုံး မြန်မြန်ကြိုးပမ်းနေကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။




# ဘရက်ဒလေကူးပါးနဲ့ အီရီနာရှေ့ခ်တို့ရဲ့ ရင်သွေးလေးမွေးဖွား

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဘရက်ဒလေကူးပါးနဲ့ ထိပ်တန်းမော်ဒယ်တစ်ဦးဖြစ်သူ အီရီနာရှေ့ခ်တို့ဟာ မကြာသေးမီက ရင်းသွေးလေးကို မွေးဖွားခဲ့ပေမယ့် ကြယ်ပွင့်စုံတွဲက ရင်သွေးလေးနဲ့ပတ်သက်တဲ့ သတင်းတွေကို လျှို့ဝှက်ထားခဲ့ပါတယ်။ လတ်တလောမှာမှ ရင်သွေးလေးဟာ သမီးလေးဖြစ်ကြောင်းနဲ့ အမည်ကို လီဒါစိမ်း ရှေ့ခ်ကူးပါးလို့ပေးထားကြောင်း အီးအွန်လိုင်း ဒေ့ါကွန်းက သတင်းရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဘရက်ဒလေကူးပါးနဲ့ အီရီနာရှေ့ခ်တို့ဟာ ပြီးခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ခန့်က သမီးလေးကိုမွေးဖွားခဲ့ပေမယ့် မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ပါဘူး။ အီရီနာရှေ့ခ်အနေနဲ့ ရင်သွေးလေးကို လွယ်ထားရစဉ်ကလည်း မီဒီယာတွေကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာတွေ၊ အများပြည်သူရဲ့ ရှေ့မှောက်ထွက်ပေါ်လာခဲ့တာတွေ အလွန်ရှားခဲ့ပါတယ်။ သူ့အနေနဲ့ ကိုယ်ဝန်လွယ်ထားရတာကို ပြီးခဲ့တဲ့နှစ်အတွက် ကျင်းပပြုလုပ်ခဲ့တဲ့ ဗစ်တိုးရီးယား စီးကရက်ထ်အမှတ်တံဆိပ် အဝတ်အစားတွေရဲ့ ဖက်ရှင်ပြပွဲမှာ ပါဝင်လျှောက်လှမ်းစဉ်မှသာ မီဒီယာတွေက သတိထားမိခဲ့တာဖြစ်ပါတယ်။ ယင်းဖက်ရှင်ပြပွဲမှာ အမျိုးသမီးအတွင်းခံ အဝတ်အစားတွေကို ဝတ်ဆင်ကာ လျှောက်လှမ်းခဲ့ရပေမယ့် အီရီနာရှေ့ခ်ကတော့ သူ့ရဲ့ဝမ်းဗိုက်ပိုင်းကို အကာအကွယ်ဖြစ်စေမယ့် အပေါ်ထပ်အဝတ်တွေကို ဝတ်ဆင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မီဒီယာတွေက ချက်ချင်းဆိုသလို ရိပ်မိကာ နောက်ပိုင်းမှာ သတင်းတွေပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မေလအတွင်း ချစ်သူတွေအဖြစ် လက်တွဲနေကြောင်း သတင်းတွေ ထွက်လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း အီရိနာရှေ့စ်ဟာ ဘရက်ဒလေကူးပါးရဲ့ ရင်သွေးလေးကို စတင်လွယ်ထားခဲ့ရတာဖြစ်တယ်လို့လည်းသိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်



# အတူခရီးထွက်ကြမယ့် "Strong Woman Do Bong-soon" အဖွဲ့သားများ

လတ်တလောမှာ တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ JTBC မှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ "Strong Woman Do Bong-soon" ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ယခုသီတင်းပတ်အတွင်း ဇာတ်သိမ်းတော့မှာဖြစ်ပြီး ရုပ်ရှင် ပြီးဆုံးသွားပါက အောင်မြင်မှုအထိမ်းအမှတ်အနေနဲ့ ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အနုပညာရှင်တွေဟာ ဘာလီကျွန်းကို အလည်အပတ်ခရီးသွားရောက်ကြဖို့ စီစဉ်ထားကြကြောင်း ဟန်ဟင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဧပြီ ၁၅ ရက်မှာ အပြီးသတ်ထုတ်လွှင့်သွားမယ့် "Strong Woman Do Bong-soon"ရုပ်ရှင်ဟာ လတ်တလောမှာ ကြည့်ရှုသူပရိသတ်များခဲ့ပြီး အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေအပါအဝင် အဖွဲ့သားတွေဟာ ရုပ်ရှင်အောင်မြင်စွာပြီးဆုံးခဲ့တဲ့ အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ဘာလီကျွန်းကို အလည်အပတ်ထွက်ကြဖို့ စီစဉ်ထားခဲ့ကြပြီး လာမယ့် ဧပြီ ၂၀ ရက်မှာ စတင်ထွက်ခွာဖို့ လျာထားကြောင်းလည်း သိရပါတယ်။

"Strong Woman Do Bong-soon"ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ကာ ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး ရုပ်ရှင်မှာ ဇာတ်လမ်းအပိုင်းပေါင်း ၁၆ ပိုင်းပါဝင်တဲ့အပြင် အထူးအပိုင်းတစ်ပိုင်းလည်း ပါဝင်နေတာကြောင့် စုစုပေါင်းအပိုင်း ၂၀ ပါဝင်ကာ လာမယ့် ဧပြီ ၁၅ ရက်မှာ အပြီးသတ်ပြသသွားမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ပ့ါခ်ဘိုယောင်း၊ မင်းသားတွေဖြစ်ကြတဲ့ ပ့ါခ်ဟွန်စစ်နဲ့ ဂျီဆိုးတို့ဟာလည်း ဘာလီအလည်အပတ်ခရီးစဉ်မှာ ပါဝင်လိုတဲ့ဆန္ဒတွေရှိနေကြပါတယ်။ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကြောင့် လိုက်ပါနိုင်ခြင်း ရှိ၊ မရှိကို တစ်ထစ်ချပြောကြားနိုင်ခြင်းမရှိပေမယ့် အတတ်နိုင်ဆုံးအစီအစဉ်တွေကို ပြန်လည်ညှိနှိုင်းနေကြကြောင်းလည်း သိရပါတယ်။ ■

# ဒွန်ဂါလို ဖြစ်ခဲ့တဲ့ ဘူဇာရဲ့ အာဂျင်တီးနားအိပ်မက်ဆိုးကို ရုပ်တန့်ပေးနိုင်မယ့်ပုဂ္ဂိုလ် ( သို့မဟုတ် ) ဆမ်ပါအိုလီ

½ef['if



အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က နည်းပြ ဘူဇာကို ဧပြီ ၁၀ ရက်မှာ လက်ရှိ နည်းပြရာထူးကနေ ထုတ်ပယ်လိုက်ပါပြီ။ အာဂျင်တီးနားအသင်းက ကမ္ဘာ့ဘောလုံး အင်အားကြီးအသင်းဖြစ်ပေမယ့် လက်ရှိကမ္ဘာ့ဖလား ခြေစစ်ပွဲတွေမှာ ၁၄ပွဲကစားပြီးချိန်မှာ အဆင့်(၅)နေရာ အထိရောက်ရှိသွားခဲ့တဲ့အတွက် ကမ္ဘာ့ဖလား တိုက်ရိုက် ခြေစစ်ပွဲအောင်ဖို့ ခက်ခဲသွားတဲ့အနေအထားကြောင့် အခုလို စာချုပ်ကိုဖျက်သိမ်းပြီး ထုတ်ပယ်လိုက်တာဖြစ်တယ်လို့ အာဂျင်တီးနားအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ကိုပါအမေရိကဖလားပွဲအပြီးမှာ အာဂျင်တီးနားအသင်းနဲ့ ဘရာဇီးအသင်းတို့ ကံကြမ္မာတူ အခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့ဖူးကာ နှစ်သင်းလုံးဟာ နည်းပြပိုင်းအပြောင်းအလဲ ဖော်ဆောင်ခဲ့ကြရပါတယ်။ ဘရာဇီးအသင်းက နည်းပြ ဒွန်ဂါနေရာ တိုက်တီ၊ အာဂျင်တီးနားအသင်းကတော့ မာတီနိုနေရာ ဘူဇာကို အစားထိုးခန့်အပ်ခဲ့တာဖြစ်ပါတယ်။ တိုက်တီ ပြောင်းလဲကိုင်တွယ်ခဲ့တဲ့အချိန်ကစလို့ ဘရာဇီးအသင်းဟာ အိပ်မက်ဆိုးတွေနောက်မှာ ကျန်နေခဲ့ပြီလို့တောင် ဟစ်ကြွေးနိုင်တဲ့ အနေအထားကို နေ့ချင်းညချင်း ပြောင်းလဲရောက်ရှိသွားပြီး ရှစ်ပွဲဆက်အနိုင်ရလဒ်နဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို အစောဆုံး အောင်မြင်ခဲ့ကာ ခုနစ်နှစ်အတွင်း ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဦးဆုံးအကြိမ် ပြန်လည်တက်လှမ်းလာနိုင်ခဲ့ပါတယ်။

အာဂျင်တီးနားအသင်းနည်းပြ မာတီနိုဟာ ချီလီအသင်းကို အရေးနိမ့်တဲ့ ကိုပါအမေရိကဖလားအပြီး နည်းပြရာထူးကနေ နုတ်ထွက်သွားခဲ့လို့ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဘူဇာကို အစားထိုးခန့်အပ်ခဲ့ပါတယ်။ ခြေလှမ်းအတူတူ ပုံစံနဲ့စခဲ့တဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ ဘာခြားနားသွားသလဲ သုံးသပ်အဖြေထုတ်ကြည့်ရင် ကစားသမားအင်အားပိုင်းမှာ မကွာခြားဘဲ နည်းပြရဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ ခြားနားသွားကြောင်းဆိုတဲ့ အဖြေကို ရရှိမှာ ဖြစ်ပါတယ်။ တိုက်တီက ဒွန်ဂါချခဲ့တဲ့ ဘရာဇီးအသင်းကို အစကနေ ပြန်ပြောင်းပြီး အုတ်မြစ်ချကာ ကြယ်ပွင့်ကစားသမားအားပြိုင်မှုကို ဖြိုလှဲဖို့အတွက် အလှည့်ကျအသင်းခေါင်းဆောင်စနစ်၊ လူရွေးချယ်မှုအပိုင်းမှာ လူကြီးလူငယ်မျှခြေညီတဲ့ အသင်းအင်အားကို တည်ဆောက်ခဲ့တာကြောင့် ဘရာဇီးအသင်းဟာ ပြိုင်ဘက်ကင်းအနေအထားကို အချိန်တိုအတွင်း ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းမှာ မက်ဆီ၊ ဟီဂူအင်၊ အဂူရို၊ ဒီမာရီယာတို့လို ကစားသမားတွေ ရှိနေပေမယ့် တကယ်တမ်းကစားချိန်မှာ ဒီလိုကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကို ညှစ်ထုတ်လို့မရတာက အခက်ဖြစ်စေတာပါ။ ကစားသမားတွေရဲ့ နည်းပြအပေါ် ယုံကြည်မှုအားနည်းတာ၊ တိုက်စစ်ကစားပိုင်းမှာ မက်ဆီကလွဲပြီး ကျန်ကစားသမားတွေထဲမှာ ဘယ်သူကို ပုံမှန်ပွဲထွက်ခွင့်ပေးရမလဲဆိုတာ နည်းပြကိုယ်တိုင် ဒွိဟဖြစ်နေတဲ့ ပုံစံမျိုးတွေကြောင့် အာဂျင်တီးနားအသင်းရလဒ်ပိုင်းအတော်လေး အတက်အကျ မြန်နေစေတာဖြစ်ပါတယ်။ ဒီကြားထဲ မက်ဆီပွဲပယ်ပြစ်ဒဏ်ကျခံရစဉ်မှာ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးတွေ ပြည့်နေတဲ့အသင်းက ဘိုလီးဗီးယားလိုအသင်းကိုတောင် နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာကို ကြည့်ရင် အသင်းက တိုက်စစ်ကစားသမားတွေ အသင်းအပေါ် အကျိုးပြုမှုနည်းပါးတာကိုထင်ထင်ရှားရှား တွေ့ရပါတယ်။

နည်းပြ ဘူဇာလည်း ထုတ်ပယ်ခံလိုက်ရပြီး အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က ဘူဇာအတွက် လျော်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ ပေးခဲ့ရပါတယ်။ ဘူဇာကတော့ အာဂျင်တီးနားအသင်း ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်မယ်လို့ ထုတ်ပယ်ခံရပြီး နောက်တစ်ရက်မှာ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။ ခုတော့ ဘူဇာနေရာ အစားထိုးမယ့် နည်းပြလောင်းစာရင်းထဲမှာ နိုင်ငံတကာ ကလပ်အသင်းတွေမှာ နည်းပြလုပ်နေတဲ့ ကလပ်အသင်းတွေကြား ဆီဗီလာနည်းပြ ဆမ်ပါအိုလီရဲ့ နာမည်က ထိပ်ရောက်လာပါတယ်။ လက်ရှိ ကမ္ဘာ့ထိပ်တန်းကလပ်အသင်းတွေကို ကိုင်တွယ်နေတဲ့ အာဂျင်တီးနားလူမျိုးအများအပြားရှိပြီး ဥပမာအနေနဲ့ ဆိုရရင် စပါးနည်းပြ ပိုချက်တီနို၊ အက်သလက်တီကိုနည်းပြ ဒီယေဂိုဆီမြွန်နီတို့ ရှိနေပါတယ်။

ဆမ်ပါအိုလီရဲ့ အသင်းအပေါ် ပျော့ပျော့ပျောင်းပျောင်း ချဉ်းကပ်မှုဟာ အာဂျင်တီးနားလို ကြယ်ပွင့်ကစားသမားတွေ ပြည့်နေတဲ့အသင်းအတွက် အဆင်ပြေမယ့် သဘောရှိပြီး အာဂျင်တီးနားရဲ့ ကယ်တင်ရှင်သစ်ဖြစ်လာမလားဆိုတဲ့ မျှော်လင့်ချက်တွေ ပြည့်လျှမ်းနေပါတယ်။ ဒါပေမယ့် ဆမ်ပါအိုလီဟာ ဘာစီလိုနာနည်းပြရာထူးအတွက်လည်း ချိတ်ဆက်ခံနေရပြီး လွတ်နေတဲ့ အာဂျင်တီးနားနေရာအတွက်ပါ ပစ်မှတ်ထားခံလာရတာ ဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီကလည်း နည်းပြသစ်အဖြစ် ဆမ်ပါအိုလီကို ဆန္ဒပြုထားတယ်လို့ သိရပါတယ်။ ဆမ်ပါအိုလီနဲ့ နီးစပ်သူတစ်ဦးကတော့ သူဟာ အာဂျင်တီးနား လက်ရွေးစင်နည်းပြအဖြစ် ထိပ်ဆုံးက နာမည်ထွက်နေတဲ့အပေါ် စိတ်လှုပ်ရှားနေပြီး ဒီလောက် လှုပ်လှုပ်ရှားရှား အခြေအနေမျိုးတစ်ခါမှ မတွေ့ခဲ့ရဖူးဘူးလို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ စနေနေ့ ဒီပို့ဒီဗိုအသင်းနဲ့ ကစားခဲ့တဲ့ ပွဲစဉ်အပြီးမှာ ဆမ်ပါအိုလီရဲ့ ပြောကြားချက်ဟာ လက်ရှိထင်မြင်ချက်တွေကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားခဲ့ရပြန်ပါတယ်။ သူက “ကျွန်တော်နဲ့ ကလပ်အသင်းကြားမှာ လက်ရှိစာချုပ်ရှိနေပါသေးတယ်။ ကျွန်တော် ရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်ပါဘူး။ ဒါပေမယ့် ကျွန်တော့်စာချုပ်ထဲ ထည့်ချုပ်ထားတဲ့ အချက်တွေက ဆက်နေမလား၊ သွားမလား ဒီအတွက် လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တဲ့ အချက်တွေတော့ ပါရှိပါတယ်။ ကျွန်တော်တို့ဟာ လာမယ့်ပွဲအတွက်သာ ကြိုတင်ပြင်ဆင်နေရပြီး အနာဂတ်မှာ ဘာတွေ ဖြစ်လာမလဲဆိုတာ ဆက်စောင့်ကြည့်ရအောင်ပါ” လို့ ဖြေကြားခဲ့ပါတယ်။

ဘောလုံးလောကဆိုတာ ဘာအာမခံချက်မှမရှိတဲ့အတွက် မနေ့ကကောင်းလို့ ဒီနေ့မကောင်းရင်တောင် အခြေအနေဟာ အမျိုးမျိုးပြောင်းလဲသွားနိုင်တဲ့အတွက် ဘယ်နည်းပြမှလည်း အမြဲတမ်း အာမခံချက်ဆိုတာ မရှိပါဘူး။ ဆမ်ပါအိုလီသာ အာဂျင်တီးနား နည်းပြတာဝန်ကို ခံယူရင် နည်းဗျူဟာပိုင်း၊ အဝတ်လဲခန်းအတွင်း နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ တက်ကြွမှု၊ အနိုင်ရလိုမှု၊ အသင်းအပေါ် ချစ်မြတ်နိုးစိတ် ဒါတွေကို ပြန်လည်ရအောင် လှုံ့ဆော်ပေးနိုင်ရပါမယ်။ ဘရာဇီးအသင်းဟာ အတိတ်ကအရိပ်ဆိုးတွေကို ဖျောက်ပြီး အကောင်းဆုံး စီမံခန့်ခွဲမှုနဲ့ ရှေ့ဆက် ခရီးဆက်နိုင်ခဲ့သလို အာဂျင်တီးနားအသင်းလည်း ထပ်တူအခြေအနေမျိုး ဖန်တီးနိုင်ရပါမယ်။ သေချာတာကတော့ အာဂျင်တီးနား နည်းပြအဖြစ် ဆမ်ပါအိုလီကလွဲရင် အခြားသူကို မမြင်မိဘဲ ဆမ်ပါအိုလီတစ်ယောက် လက်ရွေးစင်နည်းပြဘဝကို ဂုဏ်ယူစွာ လက်ခံမယ်လို့ မျှော်လင့်မိကြောင်း ဆိုပါရစေ။

❖ ❖ ❖

# ကမ္ဘာ့ဘောလုံးစူပါစတားအဖြစ် ဗိုလ်ဝင်ခံမယ့် ဒိုင်ဘာလာ




ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာဟာ ဘာစီလိုနာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်မှာ အဆုံးအဖြတ်ပေးနိုင်မယ့် အဖွင့်ဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့ပြီး နောင်လာမယ့် မျိုးဆက်ကစားသမားတွေထဲမှာ ကမ္ဘာ့စူပါစတားဖြစ်မယ့်သူအဖြစ် သူ့အမည်ကို မော်ကွန်းရေးထိုးလိုက်ပါတယ်။ မက်ဆီ ဘာစီလိုနာအတွက် ဘာမှ မစွမ်းဆောင်ပေးနိုင်တဲ့အချိန်မှာ ဒိုင်ဘာလာက ဂျူဗီအတွက် သွင်းဂိုးနှစ်ဂိုးသွင်းကာ အာဂျင်တီးနားအသင်းမှာ မက်ဆီနေရာ ဆက်ခံနိုင်တဲ့ အရည်အချင်းသူ့မှာ အပြည့်ရှိနေဆဲဆိုတာကို သက်သေပြလိုက်ပါတယ်။ အစောပိုင်းကတည်းက မက်ဆီလက်သစ်အဖြစ် နှိုင်းယှဉ်မှုတွေရှိပေမယ့် ဒိုင်ဘာလာဟာ ဘယ်တော့မှ မက်ဆီကို မီမယ့် ကစားသမားမဟုတ်ဘူးလို့ ရေးသားမှုတွေကိုတွေ့နေရဆဲပါပဲ။ ဒိုင်လာဘာအနေနဲ့ မက်ဆီကိုမီနိုင်ဖို့ရာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပေမယ့် အနာဂတ်မှာ အထွန်းတောက်ဆုံး ကြယ်တစ်ပွင့် ဖြစ်လာဖို့တော့တာဆူနေတဲ့ အခြေအနေရှိနေပါပြီ။

ဒိုင်ဘာလာကတော့ ဘာစီလိုနာအသင်းကို အနိုင်ရတဲ့ပွဲမှာ ယခုလိုအသင်းအတွက် အရေးပါတဲ့ သွင်းဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့တာက သူ့ရဲ့ငယ်ငယ်ကတည်းက အိပ်မက်ကို အကောင်အထည် ဖော်နိုင်ခဲ့တာလို့ ဖွင့်ဟပြောကြားလိုက်ပါတယ်။ ဒီပွဲပြီးပြီးချင်း ဝက်ဘ်ဆိုက်တွေပေါ် ဒိုင်ဘာလာ ချီးမွမ်းခံတွေ ပလူပျံနေခဲ့ပြီး ဒိုင်ဘာလာဟာ ရီးယဲလ်မက်ဒရစ်ရဲ့ နွေဈေးကွက် အဓိကပစ်မှတ်လို့တောင်ရေးသားမှုမျိုးတွေ မြင်တွေ့လာရပါတယ်။ ၂၀၁၂ ခုနှစ် ဒိုင်လာဘာ ပါလာမို အသင်းကို ရောက်လာချိန်မှာ အသင်းဥက္ကဋ္ဌ ဇမ်ပါရီနီက “အဂူရိုလက်သစ်” အဖြစ် အမည်တပ်ကြိုဆိုခဲ့ပြီး သုံးနှစ်အကြာ ၂၀၁၅ ခုနှစ် ဂျူဗင်တပ်ကို ပြောင်းရွှေ့ချိန်မှာတော့ “မက်ဆီလက်သစ်”လို့ အမည်ပြောင်းပေးကာ နှုတ်ဆက်ခဲ့ပါတယ်။

အဲဒီအချိန်တုန်းက မက်ဆီနဲ့ နှိုင်းယှဉ်ခဲ့တဲ့ ဇမ်ပါရီနီကို မီဒီယာအချို့က ဈေးခေါ်ကောင်းအောင် အမွှမ်းတင် အမည်တပ်ခဲ့တာလို့ ဝေဖန်ခဲ့ကြပါသေးတယ်။ ဒိုင်ဘာလာရဲ့ ဂျူဗီကစားသမားဘဝအစပိုင်း ရုန်းကန်ခဲ့ရတုန်းကလည်း ဒိုင်ဘာလာ ဘယ်လဲ၊ ဘာလဲဆိုတဲ့ မေးခွန်းတွေ ထွက်လာခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒိုင်ဘာလာဟာ ဂျူဗီပထမရာသီမှာပဲ ပြိုင်ပွဲစုံ သွင်းဂိုး ၂၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး သူဘယ်လို ကစားသမားမျိုး ဖြစ်တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။ အားလုံးကတော့ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ခေတ်လွန်မှာ ဘလွန်းဒီအောဆုဟာ နေမာ၊ ဟာဇက်တို့လို ကစားသမားတွေ ပြိုင်နေရမယ့် အနေအထားလို့ သတ်မှတ်ခဲ့ကြပေမယ့် ခုတော့ဒီစာရင်းထဲ ဒိုင်ဘာလာရဲ့အမည်ပါ ပါဝင်လာပါပြီ။

ဒိုင်ဘာလာရဲ့ စံပြုကစားသမားဟာ မက်ဆီဖြစ်တာကြောင့် မက်ဆီရဲ့ အရိပ်အငွေ့တွေ လွှမ်းမိုးနေတဲ့ ကစားဟန်ကို ပိုင်ဆိုင်ထားသူဖြစ်ပေမယ့် ဒိုင်ဘာလာကတော့ မက်ဆီနဲ့ နှိုင်းယှဉ်နေမှုတွေအပေါ် “ ကမ္ဘာပေါ်မှာ မက်ဆီဆိုတာ တစ်ဦးတည်းပဲရှိပါတယ်။ ကျွန်တော်က ပေါ်လိုဒိုင်ဘာလာဖြစ်တယ်ဆိုတာကို လူတွေ သိပြီးဖြစ်သလို ပေါ်လိုဒိုင်ဘာလာအနေနဲ့ ဆက်လက်ရပ်တည်ဖို့ပဲ ကျွန်တော်ဆန္ဒရှိပါတယ်”လို့ ဆိုခဲ့ပါတယ်။

ကစားသမားတစ်ဦးကို အခြားနာမည်ကျော် ကစားသမားတစ်ဦးနဲ့ နှိုင်းယှဉ်နေတာတွေက ကစားသမားရဲ့ စိတ်အားထက်သန်မှုကို နှိုးဆော်ပေးနိုင်ခြင်းပဲလို့ ပြောလို့ရပါတယ်။ ဒါကြောင့် မက်ဆီနဲ့ ခိုင်းနှိုင်းခံရတဲ့ ဒိုင်ဘာလာအနေနဲ့ မက်ဆီကို ပြိုင်ဘက်အဖြစ်ရင်ဆိုင်ရချိန်မှာ သူလည်းပဲ နော်တော် ကစားသမားရဲ့ ခြေရာကို တစ်ထပ်တည်းလျှောက်လှမ်းနိုင်တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ခြင်းသာဖြစ်တာကြောင့် ဒိုင်ဘာလာအနေနဲ့အခုလို မမေ့နိုင်မယ့် တူရင်ညချမ်းကို ပိုင်ဆိုင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

**မေလှဲ့သင်း**

# သတိရမိသော တစ်ခါက အညာသင်္ကြန်

မောင်သောင်းဝင်း(တမန်ဟောင်း)



ငယ်စဉ်က တရှိန်ရှိန်မြင့်တက်နေသော မြန်မာနိုင်ငံ၏ အညာနွေအောက်တွင် မဟာသင်္ကြန်ကို မျှော်လင့်ခဲ့ရသည်။ နွေရာသီကျောင်းပိတ်ရက်တွင် ဝါခင်းစောင့်သွားနေရသဖြင့် အနားမရခဲ့ချေ။ သင်္ကြန်ရောက်ရှိမှသာအနားရပါသည်။ သင်္ကြန်ကာလတွင် ရေပက်ဖျန်းသည်ထက် သက်ကြီးရွယ်အိုမိဘများနှင့်အတူ ဘုရား၊ ကျောင်းကန်များသို့ သွားရသည်ကို ပို၍ခုံမင်ခဲ့သည်။ ဥပုသ်သီတင်းသီလဆောက်တည်နိုင်စွမ်းမရှိသော်လည်း အကုသိုလ်တော့မဖြစ်ခဲ့ပေ။ သိကြားမင်းသည် သင်္ကြန်ကာလတွင် လူ့ပြည်သို့ဆင်းလာပြီး ကုသိုလ်ပြုလုပ်သူများကို ရွှေပုရပိုက်ဖြင့်လည်းကောင်း၊ အကုသိုလ်ပြုလုပ်သူများကို ခွေးပုရပိုက်ဖြင့်လည်းကောင်း ခွဲခြားမှတ်တမ်းတင်သည်ဆိုသောစကားကို ယုံကြည်မိခဲ့သည်။ ထို့ကြောင့် တတ်နိုင်သမျှ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဖြစ်ခဲ့သည်။

**အထူးခြားဆုံးပွဲတော်**

သင်္ကြန်သည် မြန်မာ့ရိုးရာပွဲတော်များအနက် အဦးဆုံးနှင့် အထူးခြားဆုံးပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်ပွဲတော်ကာလကို အကြို၊ အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ သတ်မှတ်ထားသည်။ ဝါထပ်သည့်နှစ်များတွင်မူ အတက်နေ့သည် နှစ်ရက်ကြာမြင့်သည်။ အင်္ဂလိပ်ပြက္ခဒိန်အရ နှစ်စဉ် ဧပြီလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိဖြစ်သည်။ ရှေးလူကြီးသူမများက သင်္ကြန်ကို ပြောင်းလဲခြင်း၊ ရွေ့လျားခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို မှတ်သားဖူးပါသည်။ သင်္ကြန်ပွဲတော်ကို တကောင်းခေတ်ကတည်းက စတင်ကျင်းပလာခဲ့ရာ ပုဂံခေတ်တွင် တစ်မူထူးခြားစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

တောလေ့ တောသဘာဝအတိုင်း အကြို၊ အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်နေ့များတွင် ရွာဦးကျောင်းဆရာတော်နှင့်အတူ ဆွမ်းကြီးခံလိုက်ပါခဲ့ရသည်။ အညာဒေသတွင် ကျေးရွာအလိုက် ကျောင်းတိုက်အားလုံးရှိ ဆရာတော်များကို ဆွမ်းကြီးခံကြွရောက်ရန် ပင့်ဖိတ်ကြသည်။ သင်္ကြန်ကာလတွင် ဝတ်ကြသော ဒုလ္လဘရဟန်းများနှင့် ကိုရင်ငယ်များကိုလည်း ဆွမ်းခံပင့်သည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းသားလိုအပ်ချက်အရ လိုက်ပါခဲ့ရခြင်းဖြစ်သည်။ အထူးသဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် လူငယ်များစုပေါင်းကာ ၁၀ မိုင်ခန့်ဝေးသော တောကျောင်းသို့ ရေလှူသွားဖြစ်ကြသည်။ ထိုစဉ်က ရေကုသိုလ်များကိုပြန်လည် စဉ်းစားမိလျှင် ပီတိအကြိမ်ကြိမ်ဖြစ်မိပါသည်။

**ဥပုသ်သီလဆောက်တည်**

သက်ကြီးရွယ်အိုများသည် သင်္ကြန်အကြိုနေ့ကတည်းက ဥပုသ်သီတင်းသီလဆောက်တည်နေပြီဖြစ်သည်။ အညာဒေသသည် အကြိုနေ့တွင် ရေပက်ဖျန်းလေ့မရှိပေ။ လူငယ်များသည် အကြိုနေ့ညနေပိုင်းတွင် ရွာဦးစေတီသို့သွားပြီး ရေသပ္ပာယ်လေ့ရှိကြသည်။ ညဘက်တွင် ရွာလယ်ဝတ်ကျောင်း၌ ဘုရားဝတ်တက်ကြသည်။ အကျ၊ အကြတ်၊ အတက်နေ့များတွင်လည်း ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။ အထူးသဖြင့် နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာတို့အတွက် အထွဋ်အမြတ်ထားသောနေ့ဖြစ်သည်။ ထိုနေ့ကို မင်္ဂလာရှိသောလုပ်ဆောင်မှုများဖြင့်သာ စတင်ခဲ့မည်ဆိုလျှင် တစ်နှစ်လုံး မင်္ဂလာရှိသောနေ့ရက်များကို ကျော်ဖြတ်ရသည်ဟု ခံယူထားပါသည်။ ခိုင်မာသောယုံကြည်မှုသည် အောင်မြင်မှုအတွက် လမ်းစပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာလူငယ်များသည် နှစ်စဉ် သင်္ကြန်ရောက်ရှိချိန်တွင် ပျော်ရွှင်စွာရေကစားကြရသဖြင့် ထိုကာလကို မျှော်လင့်တောင့်တကြသည်။သင်္ကြန်ပွဲတော်သည် ပိတောက်ပန်းပါရှိမှသာ ပြည့်စုံမည်ဟုဆိုနိုင်သည်။ ထို့အပြင် မြန်မာတို့သည် သင်္ကြန်မတိုင်မီ သင်္ကြန်မိုးကိုလည်း မျှော်ကိုးလေ့ရှိကြသည်။ သိကြားမင်းကြီးကလည်း မြန်မာတို့ကို ပစ်ပယ်ထားခြင်းမရှိသဖြင့် နှစ်စဉ်သင်္ကြန်မိုးရွာသွန်းဖြိုးလေ့ရှိသည်။ သင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသည့် ရည်ရွယ်ချက်ကိုမူ မည်သူမျှ ဂဃနဏမသိရှိပေ။ ပူပြင်းသောနွေရာသီအပူဒဏ်ကို အထိုက်အလျောက် အေးချမ်းစွာ ကျော်ဖြတ်နိုင်ရန်နှင့် မိုးရာသီအရသာကို ကြိုတင်ခံစားနိုင်ရန်အတွက် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

**အကုသိုလ်ဖယ်ရှား**

ရေသည် အေးမြခြင်း၊ ကြည်လင်ခြင်းနှင့် အညစ်အကြေးများကို ဆေးကြောသန့်စင်နိုင်ခြင်း စသည့် အမှတ်သင်္ကေတပင်ဖြစ်သည်။ ထို့အပြင် နှစ်ဟောင်းတွင်ကြုံတွေ့ခဲ့ရသည့် ကံမကောင်းမှုများနှင့် အကုသိုလ်များကိုပါ ဖယ်ရှားနိုင်သည့် သင်္ကေတလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသူများသည် နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်ကို သန့်ရှင်းလတ်ဆတ်သော စိတ်သစ် လူသစ်နှင့် ဖြတ်သန်းကျော်လွှားနိုင်သည်ဟု ယုံကြည်ထားကြသည်။ ငယ်စဉ်က ဧရာဝတီမြစ်ကမ်းတွင် သင်္ကြန်ကျခဲ့ရသည်။ တောသဘာဝအရ ကြည်လင်အေးမြသော ဧရာဝတီမြစ်ရေဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းရသည့်အရသာကို ယနေ့အထိ သတိရနေဆဲပင်ဖြစ်သည်။

အညာသင်္ကြန်သည် အေးချမ်းမှုရှိလှသည်။ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးပျူငှာစွာဖြင့် ရေပက်ဖျန်းကြသည်။ သောက်စားမူးယစ်ရမ်းကားသည့်အလေ့အထမရှိချေ။ တောသူလေးများ၏ ဝတ်စားဆင်ယင်မှုသည် လုံခြုံမှုရှိခဲ့သည်။ လူငယ်ကာလသားလေးများသည် သမီးပျိုများကို ရေပက်ဖျန်းလိုလျှင် မိဘများထံသို့ အိမ်တိုင်ရာရောက် ခွင့်ပြုချက်တောင်းကြသည်။ မိဘများကလည်း ခွင့်ပြုပေးကြသည်။ တောသူလေးများသည် ဟီရိဩတ္တပ္ပ တရား ကြီးမားကြသည်။ ခြေသလုံးသားကိုပင် လှစ်ဟမပြကြချေ။

**မြန်မာပီပီ**

သို့သော် မျက်မှောက်ခေတ် မြို့ပြသင်္ကြန်တွင် မြန်မာမိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုသည် ရဲတင်းလွန်းလှပေသည်။ အတိုအပြတ်၊ အဖော်အချွတ်၊ အဟိုက်များကို အပြိုင်အဆိုင်ဝတ်ဆင်လာကြသည်။ ပါးလှပ်သောဝတ်စုံမျိုးကိုသာ ရွေးချယ်ဝတ်ဆင်ထားသဖြင့် ရေစိုအလှသည် ပုရိသယောက်ျားများကို ဆွဲဆောင်လျက်ရှိသည်။ ယိုသူမရှက် မြင်သူရှက်ရသည်။ ထို့ထက်ဆိုးရွားစေသောအချက်မှာ အချို့သောမြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ဘီယာနှင့် အရက်ကို ခုံမင်စွာသောက်သုံးလာကြခြင်းဖြစ်သည်။ မြန်မာမိန်းကလေးများအနေဖြင့် မြန်မာပီပီ မြန်မာလိုပြုမူကျင့်ကြံနေထိုင်ခြင်းသည်သာလျှင် ကောင်းမွန်မည်ထင်ပါသည်။ မိဘများကလည်း သမီးပျိုများ လမ်းမှားမရောက်အောင် ကြိုတင်ထိန်းကျောင်း ကြပ်မတ်သင့်ပေသည်။

အထူးသဖြင့် သင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းသင့်ပေသည်။ အကျီစားသန်လျှင် ရန်ပွားတတ်ပါသည်။ ပုဂံဘုရင်နရသီဟပတေ့သည် သူချစ်သော မိဖုရားစောလုံကို ကျီစားကာ ဦးခေါင်းမှနေ၍ တစ်ကိုယ်လုံးကို ရေလောင်းစေခဲ့ပါသည်။ မိဖုရားစောလုံသည် အများအလယ်တွင် အရှက်ရသဖြင့် ဘုရင့်အပေါ် အငြိုးအတေးထားခဲ့သည်။ ဘုရင့်ပွဲတော်တွင် အဆိပ်ခတ်ခဲ့ရာ ဘုရင်ကရိပ်မိသွားသည်။ ဘုရင်သည် အမျက်တော်ရှသဖြင့် မိဖုရားစောလုံကို သေဒဏ်ပေးခဲ့သည်။ ဝမ်းနည်းဖွယ်ဖြစ်ရပ်ပင်ဖြစ်သည်။ လူငယ်များ သင်ခန်းစာယူရန်လိုအပ်ပါသည်။

**ဘေးအန္တရာယ်ကင်းဝေး**

ငယ်စဉ်က အညာကျေးလက်ဒေသတွင် သင်္ကြန်ပွဲတော်ကာလအတွင်း အလှူခံကာ စုပေါင်းစတုဒိသာကျွေးဖြစ်သည်။ သာကူကြို၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်းတို့ကို တစ်နေ့တစ်မျိုးကျွေးဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ကျေးရွာပတ်လည်၌ အန္တရာယ်ကင်းပရိတ်နာဖြစ်သည်။ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းနှင့် ပရိတ်ချည်တို့သည် မမြင်နိုင်သောဘေးအန္တရာယ်များကို ကင်းဝေးစေနိုင်သည်။ အထူးသဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အိုများအား ပူဇော်ခြင်းအပြင် ရေချိုး၊ ခေါင်းလျှော်၊ လက်သည်း၊ ခြေသည်းဖြတ်ခြင်းများလည်း ဆောင်ရွက်ပေးပါသည်။ ထို့အပြင် ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းများကိုလည်း ဆောင်ရွက်ကြပါသည်။ ထိုနေ့တစ်နေ့လုံးသည် ကောင်းမှုကုသိုလ်များနှင့် ပြည့်နှက်နေပါသည်။

သင်္ကြန်ကာလတွင် ရုံးပိတ်ရက် ရက်ရှည်ပိတ်ပေးထားပါသည်။ ထိုသို့အနားရသော ရုံးပိတ်ရက်များကို အကျိုးရှိစွာအသုံးချသွားရေးသည် ပြည်သူများ၏အပိုင်းပင်ဖြစ်သည်။ ထိုသင်္ကြန်ရုံးပိတ်များတွင် ဒုလ္လဘရဟန်းဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးထွက်ခြင်း၊ ဘိုးဘွား၊ မိဘများအား သွားရောက်ကန်တော့ခြင်း စသည့် အကျိုးပြုလုပ်ငန်းတစ်ခုခုဆောင်ရွက်ခြင်းဖြင့် ဖြတ်သန်းသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သောက်စားမူးယစ်ခြင်း၊ ရန်ဖြစ်ခြင်း၊ အပျော်အပါးလိုက်စားခြင်းဖြင့်သာ သင်္ကြန်ကာလကို ကုန်ဆုံးစေမည်ဆိုပါက မိမိကိုယ်ကို အကျိုးယုတ်စေမည့်အပြင် ပတ်ဝန်းကျင်အသိုက်အဝန်းကိုပါ ထိခိုက်စေနိုင်ပါသည်။

သို့ဖြစ်၍ အကောင်းနှင့် အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ဝေဖန်သုံးသပ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများအပိုင်းကလည်း ဆယ်ကျော်သက်လူငယ်များကို အပျော်လွန်ကျူးမှုမဖြစ်စေရန် ထိန်းကျောင်းပေးရန် တာဝန်ရှိပါသည်။ တချို့သောမိဘများသည် မိမိလည်းနေချင်ရာနေ၊ သားသမီးလည်းပျော်ချင်ရာပျော် ရှိတတ်သဖြင့် လူငယ်များ အချိန်မတိုင်မီ လမ်းမှားရောက်သည့်အဖြစ်ဆိုးနှင့် ကြုံတွေ့နေကြရပါသည်။

**နှစ်သစ်ကူးပွဲတော်**

ခြုံ၍ဆိုရလျှင် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်သည် မြန်မာလူမျိုးများအတွက် အရေးပါသောနှစ်သစ်ကူးပွဲတော်တစ်ခုဖြစ်သည်။ ထိုထူးခြားသောပွဲတော်ကာလရောက်လာပြီဆိုလျှင် ငယ်စဉ်ကဆင်နွှဲခဲ့ရသော အညာကျေးလက်သင်္ကြန်ကို သတိရတမ်းတမိပါသည်။ ကျေးလက်နေပြည်သူများသည် သင်္ကြန်ကို ရိုးရှင်းစွာဖြတ်သန်းကြသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများသည် သင်္ကြန်ကာလတွင် ကောင်းမှုကုသိုလ်ပြုလုပ်ကြသည်။ လူငယ်များကလည်း သက်ကြီးရွယ်အိုများကို ဖေးမကူညီကြသည်။ ချစ်စရာသင်္ကြန်ပင်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ကို အကျည်းတန်စေမည့် သောက်စား၊ မူးယစ်၊ ခိုက်ရန်ဖြစ်ပွားမှုများရှိနေမည်ဆိုလျှင် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် မြန်မာတို့၏ ကောင်းမွန်သောအစဉ်အလာများ ဆက်လက်ရှင်သန်နေစေရန်အတွက် မျိုးဆက်သစ်များအား ကောင်းမွေများကိုသာ လက်ဆင့်ကမ်းပေးနိုင်ကြပါစေ။

# ထုံးတမ်းစဉ်လာ ထူးမြတ်သင်္ကြန်ခါ

ခင်မောင်ဌေး(ပညာရေး)



တန်ခူးလသည် မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် ပထမဆုံးလဖြစ်သည်။ ဆယ်နှစ်လရာသီလုံးသူ့ရာသီနှင့်သူ၊ သူ့အလှသူ့သဘာဝနှင့်သူ ရှိသည်။ အချို့ရာသီများသည် ဘာသာရေးနှင့်ဆက်နွယ်ကာ အချို့က လူမှုရေးပျော်မှုရွှင်မှုတို့နှင့် ပတ်သက်နေလေသည်။

တန်ခူးလသည် မြန်မာတို့၏ နှစ်သစ်ကူးလဖြစ်သည်။ အဟောင်းတို့ချုပ်ငြိမ်း၍ အသစ်အသစ်တို့ဝေစီသောလ၊ အပြောင်းအလဲတို့ဖြင့် စိမ်းစိုတက်ကြွနေသော လောကအလှကို တွေ့မြင်ရချိန်ဖြစ်သည်။ သို့ဖြစ်လေရာ တန်ခူးလရာသီ၏ အနက်အဓိပ္ပာယ်မှာလည်း ကူးပြောင်းခြင်းသဘောပင်ဖြစ်လေသည်။

**တန်ခူးမည်ခေါ်**

တန်ခူးလနှင့်ပတ်သက်၍ ပုဂံခေတ်ကျောက်စာများတွင် တန်ခူးလ၊ တာကူးလေ၊ ထန်းခူးလဟူ၍ သုံးစွဲခဲ့ကြသည့် ဝေါဟာရဒီပနီကျမ်းတွင် တာကူးလနှင့်ပတ်သက်၍ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းခြင်းကို အတာကူးပြောင်းကာလ တာကူးလဟုခေါ်ဆိုကြောင်း ဖော်ပြထားလေသည်။ အာသိဗြဟ္မာမင်းကြီး၏ ဦးခေါင်းအား နတ်သမီးခုနစ်ပါး တစ်နှစ်လျှင် တစ်ပါးလက်မှ တစ်ပါးသို့ ပြောင်းလွှဲတာဝန်ယူခြင်းဖြစ်ကာ တာကူးလ(ဝါ)နှစ်ကူးပြောင်းသောလဟု ခေါ်ဆိုခဲ့ကြလေသည်။

**သင်္ကြန်ပွဲနှင့် အမိန့်တော်**

မြန်မာတို့သည် ရှေးအစဉ်အဆက်ကပင် သင်္ကြန်တော်မင်္ဂလာကို ဆင်ယင်ကျင်းပခဲ့ကြသည်။ ရှေးအခါက သာကီဝင်မင်းများသည် ကြာမျိုးငါးမည်စုံညီပွင့်ဆန်းလှသည့် ဥယျာဉ်ကြီးအတွင်းရှိ ရေအိုင်အနီးမင်းတဲများဆောက်လုပ်လျက် ရေဖျန်းမင်္ဂလာသဘင်ပွဲ ဆင်ယင်ကျင်းပ၍ ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြလေသည်။ ထိုနေရာမှာပင် မြို့ပြတည်ဆောက်ကြလျက် ဒေဝဒဟမင်းနေပြည်တော်ဟု သမုတ်ကြကြောင်း သာသနာတော်ဝင်ကျမ်းတွင် ဖော်ပြထားကြောင်း သိရှိရလေသည်။ ပုဂံပြည် နရသီဟပတေ့စည်သူမင်းလက်ထက်တွင် သင်္ကြန်ပွဲတော် ကျင်းပခဲ့လေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည့် ရှေ့ခေတ်သင်္ကြန်အမိန့်တော်တစ်ရပ် (မူရင်းသတ်ပုံအတိုင်း) ကိုတွေ့ရ၏။ သင်္ကြန်တော်ကြားသည်နှင့်တစ်ပြိုင်နက် ရွှေမြို့တော်ရှေ့မျက်နှာတော် ဦးထိပ်တံခါးတော်ကစ၍ တစ်ဆယ့်နှစ်ရပ်တံခါးတော်ကုန်၊ လက်ယာရစ်အစဉ်အတိုင်း အခါတော်ကြား အမြောက်သံသုံးချက်စီပေးရမည်။ ပြည်သူတို့မှာလည်း အခါသုံးရက်အတွင်း အစဉ်ထုံးစံရှိသည့်အတိုင်း ရေဖျန်းပက်ရန်ရှိသည်မှာ နံနက် ညနေအချိန်တွင် ရေကြည်ရေအေး အမွှေးအထုံ ရည်များနှင့် သာ ဖျန်းပက်စေရမည့်အကြောင်းကို မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများမှာ သင်္ကြန်မကျမီက မောင်းကြေးနင်းခတ်စေရမည် ဟူ၍ ဖော်ပြထားလေသည်။

**စာဆိုနှင့်ရာသီကဗျာများ**

တန်ခူးလသည်ပွင့်လင်းရာသီဖြစ်၍ တောအလှတောင်အလှ ပီပြင်လွန်းလှသည့်ရာသီပင်ဖြစ်သည်။ စာဆိုတော်အသီးသီးတို့၏ ရာသီဘွဲ့အလှများကို ရသမြောက်စွာ တွေ့ရ၏။ စာဆိုတော် ဦးကြော့က "လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘု၊ ပန်းပိတောက်မင်း" ဟု တန်ခူးလနိမိတ်ပုံကို တင်စား၍ ဖွဲ့စည်းခဲ့၏။ စာဆိုကျော် ဖိုးသူတော်ဦးမင်း (၁၁၈၁-၁၁၉၁) ကမူ -

"ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်ကယ်တဲ့နှံ့ကြိုင်။ သုတ်ဖြူးလေးတော်က၊ ပန်းကံ့ကော်ဝတ်မှုကျင်း၊ သင်းပျံ့လို့လှိုင်၊ ကြယ်နှစ်ပြိုင် သွယ်ဆိုင်ပဝင်း၊ စိတြငယ်နှင့် ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း" ဟု ကံ့ကော်ပန်းနှင့်ယှဉ်၍ ရေးဖွဲ့ခဲ့ပါသည်။

တောလားဘုရင် ရှင်ဥတ္တမကျော်က "သဘင်ဂိမာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဏှုဂူနတ်၊ ဖလ်ရဟတ်တည်း၊ သဟဿရောင်ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန် အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္ဓ၊ ဂုဏ်စွမ်းပြသော်၊ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒြိယဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍စေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား" ဟူ၍ ဖွဲ့ဆိုခဲ့သည်။

ဆယ့်နှစ်လရာသီလူးတားများနှင့် ကျော်ကြားလှသည့် စာဆိုအမေ်ဦးယာက မိဿရာသီတန်ခူးလနှင့်ပတ်သက်၍ "ဖူးစီသရစ်၊ ရွက်သစ်ဖျန်းစ လန်းလှလေ၊ တေဇာဓါတ်အိမ်၊ နွေဂိမ္ဘန္တ၊ တန်ခူးလဟု၊ ခနုရာသီ၊ နာရီသည့်နေ့၊ မျှ၍တူညီ၊ သုံးဆယ်စီတည့်၊ ဂိမှာန်တည့် တန်ခူးသာဆန်းထူး" ဟူ၍ ဖွဲ့ဆိုခဲ့လေသည်။

ခေတ်စမ်းစာဆိုဆရာဇော်ဂျီ၏ ပိတောက်ပန်းကဗျာတွင် "မခူးချင်စမ်းပါနဲ့၊ နှစ်ဆန်းခါတော်မီမို့၊ ဇမ္ဗော်ရည်ပြေပြေလိမ်းကပါ" ဟူ၍တစ်မျိုး၊ "ခေါင်းကြွကာ ဆာဝေဝေနဲ့၊ သူလည်းလေ လောကီသားပေမို့၊ ကြားချင်လှပေလိမ့်" ဟူ၍ တစ်ဖုံ၊ တစ်ခုသောသင်္ကြန်ခါကဗျာတွင် ဇိဝိတဒါန နွားလွှတ်ပွဲနှင့်ပတ်သက်၍ "နွားကြီးလည်းပါသဟော့၊ ကျောပေါ်မှာကောဇော၊ အမွှေးရောသနပ်ခါး၊ ချိုဖျားမှာပိတောက်ပန်းတွေက" ဟူ၍ လတန်ခူးနှင့်ပတ်သက်၍ ရာသီဘွဲ့ ပန်းဘွဲ့ရေးသားသည့် စာဆိုတော်များကိုဖော်ပြရလျှင် ကုန်နိုင်ဖွယ်ပင်မရှိပေ။

**ပန်းပိတောက်မင်း**

ပိတောက်ပန်းသည် သင်္ကြန်နှင့်အတူ ပေါက်ဖွားလာသည်။ တန်ခူးလ၏ အမှတ်လက္ခဏာပင်ဖြစ်သည်။

တစ်နှစ်တွင်တစ်လ၊ တစ်လတွင်မှ တစ်ရက်တည်းခက်ခက်ခဲခဲ ပွင့်ရှာရသည့် မြတ်ပန်းတော်ပန်းပင်ဖြစ်သည်။

သို့သော်လည်း ခမြာမှာ တစ်ဂုဏ်ဆန်းစေဖို့ တိမ်အဇ္ဈောထက်နန်းမှ စွေရွာကာပက်ဖြန်းမည့် သင်္ကြန်မိုးကို မျှော်ကိုးရရှာသူပင်ဖြစ်တော့သည်။

**သင်္ကြန်ကာလပြုကြဒါန**

တန်ခူးလသည် ပူပြင်းသောကာလပင်ဖြစ်သည်။ ခါရာသီပူလောင်လှသော်လည်း သင်္ကြန်ရေက အေးမြလှပါသည်။ တစ်ဦးနှင့်တစ်ဦး ရေစင်သွန်းလောင်းပက်ဖျန်းကာ အတာသဘင်ပွဲဆင်နွှဲကြလေသည်။ အမွှေးနံ့သာများထည့်ကာ သပြေခက်နှင့် ရေပက်ဖျန်းကြသည်မှာ အစဉ်အလာပင်ဖြစ်၏။ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ရင်းနှီးခြင်း၊ ချစ်ခင်ခြင်းသရုပ်ကို ပေါ်လွင်စေပါသည်။

သင်္ကြန်ကာလတွင် စတုဒိသာအဖြစ် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း စသည့်မြန်မာ့ရိုးရာအစားအစာများ ကျွေးမွေးကြသကဲ့သို့ ဇိဝိတဒါန ငါးလွှတ်ခြင်း၊ နွားလွှတ်ခြင်းအမှုကို ပြု၍ကုသိုလ်ယူကြသူများလည်း မရှားလှပေ။

အသက်အရွယ်ကြီးရင့်သူများကို ပူဇော်ကန်တော့ခြင်း၊ ခေါင်းလျှော်၊ ရေချိုးခြင်း၊ ခြေသည်းလက်သည်းလှီးခြင်း စသည်တို့မှာ မြန်မာတို့၏ ချစ်စရာကောင်းသော အစဉ်အလာများပင်ဖြစ်သည်။

**အတိတ်တဘောင်နိမိတ်ဆောင်**

တန်ခူးလသည် မြန်မာတို့၏ နှစ်သစ်ကူးလ ကူးပြောင်းခြင်းအချိန်သမယပင်ဖြစ်သည်။ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ဖြစ်ထွန်းလာရမည့်ကာလဖြစ်သည်။ နှစ်ဟောင်းမှအညစ်အကြေးများကိုဆေးကြောရမည့်အချိန်လည်းဖြစ်သည်။

ယနေ့ကာလသမယသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူနှင့်အတူ ချီတက်နေသည့်အချိန်ဖြစ်သည်။ နှစ်ကာလကြာယိုယွင်းပျက်စီးနေခဲ့သည့် အိမ်အိုကြီးကို ပြန်လည်တည့်မတ်လာစေရန်နှင့် တောင့်တင်းကြံ့ခိုင်သည့် အိမ်တစ်လုံးဖြစ်လာစေရန် ပြည်သူတစ်ရပ်လုံး၏ "အား" လိုပေသည်။

ပြည်သူတို့၏ ကာယအား ဉာဏအားသာမက စိတ်ဓာတ်ခွန်အားများ လိုနေပါသည်။ ယင်းသို့သော စိတ်ဓာတ်ခွန်အားဆိုသည်မှာလည်း နိုင်ငံရေးအသိအမြင်ကြွယ်ဝသော တိုင်းချစ်ပြည်ချစ်စိတ်ရှိသော အပြောင်းအလဲကိုလိုလားသော စိတ်ဓာတ်ခွန်အားပိုင်ရှင်များပင် ဖြစ်လေသည်။ ခေတ်သစ် စနစ်သစ်ဖြင့် နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် နှစ်ကာလကြာရှည်စွာ စွဲမြဲခဲ့သည်။ အကျင့်အဟောင်း၊ စရိုက်ဟောင်းများကို ဆေးကြောသန့်စင်နိုင်ဖို့လိုပါသည်။

**နှစ်ကူးဆုတောင်း**

သင်္ကြန်ရေသည် အေးမြလှပါသည်။ အညစ်အကြေးမှန်သမျှ သင်္ကြန်ရေနှင့် ဆေးကြောသန့်စင်နိုင်ပါသည်။

နှစ်သစ်ကူးပြောင်းသည့် မိမိတို့၏ အတွေးအမြင်သစ်များ၊ ခွန်အားသစ်များဖြည့်လောင်း၍ နှစ်ဟောင်းကိုစွန့်ခွာ နှစ်သစ်ကိုကြိုဆိုကြမည်ဖြစ်လေသည်။ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းစီက မိမိတို့၏ နိုင်ငံတော်သစ်အတွက် ထပ်တူထပ်မျှပင် စိတ်ဓာတ်တော်လှန်ရေးကြီးတစ်ရပ် ဆင်နွှဲကာ ရွှေပြည်တော်သစ်ဆီသို့ မမိုတ်မသုန်လျှောက်လှမ်းချီတက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ငြိမ်းချမ်းသာယာခြင်းကို သင်တို့၌ ငါထားခဲ့၏

ခင်မောင်အေး(မန္တလေး)

**အနှစ်(၆၀)ကျော်မျှ ဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးလျက်ရှိနေကြပါသည်။ ယင်းဆွေးနွေးပွဲများမှ ညှိနှိုင်းရရှိသည့် ရလဒ်ကောင်းများသည် ပြည်သူအများ မျှော်လင့်တောင့်တနေကြသော "ငြိမ်းချမ်းသာယာ ပြည်မြန်မာ"အတွက် ဖြစ်ပါစေသတည်း။**

တို့တိုင်းတို့ပြည် တို့ပြည်တို့နန်း တို့ကြငှန်းနှင့် ကိုယ့်သခင် ကိုယ့်အရှင်နှင့်နေထိုင်ကျက်စားမွေးဖွားခဲ့ရသော မြန်မာတို့ အခြေချနေထိုင်ရာ ပြည်မြန်မာ။ အမိမြေကို တို့ချစ်ပါသည်။ အမိနိုင်ငံကို တို့မြတ်နိုးသည်။ အမိမြေ အမိနိုင်ငံကို တို့က အသက်ပေး၍ ကာကွယ်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကို ကာကွယ်ရေးတာဝန်သည် တို့တပ်မတော်၏ တာဝန်ဖြစ်သည်။ တို့တပ်မတော်က ယင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လက်ချင်းတွဲလျက် ပါဝင်ကြရမည်ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ကြီး ငါးဦးခန့်သာ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ယင်းအမျိုးသားခေါင်းဆောင်ကြီးများကား အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ဖြစ်ကြပါသည်။ ယင်းခေါင်းဆောင်ကြီးများသည် မိမိတို့၏ အသက်ခန္ဓာကိုပင် အလေးမထား နိုင်ငံတော်ကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ကိုယ်ကျိုးမဖက် မိမိအတွက် မငဲ့ကွက်ဘဲ စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့ကြပါသည်။

**ထိုက်ထိုက်တန်တန်**

နိုင်ငံတော်ကြီးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းခဲ့သည့် တတိယမြောက် ခေါင်းဆောင် အလောင်းဘုရားလက်ထက်မှစတင်ခဲ့သည့် ၁၁ ပါးမင်းဆက်ကို ကုန်းဘောင်ဟု ခေါ်တွင်ခဲ့ကြပါသည်။ ထိုမင်းများအထဲတွင် ဘုန်းတန်ခိုးကြီးမား လက်ရုံးရည်နှလုံးရည်ပြည့်ဝသည့် ဉာဏ်အမြော်အမြင်ကြီးမားပြီး စွမ်းရည်သတ္တိရှိကြသူများလည်းပါဝင်ပါသည်။ ထိုမင်းဆက်များသည်ကား အလောင်းဘုရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဖောင်းကားစားမောင်မောင်၊ ဘိုးတော်ဘုရား၊ ဘကြီးတော်၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သားတော်သီပေါမင်းတို့ ဖြစ်ကြပါသည်။ ယင်းမင်းဆက်ကို ကုန်းဘောင်မင်းဆက်ဟု ခေါ်တွင်ကာ သမိုင်းတွင် အထင်ကရ ရှိနေခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားလူမျိုးများအား အရည်အချင်းအလိုက် ယင်းတို့တွင်ရှိသော အရည်အချင်းနှင့် လိုက်လျောညီထွေ ချီးမြှင့်မြှောက်စား နေရာပေးခဲ့သည်ချည်းဖြစ်ပေသည်။ ထိုက်ထိုက်တန်တန် ဖြစ်စေရသည်။

**ရန်စွယ်အန္တရာယ်မှန်သမျှ တွန်းလှန်**

တပ်မတော် ကြည်း၊ ရေ၊ လေတွင်လည်းကောင်း၊ အရပ်ဘက်တွင်လည်းကောင်း၊ အရေးပါသော နေရာများတွင် ကျောသား ရင်ဝသား မခွဲခြားဘဲ စိတ်ချယုံကြည်စွာ တာဝန်ဝတ္တရားများ အပ်နှင်းပေးအပ်ခဲ့ပါသည်။ မြန်မာပြည်၏ သမိုင်းဖြစ်ရပ်များကို ပြန်လည်သုံးသပ်ခဲ့ပါလျှင် နိုင်ငံတော်၏ အရေးကိစ္စကြုံလာသမျှ အခါတိုင်း တိုင်းရင်းသားသွေးချင်း ညီအစ်ကိုတွေ အားလုံး တညီတညွတ်တည်းပါဝင်ပြီး လက်တွဲညီညီ သစ္စာရှိရှိ တာဝန်သိသိဖြင့် ပြည်ထောင်စု၏ ရန်စွယ်အန္တရာယ်မှန်သမျှ တွန်းလှန်ကာကွယ်ခုခံတိုက်ခိုက်ခဲ့ကြသည်ကို မြင်တွေ့ကြရပေလိမ့်မည်။

ထိုကုန်းဘောင်မင်းဆက်မှ ၁၀ ဆက်မြောက် မင်းဖြစ်သော မင်းတုန်းမင်းတရားကြီး လက်ထက်သို့ ရောက်သောအခါ "အုတ်ကျစ်ကျော်အေး မန္တလေး၊ အင်ကြင်းကြာအုံ ရတနာပုံ" ဟူသော သက္ကရာဇ်မှတ်တမ်းမှတ်ရာအရ ၁၂၂၀ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၉ ခုနှစ်)တွင် ရတနာပုံနေပြည်တော် မန္တလေးမြို့ကို စတင်တည်ထောင်ခဲ့ပေသည်။

ထိုမန္တလေး၊ အနီးမန္တလေးသည်ကား ကျွန်တော်တို့၏ ရတနာပုံရွှေမြို့တော် မန္တလေးဖြစ်ပါချေသည်။ မြန်မာတို့၏ သခင် အရှင်ဘုရင်တစ်ပါး နောက်ဆုံးစိုးစံတည်ထားခဲ့သည့် မြန်မာတို့၏ မြို့၊ မြန်မာတို့၏ ယဉ်ကျေးမှု၊ ဗုဒ္ဓသာသနာရောင်ဝါနေသို့ အလားထွန်းလင်းတောက်ပခဲ့ရာ နေရာဌာနဖြစ်ခဲ့ပါလေသည်။ မင်းတုန်းမင်းကြီးသည် သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံကို မန္တလေး နေပြည်တော် ရွှေနန်းတော်ကြီးအတွင်း ဆရာတော်၊ သံဃာတော်များအား ပင့်ဆောင်လျက် ပဥ္စမသင်္ဂါယနာတင်ခဲ့ပါသည်။ ယင်းအပြင် ပဥ္စမသင်္ဂါယနာတင် ရေမြွှေသနင်း ပြည့်ရှင်မင်းကြီးက ကျောက်ထက်အက္ခရာတင်ထားခဲ့သည့် ပိဋကတ် သုံးပုံကို နှောင်းလူအများ သိစိမ့်သောငှာ လေ့လာနိုင်စေဖို့ ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်း ထားရှိရစ်လေသည်။

**ရေကိုသား၍ အကြားမထင်**

မြစ်မင်းဧရာနှင့် သလ္လာဝတီမြစ်တို့သည် စုံညီစွာပင် ဆက်စပ်နေလေသည်။ ရေကိုသား၍ အကြားမထင် သကဲ့သို့ ငါးမည်ရပြည်ရွှေဘိုရှိ မဟာနန္ဒာရေကန်တော်ကြီးဆီသို့ မြစ်ဧရာ၏ ရေအလျှင်များ စီးဝင်နေသည်ဖြစ်ရာ ရေမခြား၊ မြေမခြား မုံရွာမြို့ဆီမှ တသွင်သွင်၊ တငြိမ့်ငြိမ့် လယ်တီဆီသို့ ဦးတည်လျက်လည်းရှိနေပေသည်။ ဘဝရှင်မင်းတုန်းမင်းကြီး လက်ထက်တော်က သာသနာတော်အတွက် များစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရွှေ မြို့တော်၏ ကျုံးတော်၊ မဟာသကျမာရဇိန်ကုသိုလ်တော်၊ မဟာပဋ္ဌာန်းဟောကြားရာ သိမ်တော်ကြီး၊ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၊ ကုသိုလ်တော်ဘုရားပရိဝုဏ်း ကျောက်ချပ်ကြီးများပေါ်တွင် ထုထွင်းထားသည့် ပိဋကတ်သုံးပုံကို ကျောက်စာတော် (၇၂၉)ချပ်တည်ဆောက်လျက် ကုသိုလ်ပြုကာ ပူဇော်ခဲ့သည်။

**ဘွဲ့တံဆိပ်တော်များ ဆက်ကပ်**

လက်ထက်တော်အခါက ဆရာတော်ဘုရားကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။ မုံရွာမြို့ လယ်တီဆရာတော်အားလည်း ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခဲ့သည်။ လယ်တီဆရာတော်သည် ပရမတ္ထဒီပနီကျမ်းမှအစ ကျမ်းပေါင်း (၆၀)ကျော် ပြုစုရေးသားစီရင်ခဲ့သည်။ အင်္ဂလိပ်လက်ထက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ရန်ကုန်တက္ကသိုလ်မှ (ဒီလစ်)ကျမ်းတတ် ပါရဂူဘွဲ့ဆက်ကပ်လှူဒါန်းခြင်းခံရသည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းများကို မုံရွာမြို့ လယ်တီကျောင်းတိုက်အတွင်း ကျောက်ထက်အက္ခရာတင်ကာ ထွင်းထုထားရှိသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ကျော်ကြားထင်ရှားသော ကျမ်းတတ်စာဆိုတစ်ဦးဖြစ်သည့်အားလျော်စွာ ဆရာတော်ကြီး ပြုစုရေးသားထားခဲ့သည့် မေတ္တာစာတစ်ပုဒ်ကို ထုတ်နှုတ်ဖော်ပြရလျှင်။

"မနောက ကလိမ်ခြုံ၊ အပြောက ဝတ်ဘုံ၊
ယုံလောက်အောင်ဖွဲ့နွဲ့၊
ကုန်မှောက်အောင် ဉာဏ်ချဲ့၍၊
အရွဲ့နှင့် အကဲဆစ်၊ အထဲအညစ်ပေါ်ပြောင်၊
မတွေ့မှ အနိုင်ရှောင်၊
သူတော်ယောင် တစ်ဖက်လှ၊
ပါးစပ်ပြောက ပျားသကာ၊
စိတ်သဘောထားက ခါးတမာ၊
ပြုသာလျှင် အလဲမှောက်၊ သံသရာဈေး၊
ကြောင်းပေါက် အပါယ်ဘေး၊
ရွေးမျှမကြောက်၊ ခုမျက်မှောက် ဒိဋ္ဌိကိုသာ
နိဗ္ဗာန်လောက် စိတ်ချ၍၊
အနိစ္စ သဘောမျိုးမှာ
ပြောရိုးမို့ ပြောကြသည်။"ဟူဘိ၏။

အနက်အဓိပ္ပာယ် လေးနက်သည်။ ပြေပြစ်ရှင်းလင်းလှပါသည်။

**နေလို့ထိုင်လို့ အလွန်ပင်ကောင်းမွန်**

မန္တလေးမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ ကျွန်တော်သည် စစ်ဦးစီးမှူး(တတိယ)တန်းတာဝန်ဝတ္တရား ထမ်းဆောင်ရန် ပြောင်းရွှေ့ရသည့်အခါ အလွန်ဝမ်းမြောက် ဝမ်းသာပီတိ ဖြစ်မိရ၏။ မန္တလေးမြို့သည် ၁၉ ရာစုကုန်လွန်စ အချိန်အခါသမယမှာ မြန်မာတို့၏ မင်းနေပြည် ဖြစ်ခဲ့ဖူးသည်ကတစ်ကြောင်း၊ မြန်မာထုံးတမ်းအစဉ်အလာကောင်းများ ပေါများကြွယ်ဝလှ၍လည်းကောင်း ဖြစ်ပါချေသည်။ ထိုစဉ်အချိန်က မန္တလေးမြို့သည် တပ်မတော်(ကြည်း) အနောက်မြောက်တိုင်းစစ်ဌာနချုပ် ရုံးစိုက်အခြေပြုသည့် မြို့ဖြစ်ပြီး လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များ၊ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၊ ထောက်ပံ့ရေးတပ်ရင်းများနှင့်လည်း နီးကပ်နေကာ လေယာဉ်ခရီး၊ မီးရထားနှင့် မော်တော်ယာဉ်ခရီးများအပြင် ရေကြောင်းမှလည်း သွားရေးလာရေးလွယ်ကူလှသည် ဖြစ်ရကာ နေလို့ထိုင်လို့ အလွန်ပင်ကောင်းမွန်လှပါသည်။

တာဝန်ထမ်းဆောင်ရသည်ကိုလည်း လွန်စွာပင် ကျေနပ်အားရမိပါသည်။ ကျွန်တော်သည် အိမ်ထောင်သည်တစ်ဦးဖြစ်သည့်အားလျော်စွာ နေထိုင်ရန် တိုက်ခန်းတစ်ခု ရရှိခဲ့၏။ မဟာလောကမာရဇိန်ဘုရားကြီးနှင့် လမ်းကလေးတစ်ခုသာခြားသည့်နေရာတွင် ဖြစ်ပါသည်။ အရာရှိအိမ်ထောင်သည်များအတွက် သတ်မှတ်ပေးထားသည့် ယူဂိုစလပ်လုံးချင်း တစ်ထပ်တိုက်ကလေးဖြစ်၏။ ဘဝရှင်မင်းတရားကြီး၏ ကုသိုလ်တော်များ အနက် အမွန်မြတ်ဆုံးဟု ယူဆယုံကြည်ကြသည့် ကုသိုလ်တော်တစ်ဆူလည်းဖြစ်သဖြင့် ကျွန်တော်သည် အထူးအလေးအနက်ထားကာ ကြည်ညိုရိုသေလှသည်ဖြစ်၍ ရုံးပိတ်ရက်များမှာ လည်းကောင်း၊ ရုံဖန်ရံခါ ညနေပိုင်းအချိန်များတွင်လည်းကောင်း၊ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီး ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်များဖြင့် လှူဒါန်းပူဇော်လေ့ရှိသည်။ ကျောက်စာတိုင်များအကြားတွင် ကျွန်တော်၏ကလေးများ ပြေးလွှားခုန်ပေါက်ကစား နေကြသည်ကိုလည်း မကြာခဏလှမ်း၍ တားရပါသေးသည်။ ကျောက်စာချပ်များကို မထိမခိုက်အောင် ကစားကြဖို့ သတိပေးထားရ၏။

မင်းတုန်းမင်းကြီး၏ သားတော်သီပေါမင်း နန်းတက်ပြီးသည့်နောက်မှ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူသွားကာ ဘုရင်နှင့် မိဖုရားမောင်းမမိသံများအား ကြက်ကလေးငှက်ကလေးဖမ်းသလို ဖမ်းယူခေါ်ဆောင်သွားသည်။ မြန်မာတို့လည်း ကျွန်းသဘောက်အဖြစ် ရောက်ရှိသွားတော့လေသည်။ မန္တလေးနန်းမြို့အတွင်း နေထိုင်ကြသူအားလုံး မြို့အပြင်သို့ ထွက်ခိုင်းသည်။ တစ်အိမ်ထောင်လျှင် ငွေ ၁၅ ကျပ် ပြောင်းရွှေ့စရိတ်ပေးသည်။ မြန်မာတစ်ဦးမျှမရှိတော့သည့်အခါ အင်္ဂလိပ်တပ်များ အလုံးအရင်းနှင့် ဝင်ရောက်တပ်စွဲနေထိုင်ခဲ့ကြသည်။ သို့ဖြစ်၍ မင်းကြီး၏ ကုသိုလ်တော်များဖြစ်ကြသော မဟာသကျမာရဇိန်၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ အတုမရှိကျောင်းတော်ကြီး၊ သုဓမ္မာဇရပ်တန်းအစရှိသည့် နေရာများအားလုံး နယ်ချဲ့တပ်များ ဒင်းကြမ်းပြည့်မျှ လာရောက်တပ်စွဲနေထိုင်ကြလေသည်။

ဘဝရှင်မင်းတရားကြီး ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းကြီး၏ သတ္တဌာနအပါအဝင်နှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်တို့အပြင် မြန်မာ့ရိုးရာ ဗိသုကာပညာရှင် ဘိုးဘေးများပေါင်းစည်းလျက် နှစ်လရှည်ကြာစွာ တည်ဆောက်ခဲ့ကြရသော ပိဋကတ်တော်များ သိမ်းဆည်းသိုမှီးထားသည့် (၃၂) ရတီစိန်ကြီးတစ်ပွင့် တပ်ဆင်ကာ ပူဇော်ထားသော မံဆင်းတုတော်ကြီး သီတင်းသုံးရာ မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီးသည်လည်း နယ်ချဲ့တို့၏ တပ်စခန်းဖြစ်ခဲ့ရ၏။ နယ်ချဲ့တို့ကမြတ်ဗုဒ္ဓဘာသာဝင်များကို သင်းတို့၏ စခန်းအတွင်း လုံးဝဝင်ခွင့်မပေးခဲ့ပေ။ တပ်စွဲထားကြသည်မှာ နှစ်ရှည်လများ။ မင်းတရားကြီး၏ ကုသိုလ်တော်များ ပျက်စီးခြင်းမက ပျက်စီးကုန်လေသည်။ နယ်ချဲ့တို့က ဒင်းတို့၏ စခန်းအတွင်း ထင်တိုင်းကျဲလိုက်ကြသည်မှာ မဟာအတုလ ဝေယံကျောင်းတော်ကြီးတွင် သီတင်းသုံးစံပယ်တော်မူနေသည့် မံဘုရားကြီး၏ နဖူးတွင်တပ်ဆင်ပူဇော်ထားသော စိန်ပွင့်ကြီးပျောက်ဆုံးသွားခဲ့ရ၏။ ကျောင်းတော်ကြီးလည်း မီးလောင်ပျက်စီးသွားခဲ့ရလေသည်။

**ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ**

ကုသိုလ်တော်ဘုရားအတွင်း ကျွန်တော်ရောက်ရှိပူဇော်နေစဉ်တွင် ဘဝရှင်မင်းတရားကြီး လှူဒါန်းခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ရတနာ၊ ရွှေ၊ ငွေ၊ စိန်ကျောက်ပတ္တမြားများကို နယ်ချဲ့သမားတို့က ခိုးယူသွားခဲ့ကြပြီးဖြစ်ပါသည်။ သီပေါဘုရင်လှူဒါန်းခဲ့သည့် စန္ဒီထီးတော်၊ ငြပွှာဥက္ကင်၊ ငြပွှာတန်ဆာတို့အပြင် မင်းမြောက်တန်ဆာငါးပါးတို့ပါ ပျောက်ဆုံးသွားခဲ့ရသည်ကိုလည်း တွေးမိပါ၏။ ဂူ၏အထွတ်တွင်တင်လှူ ပူဇော်ထားသော သံထီးများမှ ကြေးဆည်းလည်းများပင်လျှင် တစ်လုံးမျှမကျန်တော့ပါ။ ဘုရားကြီးပရိဝုဏ်အတွင်းမှ ဇရပ်တွေကိုပင် ဖြိုဖျက်လျက် အုတ်တွေကိုလည်း ခွာယူကာ စန္ဒာမုနိဘုရားတောင်ဘက်ရှိ လားတပ်နှိုက် လမ်းခင်းပစ်လိုက်ကြသည်။ ယခုထက်တိုင်အောင် တွေ့မြင်နိုင်ပါသေးသည်။ နယ်ချဲ့တို့၏ကမ်းကုန်အောင် ယုတ်မာရက်စက်မှုများကား ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေနိုင်အောင်ပါ။ နတ်စောင်းတန်းကို စောင့်ကြပ်ရသော ဘီလူးခေါင်းကိုပင်မချန် ဖြုတ်ပစ်ခဲ့ကြသည်။ ခြင်္သေ့ရုပ်မှ ကျောက်လက်သည်းကိုလည်း မချန်ရစ်ခဲ့ပါ။ နယ်ချဲ့ဟုဆိုလျှင် ဒင်းတို့၏အသံကိုသော်မျှပင် မကြားချင်တော့လောက်အောင် အူထဲအသည်းထဲမှ စက်ဆုပ်ရွံရှာ မုန်းတီးသွားခဲ့ပါပြီ။ သီပေါဘုရင်ပါတော်မူပြီးနောက် ခြောက်နှစ်အကြာမှာ ကုသိုလ်တော်ကို ပြန်လည်မွမ်းမံပြင်ဆင်ကြသည်ဟု သိရှိရပါသည်။ အနာရွက်ကတော့ သေသည်အထိတိုင် ပျောက်မည်မဟုတ်ပါ။

**လက်ချင်းတွဲကာ မခွဲမခွာနေထိုင်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများ ဟိုးပဝေသဏီ ဘိုးဘွားဘီဘင်များ လက်ထက်အခါကပင် လက်ချင်းတွဲကာ မခွဲမခွာနေထိုင်ခဲ့ကြသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်၊ တစ်ကျော့ပြန် နယ်ချဲ့ခေတ်များကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားခဲ့ကြသည်။ လူမျိုး ဘာသာ မည်သို့ပင် ကွဲပြားခြားနားစေကာမူ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချမ်းသာခြင်းတို့သည် မိမိတို့၏ တူညီသော ပန်းတိုင်ဖြစ်ပါသည်။ ဤပန်းတိုင်သို့ မလွဲမသွေရောက်ရလေအောင် မည်သို့သော အခက်အခဲ၊ မည်သို့သော အတားအဆီးများကိုမဆို ကျော်နင်းတိုက်ခိုက် ဖြတ်သန်းသွားမည် မုချဖြစ်ပါချေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုရရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် လူမှုဘဝများ တိုးတက်စေရန် ထာဝစဉ်ကြိုးပမ်းလျက်ရှိကြပါသည်။ ယခု ပစ္စက္ခအခြေအနေမှာ နိုင်ငံအေးချမ်းမှုရရှိပြီး တိုင်းရင်းသား ညီအစ်ကိုများ အချင်းချင်း လက်ချင်းတွဲလျက် အနှစ်(၆၀)ကျော်မျှ ဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးလျက် ရှိနေကြပါသည်။ ယင်းဆွေးနွေးပွဲများမှ ညှိနှိုင်းရရှိသည့် ရလဒ်ကောင်းများသည် ပြည်သူအများ မျှော်လင့်တောင့်တနေကြသော "ငြိမ်းချမ်းသာယာ ပြည်မြန်မာ" အတွက် ဖြစ်ပါစေသတည်း။

**စာကိုး –**

**ကုန်းဘောင်ရာပုံတော်၊ ဦးညိုမြ။**

**ကမ္ဘာ့အကြီးဆုံးစာအုပ်။ လူထုဒေါ်အမာ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi-Channel Playout System တွင် (Digital Free-to-Air) လုပ်ကိုင်ခွင့် ရရှိသည့် ကုမ္ပဏီ (၅)ခုဖြစ်ကြသော (၁) Mizzima Media Co., Ltd. (၂) Young Investment Group Co.,Ltd. (၃) Kaung Myanmar Aung Co.,Ltd. (၄) Fortune International Ltd. (၅) DVB Multi Media Group Co.,Ltd.တို့အား မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံလွှင့်သူများအသင်း Myanmar Broadcasters Association မှ သော်လည်းကောင်း၊ အသင်းတွင်ပါဝင်သော အဖွဲ့အစည်းအသီးသီးမှသော်လည်းကောင်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်းနှင့် လုပ်ငန်းများအား တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း
Myanmar Broadcasters Association (MBA)

# မဒဲကျွန်းမှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသမှ ရေနံစိမ်းများအား တရုတ်နိုင်ငံသို့ တင်ပို့မည်

**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရေနံစိမ်းပို့ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် (Crude Oil Transportation Agreement) အား လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစီမံကိန်း၏ လုပ်ငန်းစတင်မှုအနေဖြင့် ရေနံစိမ်းမက်ထရစ်တန် ၁၃၀၀၀၀ တင်ဆောင်လာသော ရေနံတင်သင်္ဘော MT. United Dynamic သည် မဒဲကျွန်း ရေနံတင်/ချဆိပ်ကမ်းသို့ ဧပြီ ၁၀ ရက်တွင် ရောက်ရှိလာပြီး ရေနံစိမ်းသိုလှောင်ကန်များအတွင်းသို့ ရေနံစိမ်းများတင်/ချခဲ့ရာ ယနေ့နံနက် ၈ နာရီခန့်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ ရေနံစိမ်းများအား ပိုက်လိုင်းတစ်လျှောက်ရှိ ဖိအားမြှင့်စခန်းများမှတစ်ဆင့် အဆင့်လိုက် စမ်းသပ်ပို့လွှတ်သွားမည်ဖြစ်သည်။

စီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းမှ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် နှစ်နိုင်ငံနယ်စပ်အထိ အရှည် ၇၇၁ ကီလိုမီတာ၊ အချင်း ၃၂ လက်မရှိသည့် အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းအား တည်ဆောက်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသမှရေနံစိမ်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။ စီမံကိန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အစုဝင်အဖြစ်ထည့်ဝင်ထားသော အရှေ့တောင်အာရှရေနံစိမ်းပိုက်လိုင်းကုမ္ပဏီလီမိတက် (South East Asia Crude Oil Pipeline Company Limited -SEAOP) နှင့် China National HK Corporation Limited အကြား လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑




ရေနံတင်သင်္ဘော MT. United Dynamic အားတွေ့ရစဉ်။

# အထူးလျှော့ရက်ဖြင့် ပြန်လွှတ်ပေးသည့် အကျဉ်းသား အကျဉ်းသူများတွင် အင်းစိန်အကျဉ်းထောင်မှ ၄၅၃ ဦး ပါဝင်



ဧပြီ ၁၂ ရက်က အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူများကိုတွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၁၂**

မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလ မတိုင်မီ အကျဉ်းထောင်စခန်းအသီးသီးမှ စည်းကမ်းလိုက်နာသူ၊ ကောင်းမွန်စွာ နေထိုင်သူ အကျဉ်းသား အကျဉ်းသူ ၁၈၈၃ ဦးတို့ကို နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် ဘဝသစ်စတင်နိုင်ရန် ရည်ရွယ်၍ အထူးလျှော့ရက်ဖြင့် ယနေ့နံနက်ပိုင်းက ပြန်လွှတ်ပေးလျက်ရှိရာ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၅၃ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

"ယာဉ်တိုက်မှုနဲ့ ပြစ်ဒဏ်တစ်နှစ်ခွဲကျတာ ထောင်ထဲမှာ ၁၆ လ နေခဲ့ရတယ်။ လျှော့ရက်နဲ့ဆိုရက်ပြည့်နေပါပြီ။ သတ်မှတ်ကာလထက် နည်းနည်းစောပြီး ပြန်လွှတ်တော့ မိသားစုနဲ့ မြန်မြန်တွေ့ရတာပေါ့။ ပြန်လွတ်လာတာကို အိမ်ကမသိသေးပါဘူး။ အခုလည်း နယ်ကိုဘယ်လိုပြန်ရမယ်ဆိုတာ မသိသေးပါဘူး"ဟု ယနေ့ပြန်လည်လွှတ်ပေးရာတွင်ပါဝင်သူ သာယာဝတီမြို့နယ်မှ ကိုမြင့်ဦးက ပြောသည်။

အလားတူ အင်းစိန်အကျဉ်းထောင်မှ ယနေ့ပြန်လည်လွတ်မြောက်လာသူများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အသရေပျက်စေသည့် စာသားများကို လူမှုကွန်ရက်စာမျက်နှာ (ဖေ့ဘွတ်ခ်) တွင်ရေးသားခဲ့သည်ဟုဆိုကာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ-၆၆(ဃ) ဖြင့် ပြစ်ဒဏ်ခြောက်လကျခဲ့သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုသုတေသနလမ်းညွှန်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးရန်နောင်သိန်းလည်းပါဝင်ခဲ့ရာ ၎င်းက "ကျွန်တော့်ကို အမိန့်ချထားတာက ခြောက်လချထားတာပါ၊ ပြစ်ဒဏ်အနေနဲ့ကတော့ ငါးလနဲ့ ခုနစ်ရက်ရှိခဲ့ပါပြီ။ ညွှန်ချုပ်နဲ့ ထောင်ပိုင်ကြီးတို့ရဲ့ခံစားခွင့်နဲ့ ရက်ပိုင်းအလိုမှာ အခုလို ပြန်လည်လွတ်မြောက်လာတာပါ။ အထဲမှာ ခိုး၊ ဆိုး၊ နှိုက်လို့ခေါ်တဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်ခံနေရသူတွေအများစုရှိနေတယ်။ ကျန်တဲ့တစ်ဝက်ထဲက သုံးချိုးနှစ်ချိုးက မူးယစ်ဆေးဝါးမှုတွေ တွေ့ရပါတယ်"ဟု ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✦

